# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မည်သည့်ဘေးမျှမရှိတော့**

ကောင်းမှု မကောင်းမှုကို ပယ်ပြီးသော၊ ရာဂ ဒေါသ စသည်တို့ကို ပယ်ပြီးသော နိုးကြားသောပုဂ္ဂိုလ်(ရဟန္တာ)၏ စိတ်သည် ပညာနှင့် ပြည့်စုံသဖြင့် မည်သည့်ဘေးမျှ မရှိတော့ဘဲ ချမ်းသာ၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၉)


၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ 13, Wednesday July 2016 (၈၆၂၀)


# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ကြေညာချက် ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၁၂

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဇူလိုင် ၁၂ ရက်စွဲဖြင့် ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။ ယင်းကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

မဟာနာယကကျောင်းတော်ကြီး ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့

စာအမှတ်၊ ၁၀၀/ မဟန-၄၇ /၃ / သာ ၊ ဓ ဟ ၊

ရက် စွဲ ၊ ၁၃၇၈ – ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်

( ၂၀၁၆ – ခုနှစ် ၊ ဇူလိုင်လ ၁၂ ရက် )

ကြေညာချက်

၁။ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ (မဘသ)၏ (၇-၇-၂၀၁၆)ရက်နေ့တွင် စာအမှတ်၊ ၀၀၀၉/စီမံ-မဘသ/၂၀၁၆ ဖြင့် ထုတ်ပြန်သည့် သဘောထားထုတ်ပြန်ချက်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် လုံးဝ (လုံးဝ)ကန့်ကွက်ပါသည်။

၂။ ထိုသို့ ထုတ်ပြန်ရခြင်းမှာလည်း မဘသအဖွဲ့၏ အဆိုပါ သဘောထားထုတ်ပြန်ချက်တွင် ပါရှိသော အချို့အချက်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူများအနေဖြင့် ယုံမှားသံသယဖြစ်စေနိုင်ပြီး မလိုလားအပ်သည့် ဖြစ်စဉ်များ ဆင့်ပွားဖြစ်ပေါ် မလာစေရန် ဖြစ်ပါသည်။

၃။ မဘသအဖွဲ့၏ သဘောထားထုတ်ပြန်ချက် အပိုဒ် (၂) (က)တွင် ဖော်ပြထားသည့်အတိုင်း အဆိုပါ မဘသအဖွဲ့သည် ဂိုဏ်းပေါင်းစုံ သံဃာ့ညီလာခံကြီးမှ ပေါက်ဖွားလာခြင်း လုံးဝ (လုံးဝ) မဟုတ်ပါ။ ၁၉၈၀-ပြည့်နှစ် ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးအတွက် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးမှစ၍ ၂၀၁၃-ခုနှစ်တွင် ကျင်းပသည့် ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးအထိ ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီး (၅)ကြိမ် ကျင်းပပြီးဖြစ်သော်လည်း မည်သည့်ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးကမျှ မဘသအဖွဲ့ကို အသိအမှတ်ပြုခြင်း၊ သန္ဓေတည်ပေါက်ဖွားစေခြင်း မရှိခဲ့သည့်အပြင် မဘသဟူသော အသုံးအနှုန်းကိုပင် ခေါ်ဝေါ်သုံးစွဲခဲ့ခြင်း အလျဉ်းမရှိခဲ့ပါ။



စာမျက်နှာ ၈ ကော်လံ ၃ သို့ ❁



# အာဇာနည်နေ့ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ဝန်ကြီးများရုံး မြက်ခင်းပြင်၌ အလံတိုင် တစ်ဝက်လျှော့ချအလေးပြုမည်

**ရန်ကုန် ဇူလိုင် ၁၂**

(၆၉)နှစ်မြောက်အာဇာနည်နေ့ဝမ်းနည်းခြင်းအထိမ်းအမှတ် အလံတိုင် တစ်ဝက်လျှော့ချအလေးပြုခြင်းနှင့် မေတ္တာပို့သခြင်းအခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီ ၅ မိနစ်တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းကြားရှိဝန်ကြီးများရုံး (ယခင်အတွင်းဝန်များရုံးဟောင်း)အတွင်းရှိ တိုင်းပြုပြည်ပြုပါလီမန်အစည်းအဝေးခန်းမရှေ့ အလံတိုင်အနီးနှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မော်ကွန်းကမွည်းရေးထိုးထားသည့်ကျောက်စာတိုင်ရှေ့၌ ကျင်းပမည်ဖြစ်သည်။


စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

## ကြေးမုံ

# အာဇာနည်နေ့နှင့် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု

ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သော အာဇာနည်နေ့သို့ ရောက်ရန် ရက်အနည်းငယ်မျှသာ လိုပါတော့သည်။ အမျိုးသားခေါင်းဆောင်ကြီးများအား သတ်ဖြတ်လုပ်ကြံခဲ့ခြင်းသည် တိုင်းပြည်၏ အနာဂတ်အားသတ်ဖြတ်လုပ်ကြံခဲ့ခြင်း ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ယုံကြည်ကိုးစားသော အမျိုးသားခေါင်းဆောင်ကြီးများအား ဆုံးရှုံးခဲ့ရခြင်းသည် တိုင်းပြည်၏ အရေးကြီးသောသမိုင်းအချိုးအကွေ့၌ ပီပီပြင်ပြင် ပဲ့ကိုင်ထိန်းသိမ်းပေးမည့် မာလိန်မှူးတို့ကို ဆုံးရှုံးခဲ့ရခြင်းဖြစ်ပါသည်။ ပြည်တွင်းစစ်သည် တိုင်းပြည်လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့ခြင်း၌ အမျိုးသားခေါင်းဆောင်ကြီးများအား ဆုံးရှုံးခဲ့ရခြင်းသည် အရေးပါသော အချက်တစ်ရပ်အဖြစ် ပါဝင်နေသည်ဟု ယုံကြည်ပါသည်။

တချို့က အမျိုးသားခေါင်းဆောင်ကြီးများ တိုင်းပြည်ကို ဆက်လက်ဦးဆောင်ခွင့်ရသည်ဆိုစေဦးတော့ ပြည်တွင်းစစ်ကို တားဆီးနိုင်မည်မဟုတ်ဟုဆိုကြပါသည်။ ဤအယူအဆကို ငြင်းခုံခြင်းထက် သမိုင်းအချက်အလက်မှန်များကို အခြေခံ၍ ယူသင့်ယူထိုက်သည့် သမိုင်းသင်ခန်းစာများကို ရယူခြင်းက ပိုအရေးကြီးသည်ဟု ခံယူပါသည်။ ခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ရုံဖြင့် သမိုင်းရေစီးကြောင်းကို ပြောင်းလဲနိုင်မည်ဟု မျှော်လင့်ခြင်းသည် ရူးသွပ်မိုက်မဲသော အကြံအစည်သာဖြစ်ကြောင်း အာဇာနည်နေ့က သက်သေပြနေပါသည်။ အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သော်လည်း လုံးဝလွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးစုစည်းလက်တွဲ၍ ရယူမည်ဟူသော သမိုင်းရေစီးကြောင်းသည် ရပ်တန့်ခဲ့ခြင်းမရှိ၊ စီးမြဲစီးခဲ့သည်သာဖြစ်ပါသည်။ သို့သော်အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ခြင်းကြောင့် ဤသမိုင်းရေစီးကြောင်း၏ အရှိန်အဟုန်ပြင်းအား ထိခိုက်ခဲ့ရသည်ကိုမူ အလေးအနက်အသိအမှတ်ပြုရန် လိုအပ်ပါသည်။

အမျိုးသားတပ်ပေါင်းစုဖြစ်သော ဖဆပလအဖွဲ့ချုပ်နှင့် အလံနီ အပါအဝင် ဗမာပြည်ကွန်မြူနစ်ပါတီတို့ကြားက ပဋိပက္ခအကွဲအပြဲသည် အာဏာကိုအချောင်ရယူလိုသော အင်အားစုတို့နှင့် တိုင်းပြည်ကို ပျက်စီးလိုသော အင်အားစုတို့က အမျိုးသားခေါင်းဆောင်ကြီးများအား လက်ရဲဇက်ရဲ လုပ်ကြံသတ်ဖြတ်ရဲစေသည့် အခြေအနေ အခင်းအကျင်းတစ်ရပ်ကို ဖန်တီးပေးနေသည်ဟု ယူဆပါသည်။ ထို့အပြင် တိုင်းပြည်လွတ်လပ်ရေးအတွက် ဦးတည်ကြိုးပမ်းနေကြသော ဆိုရှယ်လစ်အင်အားစုများနှင့် ကွန်မြူနစ်အင်အားစုများအကြား အပြန်အလှန်နားလည်ယုံကြည်မှုတည်ဆောက်ရန် ပျက်ကွက်ခဲ့ခြင်းသည်လည်း ပြည်တွင်းစစ်ကို တွန်းပို့ခဲ့သောအကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ ဆိုရှယ်လစ်အင်အားစုများနှင့် ကွန်မြူနစ်အင်အားစုတို့ကြား အပြန်အလှန်နားလည်ယုံကြည်မှုသာတည်ဆောက်နိုင်ပါက အမျိုးသားခေါင်းဆောင်ကြီးများအား ဆုံးရှုံးခဲ့ရစေကာမူ သမိုင်းရေစီးကြောင်းကို အရှိန်အဟုန်ပြည့်ပြည့် အားမာန်ပြင်းပြင်း ဆက်လက်စီးဆင်းစေမည်သာ ဖြစ်ပါသည်။ ဤအဖြစ်အပျက်က ခေါင်းဆောင်တို့၏ အရည်အချင်း အမြော်အမြင်သည် အရေးကြီးသကဲ့သို့ လိုက်နာဖော်ဆောင်ပေးမည့် ပါတီဝင်တို့၏ အရည်အချင်း အမြော်အမြင်သည်လည်း အရေးကြီးသည်ကို မီးမောင်းထိုး ဖော်ပြနေပါသည်။ ဆင့်ပွားစကားဆိုရပါက တိုင်းပြည်၏ ဒီမိုကရေစီအုတ်မြစ်ခိုင်မာတောင့်တင်းရေးဆောင်ရွက်ရာ၌ ပါတီဝင်တို့အား အဆက်မပြတ်လေ့ကျင့်ပျိုးထောင်ပေးရန် အလေးအနက်ထား ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဤနေရာ၌ အပြန်အလှန်နားလည်ယုံကြည်မှုတည်ဆောက်ရေး၏ အခြေခံလိုအပ်ချက်သည် မိမိနှင့်မတူကွဲပြားသော အယူအဆ အတွေးအခေါ်တို့အား အသိအမှတ်ပြုလက်ခံစဉ်းစားသုံးသပ်ပေးရန် အဆင်သင့်ရှိနေခြင်းပင်ဖြစ်ပါသည်။ မိမိအမြင်အယူအဆအပေါ် တစ်ဖက်သတ်အခြေခံ၍ မည်သို့သောအချက်အလက်များကိုလက်ခံမှသာ တွေ့ဆုံဆွေးနွေးနိုင်မည်ဟူသော အတွေးအခေါ်လုပ်ရပ်တို့သည် အပြန်အလှန်နားလည်ယုံကြည်မှုကို ရယူဆုပ်ကိုင်နိုင်စွမ်းမရှိသည်သာမက ရရှိထားပြီးသော နားလည်ယုံကြည်မှုတို့ကိုပင် ပြိုကွဲပျက်စီး ဆုံးရှုံးစေနိုင်ပါသည်။ ယခုနှစ် အာဇာနည်နေ့ကျရောက်သော အချိန်အခါကာလသည် (၂၁) ရာစုပင်လုံညီလာခံကျင်းပရန် ကြိုးပမ်းပြင်ဆင်နေသော အချိန်အခါကာလလည်း ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ တပ်မတော်နှင့်တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများ အပါအဝင် နိုင်ငံရေးအင်အားစုအသီးသီးတို့သည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖန်တီးနိုင်ရေးအတွက် အမျိုးသားရေး ဘုံရပ်တည်ချက်ကို မည်သို့မည်ပုံ ကြိုးပမ်းဆောင်ရွက်မည်ဟူသော အမြင်ရှုထောင့်မှ သုံးသပ်ကြည့်မြင်လျက် (၂၁) ရာစုပင်လုံညီလာခံ အောင်မြင်ရာ အောင်မြင်ကြောင်း ကြိုးပမ်းဆောင်ရွက်ကြရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။

# တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ဒေသခံပြည်သူများ ပူတာအိုတွင် တွေ့ဆုံ

**ပူတာအို ဇူလိုင် ၁၂**

ကချင်ပြည်နယ်အစိုးရအဖွဲ့ လီဆူ၊ ရှမ်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ နိုင်ငံရေးပါတီများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တွေ့ဆုံပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းက မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း၊ စာပေမပျောက်မပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း ပြောကြားပြီး ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်(ခ) ဦးဒိတ်က ဒေသခံပြည်သူများက ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှသာ ဒေသလိုအပ်ချက်များကို သိရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်က အစိုးရ၏ရက် ၁၀၀ စီမံချက်ကာလအတွင်း ဌာနဆိုင်ရာများမှ ပြည်သူများအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် အမှန်တကယ်ထိရောက်မှုရှိ မရှိ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက လက်တွေ့ကွင်းဆင်းလေ့လာသွားမည် ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများက တိုင်းခန္တီ နာရေးကူညီမှုအသင်းအတွက် လိုအပ်လျက်ရှိသော ယာဉ်နှင့်သုံးဘီးယာဉ်များ ကူညီဆောင်ရွက်ပေးနိုင်ရန်၊ မိုးတွင်းကာလဆန်ပြတ်လပ်မှုမဖြစ်ပွားစေရေး ကူညီဆောင်ရွက်ပေးနိုင်ရန်၊ သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကောင်ကထောင်ရပ်ကွက် သုသာန်သွားလမ်းခင်းပေးရန်နှင့် ကွန်ကရစ်တံတားဆောက်လုပ်ပေးရန်၊ မြို့မရပ်ကွက်မြို့ပတ်လမ်း ကတ္တရာလမ်းခင်းပေးရန် တင်ပြကြရာ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် ကချင်ပြည်နယ်အစိုးရအဖွဲ့က လီဆူ၊ ရဝမ်၊ ဂျိမ်းဖော၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ထောက်ပံ့ငွေကျပ် လေးသိန်းစီကိုလည်းကောင်း၊ အခမ်းအနားပြင်ဆင်စရိတ် ကျပ်တစ်သိန်းကိုလည်းကောင်း၊ တိုင်းခန္တီ နာရေးကူညီမှုအသင်းအတွက် ကျပ်တစ်သိန်းတို့ကို လီဆူ၊ ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လမ်းပေါ်နေကလေးများ လျော့နည်းသွားစေရန်ဆောင်ရွက်လျက်ရှိ

**မုံရွာ ဇူလိုင် ၁၂**

လမ်းပေါ်နေကလေးများကို ပပျောက်အောင် ဆောင်ရွက်နိုင်မှုမရှိသေးသော်လည်း လျော့နည်းသွားစေရမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးအောင်ကျော်မိုးက ဇူလိုင် ၁၁ ရက်က မုံရွာမြို့ ဝင်းယူနတီဟိုတယ်၌ကျင်းပသော လူမှုရေးရာစီမံခန့်ခွဲမှုလုပ်ငန်း မိတ်ဆက်ခြင်း အခမ်းအနားတွင် ပြောကြားသည်။

"လူမှုရေးရာစီမံခန့်ခွဲမှုစနစ်ဆိုတာ ရပ်ရွာအတွင်း လူမှုရေးပြဿနာဖြစ်တယ်ဆိုရင် စနစ်တကျလေ့ကျင့်ပေးထားတဲ့ လူမှုဝန်ထမ်းဦးစီးဌာနက ဝန်ထမ်းတွေကနေ သူ့ရပ်ရွာထဲမှာရှိတဲ့ ဝန်ဆောင်မှုပေးနိုင်တဲ့ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေနဲ့အတူ ကူညီဖြေရှင်းပေးတဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ယနေ့လုပ်ငန်းစဉ်ဟာ ကလေးသူငယ်တွေကို ကာကွယ်တဲ့လုပ်ငန်းစဉ်နဲ့စတင်မှာဖြစ်ပါတယ်။ ကလေးတွေအနေနဲ့ လိင်ပိုင်းဆိုင်ရာနှိပ်စက်စော်ကားခံရတာတွေ၊ လူမှောင်ခိုကူးခံရတာတွေ၊ ပြစ်မှုကျူးလွန်ခံရတဲ့ကလေးတွေရှိတယ်။ အဲဒီကလေးတွေအတွက် တရားဥပဒေလမ်းကြောင်းအရ ဆောင်ရွက်ပေးရမယ့်လုပ်ငန်းစဉ်တွေကို လူမှုဝန်ထမ်းဦးစီးဌာနဝန်ထမ်းတွေက လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်တာဖြစ်ပါတယ်။ လမ်းပေါ်နေကလေးတွေ၊ လူကြီးတွေဆိုတာ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတောင် ရှိနေတာဆိုတော့ ပပျောက်အောင်တော့ မလုပ်နိုင်သေးပေမယ့် လျော့နည်းစေမှာတော့ အာမခံပါတယ်"ဟု ဦးအောင်ကျော်မိုးက ပြောသည်။

ကလေးသူငယ်များကို စောင့်ရှောက်သည့်လုပ်ငန်းစဉ်များတွင် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်မှာ ထိရောက်သည့်လုပ်ငန်းစဉ်ဖြစ်ပြီး ယခင်က ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း ယခုအခါ ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အပြင် ယခုစနစ်အကောင်အထည်ဖော်ပြီးနောက်ပိုင်းတွင် စနစ်ကြောင့် ပိုမိုဆောင်ရွက်လာနိုင်မည်ဟု ယုံကြည်ကြောင်း ဦးအောင်ကျော်မိုးထံမှ သိရသည်။ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစနစ် မိတ်ဆက်ရှင်းလင်းခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခု၊ ခရိုင် ၁၂ ခုတို့တွင် ကျင်းပပြီးဖြစ်သလို ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ပေါင်း ၁၀ မြို့တွင် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်ကရပ်ကွက်/ကျေးရွာများတွင် ကလေးသူငယ်ပြဿနာဖြစ်လျှင် မြို့နယ်တွင်ရှိသော ကလေးသူငယ်ကူညီရေးကော်မတီမှ ကူညီဖြေရှင်းပေးနေရာမှ ယခုအခါတွင် ခန့်အပ်ထားသော လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများက ဌာနများဖြင့် ချိတ်ဆက်၍ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အထူးသဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ လမ်းပေါ်ရောက်ကလေးများ လျော့နည်းသွားရန် အစိုးရချည်းသက်သက်မဟုတ်ဘဲ အရပ်ဘက်အဖွဲ့အစည်းများ၊ INGO အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# မြစိမ်းရောင်ကျေးရွာစီမံခန့်ခွဲမှုနှင့် ငွေစာရင်းသင်တန်းဖွင့်

**ဘီးလင်း ဇူလိုင် ၁၂**

ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နိုင်ငံတော်မှ မတည်သော အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဘီးလင်းမြို့နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုနှင့် ငွေစာရင်းသင်တန်းကို ဇူလိုင် ၁၁ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ဆပ်သွားကျေးရွာ၊ ဖားကဒူကျေးရွာ၊ ကရဝေးဆိပ်ကျေးရွာများမှ မြစိမ်းရောင်ကော်မတီဝင်များ တက်ရောက်ကြပြီး မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်ဦးက စီမံခန့်ခွဲမှုဆိုင်ရာနှင့် တာဝန်ရှိသူများက စည်းကမ်းချက်များ၊ ငွေစာရင်းရေးသွင်းနည်းပုံစံများကို သင်ကြားပို့ချပေးကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆောင်ရွက်

**သိန္နီ ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့ မြို့မဈေးကြီးအတွင်း၌ မိုးတွင်းကာလ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ဈေးဆိုင်ခန်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးညီညီမောင်၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(သီပေါကိုလတ်)**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝင်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# သဘာဝဘေးဒဏ်များရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုတင်ပြင်ဆင်ကာကွယ်ရေး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မှာကြား

နေပြည်တော် ဇူလိုင် ၁၂

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိပြီး ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ) အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေးက ဇူလိုင် ၅ ရက်မှ ၇ ရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ အမ်း၊ သံတွဲမြို့နယ်များအတွင်း ရေကြီးရေလျှံမှုအခြေအနေများနှင့် ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး လုပ်ဆောင်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘာဝဘေးဒဏ်များ ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုတင်ပြင်ဆင်ကာကွယ်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တွေမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တွေတပ်နယ် ဗန္ဓုလခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တွေတပ်နယ်ရှိ ဗန္ဓုလရိပ်သာဧည့်ခန်းမဆောင်၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများအားတွေ့ဆုံပြီး ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသည့် သဘာဝ ဘေးအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်ရေး၊ ဒေသခံပြည်သူများအား ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်ကြရမည့် အခြေအနေများ၊ ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ဆောင်ရွက်နေမှု၊ နယ်စပ်လုံခြုံမှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ခြံစည်းရိုးကာရံနေမှု၊ အခြားဒေသတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် ဒေသခံတိုင်းရင်းသားများအား ပြန်လည်ခေါ်ယူ၍ နေရာထိုင်ခင်းနှင့် အလုပ်အကိုင်ရရှိရေး ပူးပေါင်းဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ကိုယ့်ဝတ္တရား ကိုယ်ကျေပွန်အောင်ထမ်းဆောင်



အစိုးရအရာထမ်း၊ အမှုထမ်းတွေဟာ မိမိတို့အပေါ်ကို တရားသဖြင့်ကျရောက်လာတဲ့ တာဝန်ဝတ္တရားတွေကို လူထုနဲ့တိုင်းပြည်မျက်နှာကို ထောက်ထားပြီး ပြတ်ပြတ်သားသားဆောင်ရွက်စေချင်တယ်။ ဒီလိုမှ ပြတ်ပြတ်သားသားမဆောင်ရွက်ဝံ့ကြရင်လည်း ဆောင်ရွက်ဝံ့တဲ့လူတွေကို နေရာဖယ်ပေးကြစေချင်တယ်။ အစိုးရအမှုထမ်း၊ အရာထမ်းဆိုတာ အမှန်စင်စစ်တော့ ကိုယ့်ဝတ္တရား ကိုယ်ကျေပွန်အောင် ထမ်းဆောင်ဖို့ပဲ။ ကိုယ့်ဝတ္တရားကိုယ်ကျေပွန်ရင် ဘယ်သူ့မှလည်း ကြောက်ဖို့မလိုဘူး၊ ဘယ်သူကမှလည်း လက်ဖျားနဲ့မှ မတို့နိုင်ဘူးဆိုတာ မှတ်ထားကြပါ။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)*

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်အတွင်းသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေသော (၃၃)ကေဗွီ၊ (၆. ၆)ကေဗွီ ကောင်းကင်ဓာတ်အားလိုင်းများ အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းအား အောက်ဖော်ပြပါ နေ့ရက်အချိန်များတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ကောင်းကင်လိုင်းတည်ဆောက်ရေးဌာနမှ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

၁။ (၃၃)ကေဗွီလှော်ကား-မဥ္ဇူရီဖီဒါ (၁၃-၇-၂၀၁၆)ရက်နေ့ ၁၀း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ (ဓာတ်အားပြတ်တောက်မည့်မြို့နယ်-မင်္ဂလာဒုံ၊ ရွှေပေါက်ကံ)

၂။ (၃၃)ကေဗွီ ပုသိမ်ညွန့်-နတ်ချောင်းဖီဒါ (၁၃-၇-၂၀၁၆)ရက်နေ့ ၁၀း၀၀ နာရီမှ ၁၄း၀၀ နာရီအထိ၊(၁၇-၇-၂၀၁၆)ရက်နေ့ ၁၀း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ (ဓာတ်အားပြတ်တောက်မည့်မြို့နယ်-မင်္ဂလာတောင်ညွန့်၊ တာမွေ)

၃။ (၆. ၆)ကေဗွီ YCDC-လပထ ဖီဒါ (၁၅-၇-၂၀၁၆)ရက်နေ့ ၉း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ(ဓာတ်အားပြတ်တောက်မည့်မြို့နယ်-အင်းစိန်၊ မင်္ဂလာဒုံ)

၄။ (၃၃)ကေဗွီ သာကေတ-ပုသိမ်ညွန့် ဖီဒါ၊ (၁၁)ကေဗွီ သန်လျင်တံတားဖီဒါ၊ (၁၇-၇-၂၀၁၆)ရက်နေ့ ၁၀း၀၀ နာရီမှ ၁၄း၀၀ နာရီအထိ (ဓာတ်အားပြတ်တောက်မည့်မြို့နယ်-သာကေတ၊ ဒေါပုံ)

၅။ (၃၃)ကေဗွီ သီတာ-နေကြာဖီဒါ၊ (၆. ၆)ကေဗွီ ညောင်တန်း ဖီဒါ (၁၆-၇-၂၀၁၆)၊ (၁၇-၇-၂၀၁၆)ရက်နေ့ ၁၀း၀၀ နာရီမှ ၁၄း၀၀ နာရီအထိ (ဓာတ်အားပြတ်တောက်မည့်မြို့နယ်-ပုဇွန်တောင်၊ ဗိုလ်တထောင်)

ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရသောလုပ်ငန်းဖြစ်သဖြင့် တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် မလွတ်ကင်းသော ဓာတ်အားလိုင်းအချို့အား ယာယီဓာတ်အားပိတ်ဆောင်ရွက်ရခြင်းကြောင့် အထက်ဖော်ပြပါမြို့နယ်များ၏ ရပ်ကွက်နေရာအချို့ လျှပ်စစ်မီးပြတ်တောက်မှုအပေါ် စာနာနားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လျှပ်စစ်မီးသုံးသူပြည်သူများသို့ လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။ **ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## ငဝန်မြစ်ရေ အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။ **(ကြေးမုံ)**

## စိုးရိမ်ရေအမှတ်သို့ ကျော်လွန်ရောက်ရှိနေသော မုံရွာမြို့တွင် မြစ်ရေသတိပေးချက် အနီရောင်သတ်မှတ်ပြီး ရေကင်းများဖြင့် စောင့်ကြည့်

**မုံရွာ ဇူလိုင် ၁၂**

စိုးရိမ်ရေအမှတ်သို့ ကျော်လွန်ရောက်ရှိနေသော မုံရွာမြို့တွင် မြစ်ရေသတိပေးချက်အနီရောင်သတ်မှတ်ပြီး ရေကင်းများဖြင့် စောင့်ကြည့်လျက်ရှိရာ ဇူလိုင် ၁၂ ရက် ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၏စိုးရိမ်ရေအမှတ် ၁၀၀၀ စင်တီမီတာအထက်သို့ကျော်လွန်ရောက်ရှိနေသည်။ ယင်းကြောင့် မြစ်ရေသတိပေးချက် အနီရောင်အဖြစ် သတ်မှတ်ကာ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်တွင် ရေကင်းများဖြင့် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေသည် နှစ်စဉ်မိုးရာသီတွင် အထက်ပိုင်းဒေသများ၌ မိုးသည်းထန်စွာရွာသွန်းသဖြင့် မြစ်ရေကြီးမြင့်မှုများဖြစ်ပေါ်လျက်ရှိရာ ၂၀၁၅ ခုနှစ် မိုးရာသီတွင် ချင်းတွင်းမြစ်ရေသည် လွန်ခဲ့သည့်နှစ် ၅၀ အတွင်း အမြင့်ဆုံးရေအမှတ် ၁၁၄၃ စင်တီမီတာအထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

"နှစ်စဉ်မိုးရာသီမှာ မြစ်ရေကြီးမြင့်မှုရှိတယ်။ ဒီနှစ်မှာတော့ မုံရွာမြို့နယ်အတွင်းမှာ မြစ်ရေတားတာပေါင်တွေကိုအဆင့်မြှင့်တင်မှုတွေ လုပ်ဆောင်ထားတယ်။ မုံရွာမြို့မှာ စိုးရိမ်ရေအမှတ် ၁၀၀၀ စင်တီမီတာအထက်ကို ဇူလိုင် ၁၁ ရက် နံနက် ၆ နာရီကစပြီး ကျော်လွန်ရောက်ရှိခဲ့တဲ့အတွက် ကျေးရွာတွေနဲ့ မြို့ပေါ်ရပ်ကွက်က ပြည်သူတွေ စိုးရိမ်မှုမဖြစ်စေရေးအတွက် အခုလည်း မြစ်ရေသတိပေးချက်ကို အနီရောင်အဆင့်သတ်မှတ်ပြီး ရေကင်းတွေနဲ့ စောင့်ကြပ်ကြည့်ရှုနေပါတယ်။ တချို့ရပ်ကွက်တွေမှာ သဲအိတ်တွေ ပြင်ဆင်နေပါတယ်။ အခြေအနေထူးရင် အကူအညီတွေ ပေးနိုင်အောင်လို့ မြစ်အတွင်းမှာ အမြန်ရေယာဉ်တစ်စီး၊ ကုန်တင်ရေယာဉ်တစ်စီးကို အသင့်ပြင်ထားသလို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ကိုင်နိုင်ဖို့အတွက် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက အသက်ကယ်လှေနှစ်စီး၊ တပ်ဖွဲ့ဝင်တွေ အသင့်ပြင်ထားပါတယ်" ဟု မုံရွာမြို့ ကျောက်ဆောင်ဆိပ်ရှိ ဗဟိုရေကင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ်အတွင်း ဇူလိုင် ၁၂ ရက် နံနက် ၁၁ နာရီတွင် ချင်းတွင်းမြစ်ရေအမှတ်သည် ၁၀၁၅ စင်တီမီတာသို့ ရောက်ရှိလျက်ရှိရာ စိုးရိမ်ရေအမှတ်အထက် ၁၅ စင်တီမီတာသို့ရောက်ရှိလျက်ရှိသဖြင့် မြစ်ရေစောင့်ကြည့်ရေကင်းများအား မုံရွာမြို့နယ် တောင်ဘက်အခြမ်း သစ်ဆိမ့်ကျေးရွာမှ မုံရွာမြို့မြောက်ဘက် စစ်ပင်ရပ် (အလုံဘူတာ)အထိ ရေကင်း ၂၄ ခုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများမှ နေ့၊ ည စောင့်ကြည့်လျက်ရှိသည်။ **မင်းဝေ(မုံရွာ)**



## ကျိုက်ထိုမြို့နယ် စစ်တောင်းကျေးရွာတွင် မြစ်ကမ်းပါးပြိုကျမှုအခြေအနေ စစ်ဆေး

**ကျိုက်ထို ဇူလိုင် ၁၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းကျေးရွာတွင် စစ်တောင်းမြစ်ရေတိုက်စားသဖြင့် ကမ်းပါးပြိုကျမှုများဖြစ်ပေါ်လျက်ရှိရာ မွန်ပြည်နယ်လွှတ်တော် ကျိုက်ထိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးဇံနှင့်အဖွဲ့က ဇူလိုင် ၁၀ ရက်တွင် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကျောက်ဆိပ်ရပ်ကွက်မှ လူနေအိမ်အချို့ ကမ်းပါးပြိုကျမှုနှင့် ကြုံတွေ့နေရသည့်အပြင် ကျောက်ဆိပ်ရပ်ကွက်မှ ဆက်သွယ်သွားလာနေသည့် မြစ်ကမ်းနားနှင့်ကပ်လျက် ဖောက်လုပ်ထားသောမြေသားလမ်းမှာလည်း ယခုအခါ လမ်းအကျယ် ၁၀ ပေခန့်သာရှိပြီး ဆက်လက်ပြိုကျမည့်အခြေအနေနှင့် ကြုံတွေ့နေရသည်။ ယင်းမြေသားလမ်းမှာရပ်ကွက်ထဲ အဝင်/အထွက်လုပ်သည့် တစ်ခုတည်းသော လမ်းဖြစ်ရာ ယင်းလမ်း ပျက်စီး၊ ပြတ်တောက်သွားပါက ရပ်ကွက်နေသူများ၏ စီးပွားရေး၊ ကျန်းမာရေးမှအစ စစ်တောင်း အထကတွင် နေ့စဉ်ကျောင်းတက်နေသော ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း အခက်အခဲရှိနိုင်သည်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့က ရွှေ့ပြောင်းရမည့် လူနေအိမ်စာရင်းပြုစုထားရန်နှင့် အဆိုပါလမ်းအား အချိန်မီပြုပြင်နိုင်ရေးအတွက် စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးဇံနှင့်အတူ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနန္ဒဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့် ကျိုက်ထိုမြို့နယ် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်လင်းတို့ လိုက်ပါလာကြောင်း သိရသည်။ **(ရဲခေါင်ဦး)**

# ဗြိတိန်ဝန်ကြီးချုပ်ဖြစ်လာတော့မည့် ထရီစာမေ

**လန်ဒန် ဇူလိုင် ၁၂**

ဗြိတိန်ဝန်ကြီးချုပ် ရာထူးအတွက် လျာထားသတ်မှတ်ခံရသူ ပြည်ထဲရေးဝန်ကြီး ထရီစာမေသည် ဝန်ကြီးချုပ်ရာထူးကို ဇူလိုင် ၁၃ ရက်တွင် တရားဝင် လက်ခံရယူသွားမည် ဖြစ်သည်။

ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း၏ နေရာကိုဆက်ခံရန် ကွန်ဆာဗေးတစ်ပါတီတွင် ထရီစာမေနှင့် စွမ်းအင်ဝန်ကြီး အန်ဒရီရာ လိဒ်ဆန်တို့ ယှဉ်ပြိုင်ခဲ့ကြသော်လည်း ဇူလိုင် ၁၁ ရက်တွင် အန်ဒရီရာ လိဒ်ဆန်က နုတ်ထွက်သွားသောကြောင့် ထရီစာမေမှာ ဝန်ကြီးချုပ်ဖြစ်ရန် သေချာသွားခဲ့ခြင်းဖြစ်သည်။

လက်ရှိဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ဇူလိုင် ၁၃ ရက်တွင် နုတ်ထွက်မည်ဖြစ်ကြောင်းနှင့် ယင်းနေ့မှာပင် ၎င်း၏တာဝန်များကို ထရီစာမေထံသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၁၁ ရက်တွင် ပြောကြားသည်။

ဒေးဗစ်ကင်မရွန်းက အကူးအပြောင်းကာလအတွက် အချိန်ဆွဲနေရန် မလိုအပ်ကြောင်းနှင့် ၎င်း၏ အစိုးရအဖွဲ့နောက်ဆုံးအစည်းအဝေးကို ဇူလိုင် ၁၂ ရက်က ပြုလုပ်ခဲ့သည်။ ကင်မရွန်းက ဇူလိုင် ၁၃ ရက်တွင် ၎င်း၏



နုတ်ထွက်စာကို ဘက်ကင်ဟမ်နန်းတော်ရှိ ဗြိတိန်ဘုရင်မကြီး အယ်လိဇဘတ်ထံပေးအပ်သွားမည်ဖြစ်ပြီး ယင်းနေ့မှာပင် ထရီစာမေက ၎င်း၏ အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းသွားမည်ဖြစ်သည်။

လွန်ခဲ့သည့်လက ကျင်းပခဲ့သည့် ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂ(အီးယူ)မှ နုတ်ထွက်ရေး သို့မဟုတ် ဆက်လက်ပါဝင်ရေး လူထုဆန္ဒခံယူပွဲတွင် ထရီစာမေသည် ဗြိတိန်နိုင်ငံ အီးယူအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်ရေးဘက်မှ ထောက်ခံအားပေးခဲ့သူဖြစ်သည်။ သို့သော် ဗြိတိန်နိုင်ငံ အီးယူမှ ခွဲထွက်ရေးဘက်မှ အနိုင်ရရှိသွားခဲ့သည်။

ထရီစာမေသည် ဗြိတိန်နိုင်ငံ အီးယူမှ ခွဲရေး၊ တွဲရေးပြဿနာကြောင့် ဖြစ်ပေါ်လာသည့် ကွန်ဆာဗေးတစ်ပါတီ၏ အကွဲအပြဲကို ပြန်လည်စုစည်းညီညွတ်စေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

ထို့ပြင် ဗြိတိန်နိုင်ငံ အီးယူမှ နုတ်ထွက်ခဲ့မှုကြောင့် ဗြိတိန်နိုင်ငံတွင်းရှိ သက်ကြီးရွယ်အိုပိုင်းနှင့် လူငယ်ထုအကြား သဘောကွဲလွဲမှုအရေး၊ ဒေသတွင်း၌ ဗြိတိန်နိုင်ငံ မည်ကဲ့သို့ဆက်လက်ရပ်တည်နိုင်ရေးတို့ကို ထရီစာမေအနေဖြင့် မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းသွားမည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သကဲ့သို့ ရွှေ့ပြောင်းလာသည့် ဒုက္ခသည် ပြဿနာတို့ကိုလည်း ကိုင်တွယ်ဖြေရှင်းသွားရမည် ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# နျူစမ်းသပ်မှုမပြုလုပ်ရန် မြောက်ကိုရီးယားနိုင်ငံအား တောင်ကိုရီးယားသတိပေး

**ဆိုးလ် ဇူလိုင် ၁၂**

မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားစမ်းသပ်မှုကို ရှေ့ဆက်ပြုလုပ်ပါက ပြင်းထန်သောအရေးယူမှုများနှင့် အထီးကျန်မှုကို ရင်ဆိုင်ရမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံက သတိပေးလိုက်သည်။

"ကျွန်တော်တို့အစိုးရရဲ့ထင်မြင်ချက်ကတော့ စမ်းသပ်နယ်မြေမှာရှိတဲ့ ကြိုတင်ပြင်ဆင်မှုအရ သူတို့ရဲ့ခေါင်းဆောင်ပိုင်းကဆုံးဖြတ်မယ်ဆိုရင် ဘယ်အချိန်မှာမဆို နျူကလီးယားစမ်းသပ်မှုတစ်ခုလုပ်ဆောင်ဖို့ မြောက်ကိုရီးယားနိုင်ငံက အဆင်သင့်ရှိတဲ့အခြေအနေရှိပါတယ်"ဟု တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ချိုဂျွန်ဟွိုက်က ဇူလိုင် ၁၂ ရက်ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။ တိုင်းပြည်အား ပိုမိုချောင်ပိတ်မိစေမည့် နောက်ထပ် ရန်စသောအပြုအမူများ မပြုလုပ်ရန် မြောက်ကိုရီးယားနိုင်ငံအား ချိုက တိုက်တွန်းလိုက်သည်။

တောင်ကိုရီးယားနိုင်ငံက အမေရိကန်ပြည်ထောင်စုနှင့်ပူးပေါင်း၍ မြောက်ကိုရီးယားနိုင်ငံ၏ ဖြစ်နိုင်ဖွယ်ရာ နျူစမ်းသပ်မှုနှင့်သက်ဆိုင်သော လုပ်ဆောင်ချက်များအားလုံးကို အနီးကပ်စောင့်ကြည့်လျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံ အရှေ့မြောက်ဘက်ပိုင်းရှိ ပွန်ဂျီရီစမ်းသပ်နယ်မြေ၌ အဆင့်မြင့်လုပ်ဆောင်ချက်တစ်ရပ်တွေ့ရှိကြောင်း ပြီးခဲ့သောရက်သတ္တပတ်က ရိုက်ကူးခဲ့သည့် ဂြိုဟ်တုဓာတ်ပုံများက ပြသနေသည်ဟု မြောက်ကိုရီးယားနိုင်ငံအား စောင့်ကြည့်နေသော အမေရိကန်အဖွဲ့အစည်းတစ်ခုက ဇူလိုင် ၁၁ ရက်တွင် ပြောကြားပြီးနောက် ချို၏မှတ်ချက်စကားများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**ကျိုဒိုနယူးစ်။**

# အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာ ကြိုတင်ကြေညာခြင်းမရှိဘဲ အာဖဂန်နစ္စတန်သို့ ရောက်ရှိ

**ကဘူး ဇူလိုင် ၁၂**

အမေရိကန် ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာသည် ကြိုတင်ကြေညာခြင်းမရှိဘဲ ဇူလိုင် ၁၂ ရက်တွင် အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးသို့ရောက်ရှိလာကြောင်း၊ ၎င်းသည်အာဖဂန်နစ္စတန်ခေါင်းဆောင်များနှင့် အမေရိကန်စစ်ဘက်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။

ဇူလိုင်၁၂ရက် နေ့လယ်ပိုင်းတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီးသည် ကဘူးမြို့သို့ရောက်ရှိလာခြင်းဖြစ်သည်။ ၎င်းသည်အာဖဂန်နစ္စတန်သမ္မတ မိုဟာမက် အရှက်ဖ်ဂါနီ၊ အမှုဆောင်အရာရှိချုပ် အဗ္ဗဒူလာ အဗ္ဗဒူလာနှင့်အာဖဂန်ကာကွယ်ရေးဝန်ကြီး အဗ္ဗဒူလာခန်း ဟာဘီဘီတို့နှင့် တွေ့ဆုံဆွေးနွေးမည်ဟု အမည်မဖော်လိုသူ စစ်ဘက်တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အက်ရှ်တန်ကာတာသည် ၎င်း၏ ခရီးစဉ်အတွင်း အမေရိကန်နှင့်နေတိုးတပ်မှူးများနှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

နေတိုးနှင့်အမေရိကန်တပ်ဖွဲ့များသည် အာဖဂန်နစ္စတန်နိုင်ငံတွင်း၌ ၁၃ နှစ်ကြာစစ်ရေးတာဝန်ထမ်းရွက်ခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်အကုန်တွင် တပ်များကို ပြန်လည်ရုပ်သိမ်းခဲ့ကြသည်။

လက်ရှိကာလတွင် အာဖဂန်နစ္စတန်နိုင်ငံ၌ နေတိုး၏ နိုင်ငံခြားတပ်ဖွဲ့ဝင်ဦးရေ ၁၃၀၀၀ နီးပါး ကျန်ရှိနေပြီး ၎င်းတို့အနက် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၉၈၀၀ ခန့်ပါဝင်သည်။ နေတိုးဦးဆောင်သောတပ်ဖွဲ့များသည် အာဖဂန်တပ်ဖွဲ့ဝင်များအနေဖြင့် သောင်းကျန်းသူများအား ချေမှုန်းတိုက်ခိုက်နိုင်ရေးအတွက် ကျောထောက်နောက်ခံ ပြုခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်းတို့ကို ပြုလုပ်လျက်ရှိကြသည်။

**ဆင်ဟွာ။**





# တောင်တရုတ်ပင်လယ်အတွင်း ကျွန်းများအရေး နိုင်ငံတကာသမာဓိခုံရုံး ဆုံးဖြတ်ချက်ချမှတ်

**သည်ဟိဂ် ဇူလိုင် ၁၂**

တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းများအား သမိုင်းကြောင်းအရ ပိုင်ဆိုင်ခွင့်ရှိသည်ဆိုသော တရုတ်နိုင်ငံ၏ ပြောဆိုချက်သည် တရားဥပဒေကြောင်းအရ ယုတ္တိမရှိကြောင်း နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ နိုင်ငံတကာသမာဓိခုံရုံး၏ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

တောင်တရုတ်ပင်လယ်အတွင်း တရုတ်တိုင်ပေနှင့် တရုတ်နိုင်ငံတို့က ကနဦးအသုံးပြုခဲ့သော နယ်နိမိတ်စည်းအတွင်း ကျရောက်သည့် ပင်လယ်ပြင်နယ်မြေများနှင့်ပတ်သက်၍ တရုတ်နိုင်ငံက သမိုင်းကြောင်းအရ ပိုင်ခွင့်ရှိသည်ဟု ထုတ်ဖော်ပြောဆိုရန် ဥပဒေအရ ယုတ္တိမရှိကြောင်း အဆိုပါခုံရုံး၏ ဆုံးဖြတ်ချက်တွင် ဖော်ပြသည်။

တောင်တရုတ်ပင်လယ်ပြင်အတွင်း တရုတ်နိုင်ငံနှင့် ပိုင်နက်နယ်မြေအငြင်းပွားမှု ဖြစ်ပေါ်ခြင်းနှင့်ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံက ၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာ သမာဓိခုံရုံးသို့ တင်ပြတိုင်တန်းခဲ့သည်။

အဆိုပါအမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံက နိုင်ငံတကာ သမာဓိခုံရုံးနှင့်ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆိုခဲ့ပြီး ယင်းခုံရုံးအနေဖြင့် တောင်တရုတ်ပင်လယ်ပြင်ပိုင်နက်နယ်မြေအငြင်းပွားမှုကို အဆုံးအဖြတ်ပေးခွင့်မရှိကြောင်း ပြောကြားခဲ့သည်။

**ရိုက်တာ။**

# ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း အီဂျစ်လူဦးရေ မြင့်တက်

**ကိုင်ရို ဇူလိုင် ၁၂**

အီဂျစ်နိုင်ငံ၏ လူဦးရေသည် ဆယ်စုနှစ်တစ်ခုတာကာလအတွင်း ၂၃ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်လာကြောင်း သန်းခေါင်စာရင်းဆိုင်ရာ တာဝန်ရှိသူများက ဇူလိုင် ၁၁ ရက်တွင် ကျရောက်သော ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားကြသည်။

၂၀၀၆ ခုနှစ်က အီဂျစ်နိုင်ငံ၏ လူဦးရေ ၇၂ ဒသမ ၈ သန်းရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်အစပိုင်းတွင် ၉၀ ဒသမ ၁ သန်းအထိ မြင့်တက်လာကြောင်း ပြည်သူ့အင်အားနှင့်စာရင်းအင်းဌာန ကြေညာချက်တွင် ဖော်ပြသည်။

အီဂျစ်အမျိုးသမီးများ၏ ကလေးမွေးဖွားနှုန်းမှာ အမျိုးသမီးတစ်ဦးလျှင် သုံးဦးဝန်းကျင်ရှိပြီး အီဂျစ်နိုင်ငံ၌ လူငယ်ဦးရေ တိုးပွားရေးအထောက်အပံ့ဖြစ်စေသည်။ ယခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားကို "ဆယ်ကျော်သက်ရွယ် အမျိုးသမီးများ၏ ဘဝလုံခြုံရေး၊ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးရေး"ဟူသည့် ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ကမ္ဘာ့လူဦးရေသည် လက်ရှိကာလတွင် သန်း ၇၃၀၀ ရှိပြီး ၂၀၃၀ ပြည့်နှစ်အရောက်တွင် သန်း ၈၅၀၀ အထိ ရှိလာမည်ဟု ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ။**

# ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ဒုတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၆)ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၂**
ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ဒုတိယပုံမှန် အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ၂၀၁၆ ခုနှစ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူးက ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအမှူးများနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၁၄/၂၀၁၆)**
**၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)**

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၅(ခ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း**

၁။ ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးခိုင်ညီညီကျော်က ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့်လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုဖြင့်လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၂-၇-၂၀၁၆ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ် (၁/၂၀၁၆)ဆုံးဖြတ်ချက်တွင် ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)အတွက် ဦးအောင်ကျော်ညွန့်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးခိုင်ညီညီကျော်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅(က)အရ ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်၍ ဦးအောင်ကျော်ညွန့်သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှာ ဦးခိုင်ညီညီကျော် ၁၃/ရစန(နိုင်)၀၄၈၅၆၃ ဖြစ်ကြောင်း သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၅(ခ)အရ သတ်မှတ်ကြေညာလိုက်ပါသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဆရာတော်တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၁၂**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌဆရာတော် Ven.Mok Tak သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး(ရန်ကုန်ရုံးခွဲ)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-ကိုရီးယား ချစ်ကြည်ရေးအထိမ်းအမှတ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တည်ဆောက်ရေးနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံရာသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လှူဒါန်း



**ရန်ကုန် ဇူလိုင် ၁၂**
ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက ထောက်ပံ့ရေးပစ္စည်းများကို ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ တစ်ဆင့် တပ်မတော် Y-8 လေယာဉ်ဖြင့် စစ်တွေမြို့လေဆိပ်သို့ ထောက်ပံ့ရေးပစ္စည်းများကို ထပ်မံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ယနေ့ ပေးပို့လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများမှာ မိသားစုသုံးပစ္စည်းမျိုးစုံပါ သေတ္တာပုံး ၂၀၊ ရွှေဖီဦး(Tea Mix)ဖာ ၅၀၊ စောင်ကြားအထည် ၂၀၀၀၊ ဘီစကွတ်မုန့်ဖာ ၅၀၊ ခေါက်ဆွဲခြောက် ၆၅ ဖာ၊ စည်သွတ်ဘူး မျိုးစုံ ဖာ ၁၅၀၊ ဒန်အိုးအလုံး ၃၆၀၀ တို့ ပါဝင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ဒေသများတွင် ရဲတပ်ဖွဲ့ဝင်များက သွားရောက်ကူညီဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၂**
ရခိုင်ပြည်နယ် မင်းပြားမြို့ပေါ်ရပ်ကွက်များမှ ရေဘေးကြောင့် ပြောင်းရွှေ့ နေထိုင်လျက်ရှိသော အိမ်ထောင်စု ၄၂ စုမှ လူဦးရေ စုစုပေါင်း ၂၃၇ ဦးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆန်အိတ်များအား မင်းပြားမြို့နယ် ရဲတပ်ဖွဲ့မှူးဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက ဇူလိုင် ၆ ရက်က သွားရောက်ပို့ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၇ ရက်က မြောက်ဦးမြို့နယ် နန်းကျားကျေးရွာအနီး ရန်ကုန်-စစ်တွေကားလမ်း မိုင်တိုင်အမှတ်(၁၀၁/၃-၅)ကြား၌ လေးမြို့မြစ်ရေ ပြန်လည်ကျဆင်းသွားသဖြင့် လမ်းပေါ်တွင် တင်ကျန်ရစ်သည့် သစ်တုံးကြီးများနှင့် အမှိုက်သရိုက်များအား မြောက်ဦးခရိုင် ရဲတပ်ဖွဲ့မှူးဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၀/၃၁)လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများနှင့် ကျေးရွာသူကျေးရွာသားများ ပူးပေါင်းပါဝင်သည့် အဖွဲ့များက သွားရောက် ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ မင်းပြားမြို့၌ ရေဘေးသင့်ပြည်သူများအတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့များက ပေးအပ်ခဲ့သည့် ကယ်ဆယ်ရေးပစ္စည်းများ၊ အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းများအား မင်းပြားမြို့နယ် ရဲတပ်ဖွဲ့မှူးဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများထံ သယ်ယူပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ်ရှိ ကျန်ရေဘေးသင့်ဒေသများတွင်လည်း ရဲတပ်ဖွဲ့ဝင်များက သွားရောက်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**

❑



# အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏သားပြောပြသည့် အာဇာနည်နေ့နှင့် မိသားစုအကြောင်း

သတင်းဆောင်းပါး-ဇော်ကြီး(ပဏ္ဍိတ)
မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ-ဇော်မင်းလတ်

"အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးတဲ့နေ့ ညနေပိုင်းမှာပဲ သခင်မြဇနီး ရဲ့ဖခင်ဟာ အဲဒီသတင်းကြောင့်ပဲ နှလုံးရောဂါနဲ့ရှော့ခ်ဖြစ်ပြီး ဆုံးသွားတယ်။ တစ်ရက်တည်းမှာ ယောက်ျားရယ်၊ ဖခင်ရယ် ဆုံးပါးသွားတဲ့အတွက် အမေဒေါ်ခင်ညွန့် အတော့်ကိုခံစားခဲ့ရတယ်"ဟု အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ မွေးစားသားဖြစ်သူ ဦးရဲမြင့်အောင်က ပြောသည်။

သခင်မြကို အဘဦးဘိုးချွန်နှင့် အမိဒေါ်သက်လယ်တို့က ၁၈၉၇ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ပြည်ခရိုင် ထုံးဘိုမြို့၌ မွေးဖွားခဲ့သည်။

၃ တန်းမှ ၇ တန်းအထိ သာယာဝတီ အေ-ဘီ-အမ်ကျောင်းတွင်လည်းကောင်း၊ ၇ တန်းမှ ၁၀ တန်းအထိ ရန်ကုန်ဘက်ပတစ်ဟိုက်စကူးကျောင်းတွင်လည်းကောင်း ပညာသင်ကြားခဲ့သည်။ ၁၉၁၆ ခုနှစ်တွင် ရန်ကုန်ကောလိပ် အိုင်အက်(စ်)စီတန်းတွင် ဆက်လက်သင်ကြားခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်နှင့် ကာလကတ္တား ယူနီဘာစီတီမှ အိုင်အက်(စ်)စီ ဓာတုဗေဒဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

၁၉၂၀-၂၁ ခုနှစ်တွင် ရန်ကုန်ကောလိပ်သပိတ်တွင် ခေါင်းဆောင်ခဲ့သည်။



အဖွဲ့ဝင် ၂၄ ဦးပါဝင်သော သပိတ်မှောက်ကောင်စီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး အမျိုးသားပညာရေးကောင်စီတွင် အဖွဲ့ဝင်တစ်ဦးဖြစ်သည်။

၁၉၂၂-၁၉၂၃ ခုနှစ်တွင် ကြည့်မြင်တိုင် အမျိုးသားကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ သို့သော် အမျိုးသားကျောင်းများ အစိုးရအထောက်အပံ့ ယူသဖြင့် အမျိုးသားပညာရေးကောင်စီမှ နုတ်ထွက်ခဲ့သည်။

၁၉၂၄ ခုနှစ်တွင် ဘီအက်(စ်)စီ ဓာတုဗေဒဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ဇနီးဒေါ်ခင်ညွန့်နှင့် လက်ထပ်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ဘီအယ်(လ်) ဝတ်လုံစာမေးပွဲအောင်ပြီးနောက် သာယာဝတီသို့ ပြန်ကာ ရှေ့နေလိုက်အလုပ်လုပ်ကိုင်ခဲ့ပြီး ဆင်းရဲသားများအတွက် အခမဲ့ရှေ့နေလိုက်ပေးသည်။ ဆရာစံအရေးတော်ပုံမှ ပေါက်ဖွားသောအမှုများတွင် ဆင်းရဲသားတရားခံများဘက်မှ လိုက်ပါခုခံခဲ့သည်။

၁၉၃၆ ခုနှစ်တွင် သခင်တစ်ယောက်ဖြစ်လာသည်။ ထို့နောက် ၁၉၃၇ ခုနှစ်တွင် တို့ဗမာအစည်းအရုံး အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်လာပြီး တို့ဗမာအစည်းအရုံး၏ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့မှ ဥပဒေပြုလွှတ်တော်သို့ သာယာဝတီတောင်ပိုင်းမှ အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည်။

၁၉၃၈ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော ကျောင်းသားအရေးတော်ပုံတွင် အင်္ဂလိပ်အစိုးရလက်ချက်ကြောင့် ကျောင်းသားများ သွေးမြေကျရသည်ကို မကျေနပ်၍ အမတ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးကြီးတွင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။

ထိုနှစ်မှာပင် ဗမာ့လွတ်လပ်ရေးအတွက် ပြည်သူ့အရေးတော်ပုံပါတီ ဖွဲ့စည်းရာတွင် သခင်မြ ဦးဆောင်ပါဝင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက တော်လှန်ရေးတွင် ပြည်ပမှခေါင်းဆောင်ရန် တာဝန်ယူခဲ့ပြီး ပြည်တွင်းမှ ခေါင်းဆောင်ရန် သခင်မြက တာဝန်ယူခဲ့ရသည်။ ထို့အပြင် စစ်အတွင်းအစိုးရ အဖွဲ့တွင် ဝန်ကြီးအဖြစ်လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် ဂျပန်ကို တော်လှန်ရာ နိုင်ငံရေးပါတီများနှင့် ဗမာ့တပ်မတော်ပါပူးပေါင်း၍ ဖ-ဆ-ပ-လအဖွဲ့ ဖွဲ့စည်းဖြစ်ပေါ်လာရာ ပြည်သူ့အရေးတော်ပုံပါတီမှ သခင်မြ ဦးဆောင်ပါဝင်ခဲ့သည်။

၁၉၄၅ ခုနှစ် မတ် ၂၇ ရက် တော်လှန်ရေးအတွက် သခင်မြ၏တာဝန်မှာ ဂျပန်ကိုအယုံသွင်း၍ အကျဉ်းချထားခြင်းခံရသော တော်လှန်ရေးရဲဘော်များအား ဂျပန်လက်မှလွတ်မြောက်အောင် ဆောင်ရွက်ရန်ဖြစ်သည်။ ၁၉၄၅ ခုနှစ် စက်တင်ဘာတွင် ပြည်သူ့အရေးတော်ပုံပါတီကို မြန်မာပြည်ဆိုရှယ်လစ်ပါတီဟု ပြောင်းလဲဖွဲ့စည်းခဲ့ရာ သခင်မြဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၁၉၄၆ ခုနှစ် အောက်တိုဘာတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော အစိုးရအဖွဲ့တွင်ပါဝင်ခဲ့ပြီး ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ မသမာသူတို့၏လက်ချက်ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ကျဆုံးခဲ့သည်။

"ကျွန်တော်က သခင်မြကျဆုံးပြီး တစ်ပတ်အကြာ ရက်လည်ဆွမ်းကျွေးတဲ့နေ့မှာ မွေးတာပါ။ ကျွန်တော့်ကို အဲဒီအိမ်မှာပဲမွေးတော့ ငယ်ငယ်ကတည်းက သခင်မြဇနီးက မွေးစားခဲ့တယ်။ ကျွန်တော်တို့ မောင်နှမလေးဦးထဲက အရွယ်ရောက်တဲ့အခါမှာတော့ ကျွန်တော်နဲ့ ညီမလေးအေမီအောင်ကို စာချုပ်စာတမ်းနဲ့ တရားဝင်မွေးစားလိုက်တယ်"ဟု သခင်မြ၏မွေးစားသားဖြစ်သူ ဦးရဲမြင့်အောင်က ပြောသည်။

သခင်မြသည် စကားနည်းပြီး အနေအေးသည့်အပြင် လောဘနှင့် အတ္တမရှိသူတစ်ဦးဖြစ်ကာ စာဖတ်ဝါသနာကြီးသူဖြစ်ကြောင်း၊ ထုံးဘိုမြို့ဇာတိဖြစ်သော်လည်း သာယာဝတီမြို့တွင် ရှေ့နေအလုပ်ဖြင့် လယ်သမား၊ အလုပ်သမား လူတန်းစားများအတွက် ရှေ့နေလိုက်ပေးခဲ့သဖြင့် သာယာဝတီသခင်မြဟုပင် နာမည်ကြီးခဲ့ကြောင်း ၎င်းက ဆိုသည်။

"အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးသွားတဲ့နောက် မိသားစုဝင်တွေကို နိုင်ငံတော်က စကော့ဈေးမှာ ဆိုင်ခန်းတစ်ခန်းစီပေးတယ်။ နောက်ပြီး BOC ကုမ္ပဏီက ဓာတ်ဆီဆိုင်လုပ်ပိုင်ခွင့် ချပေးခဲ့တယ်။ နောက်ပိုင်းမှာတော့ ဦးနေဝင်းလက်ထက်မှာ ပြည်သူပိုင်သိမ်းတဲ့အထဲ အကုန်ပါသွားတယ်။ အဲဒီတုန်းက ဦးနေဝင်းက အမေ့ကိုခေါ်ပြီးတိုင်ပင်တယ်။ အာဇာနည်မိသားစုဝင်တွေ စားဝတ်နေရေးအဆင်ပြေဖို့ တစ်လတစ်ထောင်ကျပ်ပေးမယ်ဆိုပြီး ပြောတယ်။ အဲဒီတုန်းက တစ်လတစ်ထောင်ဆိုတာမိသားစုအတွက် လုံလောက်တယ်။ အဲဒီလိုနဲ့နေလာခဲ့တာ အမေ့အသက် (၆၅) နှစ် (၁၉၇၂ ခုနှစ်) မှာ ဆုံးသွားတဲ့နောက် မရတော့ပါဘူး"ဟု ၎င်းက သူတို့မိသားစုဖြတ်သန်းခဲ့ရမှုနှင့် ပတ်သက်၍ ပြောသည်။

ထို့အပြင် အာဇာနည်နေ့အခမ်းအနားနှင့် ပတ်သက်၍လည်း ၎င်းက "အာဇာနည်နေ့အခမ်းအနားတွေကို ကျွန်တော်အရွယ်ရောက်တဲ့အခါမှာ အမေက လက်ဆွဲခေါ်သွားလေ့ရှိတယ်။ ဦးနေဝင်းခေတ်ကဆိုရင် အာဇာနည်နေ့အပြင် လွတ်လပ်ရေးနေ့ပါ အာဇာနည်မိသားစုဝင်တွေကို ဖိတ်တယ်။ ဦးနေဝင်းခေတ်ပြီးတော့ နောက်ပိုင်းမှာ လွတ်လပ်ရေးနေ့ မဖိတ်တော့ဘူး။ အာဇာနည်နေ့တစ်နေ့ပဲ ဖိတ်တော့တယ်။ သမ္မတဦးသိန်းစိန်လက်ထက်မှာတော့ ပြောင်းလဲလာတယ်။ အာဇာနည်နေ့အခမ်းအနားတက်ရတာလည်း အဆင်ပြေလာပါတယ်"ဟု သူ၏အတွေ့အကြုံကို ရှင်းပြသည်။



"ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် အာဇာနည်နေ့မတိုင်ခင်ကတည်းက သတင်းစာမျက်နှာဖုံးထိပ်မှာ အာဇာနည်နေ့ တို့မမေ့ဆိုတဲ့ စာတန်းတွေ၊ တီဗွီမှာဆိုလည်း အသိပေးကြော်ငြာတာတွေကို မြင်တွေ့ရတယ်။ အာဇာနည်နေ့အောက်မေ့ဖွယ်ရာသီချင်းနဲ့ ဇာတ်လမ်းတွေပြန်ပြတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ဘယ်လိုကိုယ်ကျိုးစွန့်ပြီး လုပ်ခဲ့သလဲဆိုတာကို နောက်လာမယ့်မျိုးဆက်သစ်တွေ သိစေချင်ပါတယ်။ မသိမသာဖြတ်သန်းသွားတာမျိုး မဖြစ်စေချင်ပါဘူး"ဟု ဦးရဲမြင့်အောင်က သူ့ခံစားချက်ကို ပြောသည်။

ထို့အပြင် အာဇာနည်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန်တွင် ဥသြဆွဲခြင်း၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှတစ်ဆင့် တေးသံရှင် မာမာအေး၊ တင်တင်မြတို့သီဆိုထားသည့် အာဇာနည်နေ့နှင့် ပတ်သက်သော သီချင်းများကို ပြန်လည်ထုတ်လွှင့်ပေးခြင်းတို့ကို လုပ်ပေးရန် မျှော်လင့်ကြောင်း ၎င်းက ပြောသည်။

"ကျွန်တော်တို့ ဒီအချိန်ရောက်တိုင်း နှစ်တိုင်းဆွမ်းကျွေးတယ်။ ကျွေးတဲ့အခါတိုင်းမှာလည်း မနေ့တစ်နေ့ကဖြစ်ခဲ့တဲ့အပေါ် ရက်လည်ဆွမ်းကျွေးနေသလို ခံစားရတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးတဲ့အချိန်ရောက်တိုင်း အိမ်ကိုလာတဲ့ အပေါင်းအသင်းတွေနဲ့အတူ အိမ်ထဲမှာရှိတဲ့ ဓာတ်ပုံကြီးတွေရှေ့မှာ အလေးပြုတာတွေလုပ်ကြပါတယ်။ ဒီနှစ်မှာတော့ ဆွမ်းကျွေးတာကို အိမ်မှာမလုပ်ပါဘူး။ တက္ကသိုလ်ရိပ်သာလမ်းထဲက ဘုန်းတော်ကြီးကျောင်းမှာ လုပ်မှာပါ"ဟု ဦးရဲမြင့်အောင်ကဆိုသည်။

ဒီမိုကရေစီပြည်သူ့အစိုးရလက်ထက်တွင် အာဇာနည်ဗိမာန်ကို ယခင်နှင့်မတူ ပြင်ဆင်မှုတွေလုပ်နေသည့်အတွက် ယခုနှစ်အာဇာနည်နေ့သည် ထူးခြားသည့်အသွင်သစ်များဖြင့်လည်း ပြန်လည်နိုးထ အသက်ဝင်လာနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နေမှုအပေါ်တွင်လည်း ၎င်းတို့ အာဇာနည်မိသားစုဝင်များအနေဖြင့်လည်း ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ ။

## နောက်နှစ်ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာမည်

**ယနေ့နံနက် ၉ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ရှမ်းပြည်နယ်(တောင်ပိုင်း၊ အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျောက်ဖြူမြို့တွင် ၆ ဒသမ ၂၂ လက်မ၊ စစ်တွေမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ရန်ကုန်(ဒဂုံမြောက်ပိုင်း)တွင် ၂ ဒသမ ၅၆ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၄၄ လက်မနှင့် ထားဝယ်မြို့တွင် ၂ ဒသမ ဝ၄ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မနက်ဖြန်ညနေအထိ ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာမည်။

## မြစ်ရေကြီးခြင်း သတိပေးချက်

**(၂၀၁၆ ခုနှစ် ဇူလိုင် ၁၂ ရက်၊ ၁၃:၀၀ နာရီအချိန်ထုတ်ပြန်ချက်)**

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည်နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

# မော်လမြိုင် ညီလာခံသဘင်မှတ်တမ်းနှင့် သခင်အောင်ဆန်း

## မြင့်ဆွေဦး

တို့ဗမာအစည်းအရုံးကြီးမှာ နိုင်ငံရေးသြဇာတက်၍ လာသည်နှင့်အမျှ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ကို အရောက်ချီတက်နိုင်ရန် ခိုင်မာသော ခေါင်းဆောင်မှုနှင့် ကျယ်ပြန့်သောစည်းရုံးမှုမရှိက မဖြစ်နိုင်ပေ။

ထို့ကြောင့် မိမိတို့အင်အားများ စနစ်တကျ စုစည်းနိုင်ရေး စည်းကမ်းကျနသော ပြည်လုံးကျွတ် တို့ဗမာအစည်းအရုံးအသွင်ဖော်ထုတ်ရေးတို့အတွက် ၁၉၃၅ ခုနှစ် နွေရာသီတွင် တို့ဗမာသခင်များကို ကူညီအားပေးလျက်ရှိသော သမ္မတဦးစိုးသိမ်း အခြေစိုက်ရာ ဒေသလည်းဖြစ်သည့် ရေနံမြေဒေသကို ရွေးချယ်၍ ပြည်လုံးကျွတ် ပထမအကြိမ် ကွန်ဖရင့်ကို ကျင်းပရန် စီစဉ်ကြပေသည်။ ကွန်ဖရင့်ကျင်းပရန်အတွက် ၁၉၃၅ ခု မတ်လ ၃၀၊ ၃၁ နှင့် ဧပြီ ၁ ရက်နေ့များကို သတ်မှတ်လိုက်သည်။

နိုင်ငံကျော် စာရေးဆရာကြီး မစ္စတာမောင်မှိုင်း အမည်ခံ ပရိဂုဏ်ဆာ ဆရာလွန်းကလည်း သူရိယ သတင်းစာမှနေ၍ သခင်များ၏ ကွန်ဖရင့်ကို အင်တိုက်အားတိုက် တက်ရောက်အားပေးကြရန် ၁၉၃၅ ခု မတ်လ ၂၆ ရက်နေ့တွင် လှုံ့ဆော်ရေးသားခဲ့သည်။ ထိုကွန်ဖရင့်သို့ မစ္စတာမောင်မှိုင်း အမည်ခံ မျိုးချစ်စာရေးဆရာကြီး ပရိဂုဏ်ဆာ ဦးလွန်းသည် တက္ကသိုလ်ကျောင်းသား ကိုသိန်းဖေ ပင့်ဆောင်လာ၍ ကွန်ဖရင့်ကြီးသို့ ရောက်ရှိလာပြီး တို့ဗမာအစည်းအရုံးဝင်အဖြစ်လက်ခံကာ သခင်အမည်ခံယူခဲ့လေသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် တို့ဗမာအစည်းအရုံးကွန်ဖရင့်အပြီးတွင်

"တို့ဗမာတစ်ခွင် သခင် ထိုအကျော်အမော်ဂိုဏ်းတွင်ဖြင့်
မျိုးရတနာသဘင် အကြင်ပြဟ္မစိုရ်
ဗဟိုသော် တန္နိုင်းပေပ၊
ဇမ္ဗူသမိုင်း ပျော်စရာ့အခြေ၊
(အိုအကွယ်) သခင်ကိုယ်တော်မှိုင်းရယ်လို့
ခေါ်ကြစေ"ဟု ကြေညာလိုက်လေသည်။

၁၉၃၈ ခုနှစ်တွင် တို့ဗမာအစည်းအရုံးကြီး၏ တတိယအကြိမ် ညီလာခံကို ပြည်မြို့တွင် ကျင်းပရန် စီစဉ်လေသည်။ ယခင်သုံးနေကျ ကွန်ဖရင့်အစား ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ညီလာခံဟု ခေါ်ဆိုသုံးနှုန်း၍ ညွှန်ပြသည်ကို အလုပ်အမှုဆောင်အဖွဲ့က လက်ခံလိုက်ပြီး ထိုစဉ်ကစ၍ ညီလာခံဟူသော အသုံးအနှုန်းကို သုံးစွဲလာခဲ့လေသည်။

စတုတ္ထညီလာခံကျင်းပသော ကာလသည် တို့ဗမာအစည်းအရုံးအတွင်း သခင်ဂိုဏ်းကြီးနှစ်ခု အတိအလင်းကွဲပြားပြီးစဖြစ်ခြင်း၊ ၁၃၀၀ ပြည့် အရေးတော်ပုံတိုက်ပွဲကာလဖြစ်ခြင်း၊ ဒုတိယကမ္ဘာစစ် ဖြစ်ပွားတော့မည့်ဆဲဆဲကာလဖြစ်ခြင်းတို့ကြောင့် တို့ဗမာအစည်းအရုံး၏ တစ်ဆင့် တိုးတက်ဖြစ်ပေါ်မှု သမိုင်းလမ်းကြောင်းအရ လွန်စွာအရေးကြီးသော ညီလာခံဖြစ်သည်။

သခင်ကိုယ်တော်မှိုင်း ကြီးမှူးသော တို့ဗမာအစည်းအရုံးကြီး၏ စတုတ္ထအကြိမ်မြောက် ညီလာခံကို မော်လမြိုင်တွင် ၁၉၃၉ ခုနှစ် ဧပြီလ ၇ ရက်နေ့မှစ၍ ဧပြီလ ၁၀ ရက်နေ့အထိ လေးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့လေသည်။

ညီလာခံကြီးတွင် ဌာနချုပ်က အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းက ဌာနချုပ်အလုပ်အမှုဆောင် အစီရင်ခံစာကို တင်သွင်းဖတ်ကြားလေသည်။ ထိုအစီရင်ခံစာ နိဂုံးတွင် သခင်အောင်ဆန်းက အောက်ပါအတိုင်း တို့ဗမာအစည်းအရုံးကြီးတိုးတက်မှုကို ရည်ရွယ်၍ အောက်ပါအချက်များကို လေးလေးနက်နက် စဉ်းစားလိုက်နာသင့်သည်ဟု အစီရင်ခံခဲ့လေသည်။

ထို့ကြောင့်အစည်းအရုံးကြီး၏ တိုးတက်မှုကို ရည်ရွယ်၍ အောက်ပါအချက်များကို လေးလေးနက်နက် စဉ်းစားလိုက်နာသင့်သည်ဟု သဘောရရှိပါကြောင်း။

၁။ ယခု အဆောတလျင် အလုပ်သမား၊ လယ်သမား၊ ပညာရေး၊ ကိုယ့်မင်းကိုယ့်ချင်း ဝါဒပြန့်ပွားရေး၊ ဗမာ့လက်ရုံး၊ နိုင်ငံခြားဆက်သွယ်ရေးဌာနတို့ကို လုပ်သားအစုံအလင်နှင့်တကွ၊ ပိဋကတ်တိုက်၊ ကိရိယာတန်ဆာပလာအစုံအလင်ရှိသော ဌာနချုပ်တစ်ခုကိုရရှိစေရန် အပြင်းအထန် အားထုတ်ခြင်း။

၂။ အစည်းအရုံးကြီး၏ ပြန်လည်၍ ကျနစွာ တိုးတက်ပြုပြင်ရန်အတွက် အစည်းအရုံးအသစ် တည်ထောင်၍ စုံစမ်းရေးအဖွဲ့တစ်ခုကိုဖွဲ့၍ (က) ဗမာပြည်လုံးရှိ အစည်းအရုံးများအား စစ်ဆေး၍ ဆိုင်ရာအစည်းအရုံးများအား ကွဲလွဲနေသည်များကို အကြံပေးခြင်း၊ စေ့စပ်ခြင်း၊ (ခ) အစည်းအရုံးများတွင် တွေ့ရှိရသမျှကို အစီရင်ခံ၍ အစည်းအရုံးကြီးကို တစ်သံတည်း တစ်သွေးတည်း တစ်စည်းတည်း တစ်ဖက်တည်းရှိရန် ထောက်ခံချက်များ ပေးခြင်း၊ (ဂ) အစည်းအရုံးဝင်များအနက် မလိုလားအပ်သော သာရာစီးများ၊ သူလျှိုများ၊ အခြားအစည်းအရုံး၏ သူလျှိုများ ဂုဏ်သိမ်ညှိုးစေမည့် မတော်တရော် သခင်ဟူသမျှတို့ကို သုတ်သင်ရှင်းလင်းရေးအတွက် အလုပ်အမှုဆောင်အား ဘယ်သို့ပြုလုပ်ရမည်ဟု ထောက်ခံချက်များ ပေးခြင်း၊ (ဃ) အခြားစစ်ဆေးစုံစမ်းရသည့်အတိုင်း အစည်းအရုံး၏ တိုးတက်ရေးအတွက် အစည်းအရုံးတွင် ပြင်စရာ၊ ချဲ့စရာ ကိစ္စအဝဝတို့ကို အလုပ်အမှုဆောင်သို့ဖြစ်စေ၊ ဆိုင်ရာအဖွဲ့သို့ဖြစ်စေ အကြံဉာဏ်ပေးခြင်း၊ ထောက်ခံချက်များပေးခြင်း။

၃။ အစည်းအရုံးကြီးသည်အမြဲတစေ နိုင်ငံချဲ့စနစ် ကန့်ကွက်သည့် အစည်းအရုံးဖြစ်စေခြင်းမှာ လည်းကောင်း၊ ဝါဒစစ် ဝါဒမှန်ရှိစေရန်လည်းကောင်း၊ အစည်းအရုံးဝင်တိုင်း သိသင့် လိုက်နာသင့်သည့်အဓိကအချက်များကို ရှာဖွေကြေညာလိုက်နာစေရန်အတွက် ဝါဒစစ်ဆေးရေးအဖွဲ့ကို တီထွင်၍ အလျင်အမြန် အလုပ်လုပ်ပေးခြင်း။

၄။ အစည်းအရုံးကြီး၏ နေ့စဉ်လုပ်ငန်း အဖြာဖြာအတွက် လုပ်မည်ဖြစ်သော အစည်းအရုံးဝင်များကို ဝါဒနှင့်တကွ အလုပ်လုပ်နည်းစနစ်တို့ကိုပါ သင်ကြားပေးရန် စီမံခြင်း။

၅။ ဝါဒပြန့်ပွားမှုကို ရည်ရွယ်၍ လည်းကောင်း၊ အစည်းအရုံးအကြောင်းကို ပြည်တွင်း၊ ပြည်ပ ပျံ့နှံ့ကျော်ကြားရေးအတွက်လည်းကောင်း၊ သတင်းစာ သို့မဟုတ် သတင်းစဉ်တစ်စောင် ဗမာလိုထုတ်ဝေခြင်း၊ ၎င်းပြင် အင်္ဂလိပ်လို၊ ဗမာလို တစ်လ ၂ ကြိမ်ခန့် ပြန်တမ်းများ ထုတ်ဝေခြင်း။

၆။ အစည်းအရုံးကြီး၏ အသုံးစရိတ်များနှင့်တကွ အစည်းအရုံး အမြဲတမ်းအလုပ်သမားများ နေရေး စားရေးအတွက် ကျနသော ဘဏ္ဍာရေးစနစ်ထွင်ခြင်း။

၇။ အစည်းအရုံးနှင့် စည်းမျဉ်းကို အစည်းအရုံး၏ မူလနိုင်ငံချဲ့စနစ် ကန့်ကွက်သော အစည်းအရုံး သဘောမပျောက်ပျက်စေရန်လည်းကောင်း၊ တကယ့်သခင်စစ်များသာ ကြီးစိုးစေရန်လည်းကောင်း၊ အစည်းအရုံးကြီး၏ စည်းကမ်းကြီးမှုကို ရည်ရွယ်၍လည်းကောင်း ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခြင်း။

ဤကားအရေးကြီးသော လက်ငင်းလုပ်ငန်းအချို့တို့ပင်ဖြစ်၏။

တို့ဗမာအစည်းအရုံး သက်ဆုံးတည်ပါစေ။
ဗမာပြည်တွင် ကောင်းသောအစိုးရသာ တည်မြဲပါစေ။
မကောင်းသောအစိုးရကို ဖျက်သိမ်းနိုင်ပါစေ။
**(ပုံ) သခင်အောင်ဆန်း၊**
**အထွေထွေအတွင်းရေးမှူး၊**
**ဌာနချုပ် တို့ဗမာအစည်းအရုံးကြီး။**

**"ညီလာခံ"၏ အရင်းခံ ရည်ရွယ်ချက်သဘောမှာ ဆိုင်ရာဆိုင်ရာနယ်ပယ်အစုံအလင်မှ ကိုယ်စားလှယ်များသည် သတ်မှတ်ထားသော အချိန်တစ်ချိန်၌ လာရောက်တွေ့ဆုံကာ မိမိတို့နှင့်ဆိုင်သော ကိစ္စအဝဝကို နီးနှောတိုင်ပင်ဆွေးနွေး၍ မိမိတို့၏ပြဿနာများကို အကွက်ကျ နားလည်သိရှိရန်၊ နားလည်သည့်အတိုင်း မိမိတို့၏ ဆိုင်ရာအလုပ်စခန်းတို့ကို ပြုပြင်ရန် တိုးချဲ့ရန် အသစ်ထွင်ရန် ထိုမှတစ်ပါး မိမိတို့အချင်းချင်း ပိုမိုသွေးစည်းရင်းနှီး၍ တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းလိုသောစိတ်တိုးပွားကာ တညီတညာတည်း ပိုမိုအကျိုးရှိအောင် အလုပ်လုပ်နိုင်ရန် အလို့ငှာပင်ဖြစ်၏။**

ထို့မျှမက စတုတ္ထညီလာခံကြီးသည် နိုင်ငံတကာရေးရာနှင့်ပတ်သက်၍ အဘက်ဘက်မှ သုံးသပ်တင်ပြပြီး "နိုင်ငံချဲ့စနစ်များ အကျပ်တွေ့ပြီး ဒုက္ခများနေစဉ် ငါတို့သည် ဗြိတိသျှနယ်ချဲ့စနစ် စက်ကွင်းမှ လုံးဝလွတ်လပ်သော ကိုယ့်မင်းကိုယ့်ချင်း နိုင်ငံတည်ထောင်မှုအတွက် အားသွန်၍ လွတ်လပ်ရေးအရ ယူကြမည်ဖြစ်ကြောင်း" ဟု အဆိုအမှတ် ၈ လွတ်လပ်ရေးနှင့် ပတ်သက်သော အဆိုအဖြစ်အခိုင်အမာ ပြဌာန်းဆုံးဖြတ်ခဲ့သည်။

အထက်ပါအဆိုကို ပဏာမ အကောင်အထည်ဖော်ရန် အတွက် စတုတ္ထညီလာခံအပြီး ညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များထဲမှ လက်ရွေးစင်များကို ရွေး၍ကျိုက္ခမီတွင် နိုင်ငံရေးနှင့် စစ်ရေးသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

ဤကဲ့သို့ တို့ဗမာအစည်းအရုံး၏ တစ်ဆင့်တိုးတက်ဖြစ်ပေါ်မှု သမိုင်းလမ်းကြောင်းအရ တိုက်ပွဲဝင်လမ်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် စတုတ္ထညီလာခံက ချမှတ်ဆောင်ရွက်ခဲ့လေသည်။

တို့ဗမာအစည်းအရုံးကြီး၏ စတုတ္ထအကြိမ်မြောက် ကျင်းပသည့် မော်လမြိုင်ညီလာခံသည် လွတ်လပ်ရေးတိုက်ပွဲလမ်းကြောင်းပေါ်သို့ အရောက်ချီတက်နေပြီး အင်္ဂလိပ်နယ်ချဲ့ကို တိုက်ထုတ်နိုင်ခဲ့လေသည်။

"မော်လမြိုင်ညီလာခံမှတ်တမ်း" ကို စာအုပ်အဖြစ် ထုတ်ဝေသည့်အခါ သခင်အောင်ဆန်းက "ညီလာခံ" အဓိပ္ပာယ်ကို ရှင်းလင်းဖွင့်ဆိုရေးသားခဲ့သည်။ သခင်အောင်ဆန်း၏ "ညီလာခံ"ကို ဖော်ပြလိုက်ပါသည်။

ရှေးအခါက ဗမာဘုရင်များလက်ထက်တွင် တိုင်းပြည်ရှိ မြို့ရွာနယ်ပယ်တို့မှ မြို့စား ရွာစား စော်ဘွား စော်ခံ အပေါင်းတို့သည် ဘုရင့်ထံမှောက် လက်ဆောင်ပဏ္ဏာများဖြင့် စုံညီလာရောက်ပြီးလျှင် တိုင်းပြည်တွင် ဖြစ်ပျက်သော မိမိတို့ကိစ္စအဝဝကို ဘုရင်အား သံတော်ဦးတင်ကြရ၏။ ဘုရင်နှင့် ဆွေးနွေးလျှောက်ကြားကြရ၏။ ဤသည်ကို "ညီလာခံ"ဟု ခေါ်စမှတ်ပြုကြ၏။

ယခုအခါကား ဘုရင်ထံမှောက် ပြုလုပ်သည့် "ညီလာခံ" တစ်မျိုးတည်းသာ မဟုတ်တော့၊ ဓနရှင်ကိုယ်စားလှယ် အချင်းချင်းညီလာခံ၊ ဆင်းရဲသားကိုယ်စားလှယ်အချင်းချင်းညီလာခံ၊ တိုင်းပြည်ကိုယ်စားလှယ်အချင်းချင်းညီလာခံ စသည်ဖြင့် "ညီလာခံ" သဘင်မြောက်မြားစွာ ကမ္ဘာနှင့်အဝှမ်း ပြုလုပ်လျက်ရှိ၏။

"ညီလာခံ"၏ အရင်းခံ ရည်ရွယ်ချက်သဘောမှာ ဆိုင်ရာဆိုင်ရာ နယ်ပယ်အစုံအလင်မှ ကိုယ်စားလှယ်များသည် သတ်မှတ်ထားသော အချိန်တစ်ချိန်၌ လာရောက်တွေ့ဆုံကာ မိမိတို့နှင့်ဆိုင်သော ကိစ္စအဝဝကို နီးနှော တိုင်ပင်ဆွေးနွေး၍ မိမိတို့၏ပြဿနာများကို အကွက်ကျ နားလည်သိရှိရန်၊ နားလည်သည့်အတိုင်း မိမိတို့၏ ဆိုင်ရာအလုပ်စခန်းတို့ကို ပြုပြင်ရန် တိုးချဲ့ရန် အသစ်ထွင်ရန် ထိုမှတစ်ပါး မိမိတို့အချင်းချင်း ပိုမိုသွေးစည်းရင်းနှီး၍ တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းလိုသောစိတ်တိုးပွားကာ တညီတညာတည်း ပိုမိုအကျိုးရှိအောင် အလုပ်လုပ်နိုင်ရန် အလို့ငှာပင်ဖြစ်၏။

ငါတို့ တို့ဗမာအစည်းအရုံးကြီးသည် တစ်တိုင်းတစ်ပြည်လုံးရှိ တို့ဗမာအပေါင်းတို့အား သွေးစည်း၍ ၎င်းတို့အားလုံး လူတန်းစေ့ သူတန်းစေ့ နေမှုထိုင်မှု၊ ဝတ်မှုစားမှု အစခပ်သိမ်းကို စနစ်ကျကျစီမံဖန်တီးပေးမည့် "ကိုယ့်မင်းကိုယ့်ချင်း" လွတ်လပ်ရေးကိုရှေးရှု၍ တည်ထားအပ်သော အစည်းအရုံးဖြစ်၏။ သို့ဖြစ်သည့်အတိုင်း ငါတို့၌ တစ်တိုင်းတစ်ပြည်လုံးရှိ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား အစရှိသောအရေးများကို ထိထိရောက်ရောက် ဆောင်ရွက်ရန်ဖြစ်သော(နိုင်ငံရေးလုပ်ငန်းများ) နိုင်ငံရေးလုပ်ငန်းများကို ငါတို့၏ ရည်ရွယ်ချက် "ကိုယ့်မင်းကိုယ့်ချင်း" လွတ်လပ်ရေးကို အဓိကထား၍ ပြုလုပ်ကြရာဝယ် အစဉ်တစိုက် တညီတညာ တစ်သံတစ်သွေးတည်းရှိအောင် ငါတို့၏ အစည်းအရုံးအင်အား တောင့်တင်းခိုင်မာ စည်းကမ်းကျနလာစေရန် (စည်းရုံးရေးလုပ်ငန်းများ) ဤအဓိကလုပ်ငန်းနှစ်ဌာနနှင့်ပတ်သက်၍ စစ်ကြောဆွေးနွေးတိုင်ပင် ပြုပြင်တိုးချဲ့နိုင်မည့်နည်းများ ရှာဖွေရပေမည်။ နှစ်စဉ်နှစ်တိုင်း ငါတို့(တို့ဗမာအစည်းအရုံးကြီး)




၏ နှစ်ပတ်လည်(သခင်ညီလာခံ) ကျင်းပ၍ တစ်တိုင်းတစ်ပြည်လုံးရှိ သခင်ကိုယ်စားလှယ်တို့အား လာရောက်တွေ့ဆုံစေခြင်းမှာ သည်အတွက်ပင်ဖြစ်ပေ၏။ လွန်ခဲ့သော ၁၃၀၀ ပြည့် နှောင်းတန်ခူးလဆုတ် ၃၊ ၄၊ ၅၊ ၆ ရက်တို့တွင် ကျင်းပအပ်သော (မော်လမြိုင်ညီလာခံသဘင်)သည် စတုတ္ထအကြိမ်မြောက် ကျင်းပအပ်သော ညီလာခံပင်ဖြစ်၏။

နှစ်စဉ် နှစ်စဉ် "ညီလာခံ" သဘင်တစ်ခုသည် ငါတို့အစည်းအရုံးကြီး၏ တိုးတက်မှုတွင် မှတ်တိုင်တစ်ခု ထပ်၍ စိုက်လိုက်ခြင်းပင်ဖြစ်၏။ ယခု ရိုက်နှိပ်အပ်သော အထက်ပါ မော်လမြိုင်ညီလာခံ သဘင်မှတ်တမ်းမှာ နောက်ဆုံးစိုက်အပ်သော မှတ်တိုင်၏ အတိုင်းအဆ ခရီးအကွာ အမှန်ကို ဖော်ပြရန်အလို့ငှာပင်ဖြစ်၏။

ဤ'မော်လမြိုင်ညီလာခံ သဘင်မှတ်တမ်း'ကို တို့ဗမာအစည်းအရုံးဝင် သခင်တိုင်းတို့သည် လက်ကိုင်ထား၍ ကောင်းစွာ ဖတ်ရှုလေ့လာကြစေလိုသည်။ ဤညီလာခံသဘင် ဆုံးဖြတ်ချက်များအရ ငါတို့အစည်းအရုံးအတွက် လုပ်ငန်းများ၊ တစ်တိုင်းတစ်ပြည်လုံးအတွက် လုပ်ငန်းများကို ကိုယ့်တာဝန်ကိုယ်ယူ၍ ဘယ်လိုလုပ်လျှင် ကောင်းမည်၊ ဆုံးဖြတ်ချက်များအရ ဆိုင်ရာဌာနချုပ် အလုပ်အမှုဆောင်ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့တို့က ဘယ်လိုလုပ်သင့်သည်၊ ဘာလိုလုပ်နေသည်၊ ဘယ်ဆုံးဖြတ်ချက်ကို ဘယ်လိုသဘောရသည်၊ ဘယ်လိုအဓိပ္ပာယ်မပေါက် ဘယ်လိုအလုပ်လုပ်၍ ခက်သည်၊ ဘယ်လို နောက်တစ်ခါ ပြုပြင်သင့်သည် စသဖြင့် ကျေးရွာ ရပ်ကွက် မြို့မ မြို့နယ် စီရင်စု အစည်းအရုံးဝင်အားလုံးသည် အမြဲဆွေးနွေးသုံးသပ်ကြစေလိုသည်။ မိမိတို့နှင့်ဆိုင်က မိမိတို့၏ လုပ်ငန်းများကို ပြုပြင်စီမံပေးကြစေလိုသည်။ ဌာနချုပ် အလုပ်အမှုဆောင်နှင့်ဆိုင်လျှင် ဌာနချုပ်သို့၊ ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်နှင့်ဆိုင်လျှင် ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့သို့၊ စီရင်စုအစည်းအရုံးနှင့်ဆိုင်လျှင် ဆိုင်ရာအစည်းအရုံးသို့ အကြံပေးခြင်း၊ မေးမြန်းခြင်း၊ တိုင်ကြားခြင်း၊ အစီရင်ခံခြင်းစသည်တို့ကိုပြုကြစေလိုသည်။ သို့မှသာလျှင် ဤမှတ်တမ်းကို ထုတ်ပြန်ရကျိုး နပ်ပေမည်။

ဤမှတ်တမ်းသည် ဗမာပြည်ရှိ တို့ဗမာ သခင်အပေါင်းတို့အား ခေါင်းဆောင်လမ်းပြမီးရှူးသဖွယ် ဖြစ်စေသတည်း။

တို့ဗမာအစည်းအရုံးကြီး သက်ဆုံးတည်ပါစေ။
အရေးတော်ပုံ အောင်ပါစေ. . . .

**သခင်အောင်ဆန်း**
**အထွေထွေအတွင်းရေးမှူး**

ဤသို့ဖြင့် တို့ဗမာအစည်းအရုံးမှ သခင်ခေါင်းဆောင်များသည် လွတ်လပ်ရေးတိုက်ပွဲတွင် ဦးဆောင်ပါဝင်ခဲ့ကြလေသည်။ ။

# နည်းပညာအကူအညီပေးရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၁၂**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နေ့စဉ်စားသုံးမှုအတွက် အာဟာရပြည့်ဝရေးနှင့် စားနပ်ရိက္ခာဘေးအန္တရာယ်ကင်းရှင်းလုံခြုံမှုရှိစေရေးဆိုင်ရာကိစ္စရပ်များသည် နိုင်ငံအားလုံး၏ ပထမဆုံးဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ယခုအခါ အပူပိုင်းဇုန်ရပ်ဝန်းဒေသများရှိ ကျေးလက်နေတောင်သူများအနေဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသဘာဝဘေးဒဏ်၏ ဆိုးကျိုးများဖြစ်သည့် သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် လေလွင့်ဆုံးရှုံးခြင်းနှင့် အထွက်နှုန်းလျော့နည်းမှုဒဏ်များကို အပြင်းအထန်ခံစားနေရပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ဆက်လက်၍ အပူပိုင်းဇုန်ရပ်ဝန်းအား အခြေတည်၍ ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေရှိသော ကွင်းဆက်တန်ဖိုးမြှင့် စိုက်ပျိုးစီးပွားရေးကဏ္ဍဆိုင်ရာ စီမံကိန်းအား ပြီးစီးအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးကို မိမိတို့ဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့အကြား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤစီမံကိန်းသည် စိုက်ပျိုးထွက်ကုန်သီးနှံများ အရည်သွေးမြှင့် တိုးတက်ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်စီးပွားရေးစနစ်မြင့်မားလာရေး၊ ကျေးလက်နေတောင်သူလယ်သမားများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာရေးတို့ကို ရည်ရွယ်ပါကြောင်းဖြင့် ယနေ့နံနက် ၉ နာရီက နေပြည်တော် ဟိုတယ်ဇုန်ရှိ Park Royal Hotel ၌ ကျင်းပသော ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးထုတ်လုပ်မှုစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် တန်ဖိုးကွင်းဆက်များကဏ္ဍ နည်းပညာအကူအညီပေးရေးစီမံကိန်းအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်အတူ အမြဲတမ်းအတွင်းဝန်များဖြစ်ကြသော ဒေါက်တာတင်ထွဋ်နှင့် ဒေါက်တာခင်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ စီမံကိန်းတာဝန်ခံ Dr. Ancha Srinivasan၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါစီမံကိန်းကို CLMV နိုင်ငံများအနက် မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်း၏အကျိုးသက်ရောက်မှုများအနေဖြင့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည့် ဆင်းရဲနွမ်းပါးသော တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုတန်ဖိုးကွင်းဆက်များ ဖွံ့ဖြိုးရေးအပါအဝင် ကျေးလက်ဒေသဆင်းရဲမှုနှင့် အလုပ်လက်မဲ့ဦးရေ လျော့ပါးစေရေးတို့အတွက် ရည်ရွယ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**✻ အာဇာနည်မှ**

မကြာမီ ကျရောက်တော့မည့် ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်နှင့် ဝန်ကြီးများရုံးနှစ်နေရာတို့တွင် သတ်မှတ်အချိန်အတိုင်း ကျင်းပသွားမည်ဖြစ်သည်။

ထိုသို့ကျင်းပရာတွင် ယခင်နှစ်များနှင့်မတူဘဲ ယခုနှစ်တွင် အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုရှင်သန်နိုးကြားလာစေရန်နှင့် သမိုင်းအမွေအနှစ်များကို ထာဝစဉ်ထိန်းသိမ်းတတ်သော အလေ့အကျင့်ကောင်းများဖြစ်ထွန်းလာစေရန်အတွက် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သော ယခင်အတွင်းဝန်များရုံးဟောင်းနေရာတွင် ကျင်းပခြင်းဖြစ်သည်ဟု သိရသည်။

ယခုနှစ် ထူးခြားစွာကျင်းပမည့် ဝန်ကြီးများရုံး မြက်ခင်းပြင်နေရာသည် မြန်မာတစ်မျိုးသားလုံး၏ ဗြိတိသျှအုပ်ချုပ်ခံဘဝမှ လွတ်မြောက်ခဲ့သည့်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား လွှင့်တင်ပြီး ဗြိတိသျှတို့၏ ယူနီယံဂျက်အလံအား အပြီးအပိုင်ချခဲ့သည့် သမိုင်းဝင်နေရာဖြစ်သည်။ ထို့အပြင် နိုင်ငံလွတ်လပ်ရေးအတွက် အားထုတ်ကြိုးပမ်းရင်း နိုင်ငံနှင့်လူမျိုးအတွက် အသက်စွန့်လွှတ်ခဲ့ရသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ကိုးဦးတို့၏ မော်ကွန်းကမ္ပည်းကျောက်စာရေးထိုးထားသည့် သမိုင်းဝင်နေရာလည်းဖြစ်သည့်အပြင် နိုင်ငံလွတ်လပ်ရေးရရှိပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်စတင်ခဲ့သော တိုင်းပြုပြည်ပြုပါလီမန်အမတ်များ အစည်းအဝေးများကျင်းပခဲ့သည့် အဆောက်အအုံအပါအဝင် သမိုင်းမှတ်တိုင်များဖြင့် ပြည့်နှက်နေသောနေရာများအား ပြည်သူများအနေဖြင့် ထာဝစဉ်အမှတ်ရစေရန်တို့ကို ရည်ရွယ်ကျင်းပခြင်းဖြစ်သည်ဟု သိရသည်။

ဝန်ကြီးများရုံးနေရာတွင် ပြည်သူကိုဗဟိုပြု၍ ထူးခြားစွာကျင်းပသော ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် အလံတိုင်တစ်ဝက်လျှော့ချ အလေးပြုအခမ်းအနားအပြီးတွင် သမိုင်းဝင်ဖော်ပြထားသော နေရာများနှင့် သမိုင်းဝင်ရှေးဟောင်းအဆောက်အအုံဖြစ်သည့် ယခင် အတွင်းဝန်များရုံး၏ ခံ့ထည်မှု၊ ပတ်ဝန်းကျင်အား အများပြည်သူများ လေ့လာကြည့်ရှုခွင့်ကို နံနက် ၈ နာရီခွဲနောက်ပိုင်း ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ စောသိန်းဝင်း)**

# အထကကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်

**ဘိုကလေး ဇူလိုင် ၁၂**

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မလော့ကျေးရွာအုပ်စု ပေချောင်းကြီးကျေးရွာရှိ အထက(ခွဲ)ကျောင်းအား အထကအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်သည့် အခမ်းအနားအား ဇူလိုင် ၁၂ ရက် နံနက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို ကံ့ကော်တစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေလာသ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးကျော်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ကျောင်းကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည်ပက်ဖျန်းပေးပြီး ဒုတိယညွှန်ကြားရေးမှူးက အထက(ခွဲ)အဆင့်မှ အထကအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအား ပညာရေးတိုးတက်မြင့်မားအောင် ကြိုးစားဆောင်ရွက်ရေးနှင့် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ အထကအဆင့်သို့ တိုးမြှင့်ခြင်းအထိမ်းအမှတ်အလံအား အထက(ပေချောင်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မင်းငြိမ်းက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သပြေထွန်း)**

**❁ ရှေ့ဖုံးမှ**

၄။ မဘသအဖွဲ့၏ သဘောထားထုတ်ပြန်ချက် အပိုဒ် (၂) (ခ)တွင် ၎င်းအဖွဲ့သည် သံဃနာယကလက်စွဲ၊ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်သည့်အဖွဲ့အစည်းကြီးဖြစ်သည်ဟု ဖော်ပြခြင်းမှာလည်း လုံးဝ (လုံးဝ)မဟုတ်မှန်ပါ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ သံဃနာယကလက်စွဲ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်ထားသည့် ညွှန်ကြားလွှာ စသည်တို့၌လည်း ဖော်ပြထားခြင်းမရှိပါ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၂)၊ အပိုဒ် (၄) ၌ " ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ ဂိုဏ်းပေါင်းစုံပါဝင်သော သံဃာ့အဖွဲ့အစည်း တစ်ခုတည်းသာရှိရမည်"ဟု ခိုင်မာစွာ ပြဋ္ဌာန်းထားခြင်းနှင့် အဆိုပါပြဋ္ဌာန်းချက်နှင့် အညီ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဖွဲ့စည်းထားပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ရကား မဘသအဖွဲ့သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ သံဃနာယကလက်စွဲ၊ ညွှန်ကြားလွှာများ၌ ဖော်ပြပါရှိခြင်း မရှိသည့်အပြင် အဆိုပါ ညွှန်ကြားလွှာ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းထားသည့်အဖွဲ့မဟုတ်ပါကြောင်း အများပြည်သူများ ယုံမှားသံသယမရှိစေရန် ထုတ်ပြန်ကြေညာလိုက်သည်။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု၊
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တစန္ဒိမာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဉာဏိန္ဒ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဝိလာသ
(ဓမ္မာစရိယ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဒေါက်တာဘဒ္ဒန္တပညာနန္ဒ
(အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တသြဘာသာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဝိလာသ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဂုဏိကာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တဓမ္မာစာရ
(မဟာဂန္ထဝါစကပဏ္ဍိတ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တနန္ဒသာရ
(မဟာဂန္ထဝါစကပဏ္ဍိတ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တသြဘာသ
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တအဂ္ဂဓမ္မ
(အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တသီလာစာရာဘိဝံသ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

# အလုပ်လုပ်ကိုင်လိုခြင်းမရှိ၍ မြန်မာနိုင်ငံသို့ပြန်ရောက်

**မြဝတီ ဇူလိုင် ၁၂**

ထိုင်းနိုင်ငံ လော့ပူရီခရိုင် လော့ပူရီမြို့ရှိ ဂျယ်လီစက်ရုံသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ခဲ့သော MoU မြန်မာ အလုပ်သမား အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၃၅ ဦး စုစုပေါင်း ၇၀ တို့သည် ထိုင်းနိုင်ငံ၌ ဆက်လက်အလုပ်လုပ်ကိုင်လိုခြင်းမရှိသည့်အတွက် ထိုင်းနိုင်ငံ မဲဆောက်မြို့ ထိုင်း-မြန်မာချစ်ကြည်ရေးတံတားမှတစ်ဆင့် မြန်မာနိုင်ငံ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ကျောက်လုံးကြီးရပ်ရှိ ယာယီ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းသို့ ဇူလိုင် ၁၁ ရက်တွင်ရောက်ရှိလာခဲ့ကြောင်း ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းမှ သိရသည်။

အဆိုပါအလုပ်သမား ၇၀ တို့သည် ၎င်းတို့အလုပ်လုပ်ကိုင်နေသောစက်ရုံ၌ အချိန်ပိုအလုပ်ဆင်းသော်လည်း အချိန်ပိုလုပ်ခများမရရှိခြင်း၊ အလုပ်သမားအဆောင်နေခနှင့် ရေမီးအသုံးပြုခတိုးမြှင့်ကောက်ခံခြင်းတို့ကို မကျေနပ်သဖြင့် အဆိုပါအချက်များကို ပြေလည်စွာဖြေရှင်းပေးရန် စက်ရုံမန်နေဂျာထံသို့တောင်းဆိုခဲ့ရာ မန်နေဂျာက ဖြေရှင်းပေးမှုမရှိသဖြင့် ပြဿနာဖြစ်ပွားခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဦးဆောင်သူ ရှစ်ဦးအား အလုပ်ထုတ်ပယ်ခြင်းခံရသည့်ကိစ္စကြောင့် မြန်မာအလုပ်သမားများ စက်ရုံ၌ အလုပ်မဆင်းကြဘဲ ဆန္ဒပြခဲ့ကြသဖြင့် မြန်မာအလုပ်သမားရေးရာသံအရာရှိ ဦးမိုးအောင်ခိုင်၊ ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအရေး ပူးတွဲလှုပ်ရှားမှုကော်မတီဥက္ကဋ္ဌ ဦးမိုးကြိုးနှင့် ကုမ္ပဏီပိုင်ရှင်များက ညှိနှိုင်းဖြေရှင်းပေးခဲ့ပြီး စက်ရုံ၌ လုပ်ကိုင်လိုသူများအား ဆက်လက်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်းညှိနှိုင်းခဲ့သည်။ ၎င်းတို့သည် စက်ရုံ၌ ဆက်လက် အလုပ်လုပ်ကိုင်လိုခြင်းမရှိတော့သဖြင့် MoU စနစ်အရ ပို့ဆောင်ပေးခဲ့သည့် အလုပ်သမားအကျိုးဆောင်ကုမ္ပဏီများဖြစ်သည့် Perfect Company၊ ထူးသစ်ဇေကုမ္ပဏီ၊ ရွှေရည်ဖြိုးအောင် ကုမ္ပဏီ၊ ဌေးကုမ္ပဏီ၊ Royal 40 Company၊ ဇွဲသုခကုမ္ပဏီတို့မှတစ်ဆင့် ပြည်တွင်းသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း



နှင့် ၎င်းတို့အား သက်ဆိုင်ရာကုမ္ပဏီများ၏အစီအစဉ်ဖြင့် မိမိနေရပ်သို့ ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ကျောက်လုံးကြီးရပ်ရှိ ယာယီ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းမှ သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

### ❂ RBE ရထားတွဲဆိုင်းသစ်မှ

အဆိုပါ တိုက်ကြီး-အင်းစိန်-တိုက်ကြီး RBE ရထားခရီးစဉ်တွဲဆိုင်းသစ်၏ အဆန်/အစုန်ခရီးစဉ် ပြေးဆွဲမည့်အစီအစဉ်အရ တိုက်ကြီးမြို့နယ်မှ နေ့စဉ်စတင်ထွက်ခွာမည့် အမှတ်(၆၆) အစုန် RBE ရထားတွဲဆိုင်းသစ်မှာ တိုက်ကြီးဘူတာမှ နံနက် ၆ နာရီ ၄၅ မိနစ်တွင် စတင်ထွက်ခွာပြေးဆွဲမည်ဖြစ်ပြီး အင်းစိန်ဘူတာသို့ နံနက် ၈ နာရီ ၃၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ အင်းစိန်ဘူတာမှ ပြန်လည်ထွက်ခွာမည့် အဆိုပါ အမှတ်(၆၅)အဆန် RBE ရထားတွဲဆိုင်းသစ်မှာ အင်းစိန်ဘူတာမှ ညနေ ၅ နာရီခွဲတွင်ပင် ပြန်လည်ထွက်ခွာပြေးဆွဲမည်ဖြစ်ပြီး တိုက်ကြီးဘူတာသို့ ည ၇ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ အဆိုပါတိုက်ကြီး-အင်းစိန်-တိုက်ကြီး RBE ရထားခရီးစဉ်တွဲဆိုင်းသစ်၏ ကြားဘူတာခရီးစဉ်များမှာ ပိတောက်တန်း-ဖူးကြီး-လက်ပံတန်းစု-ဝါးနက်ချောင်း-မှော်ဘီ-လှော်ကား-တညင်းကုန်းဘူတာတို့ဖြစ်ပြီး အသွား၊ အပြန်(အစုန်/အဆန်) ခရီးစဉ်များကို ရပ်တန့်ပေးသွားမည်ဖြစ်သည်။

အမှတ်(၆၅) အဆန် RBE ရထားတွဲဆိုင်းရထားလက်မှတ်ခ ခရီးစဉ်နှုန်းထားများမှာ အင်းစိန်ဘူတာမှ မှော်ဘီဘူတာသို့ ငွေကျပ် ၂၀၀၊ အင်းစိန်ဘူတာမှ တိုက်ကြီးဘူတာသို့ ငွေကျပ် ၃၀၀ သတ်မှတ်ထားရှိ ကာ အမှတ်(၆၆) အစုန် RBE ရထားတွဲဆိုင်းရထားလက်မှတ်ခ ခရီးစဉ်နှုန်းထားများမှာ တိုက်ကြီးဘူတာမှ မှော်ဘီဘူတာသို့ ငွေကျပ် ၂၀၀၊ တိုက်ကြီးဘူတာမှ အင်းစိန်ဘူတာသို့ ငွေကျပ် ၃၀၀ သတ်မှတ်ထားရှိကြောင်း သိရသည်။ တိုက်ကြီး-အင်းစိန်-တိုက်ကြီး RBE ရထား ခရီးစဉ်တွဲဆိုင်းသစ်ပြေးဆွဲပြီဆိုလျှင် ရန်ကုန်ဘူတာကြီးမှ တိုက်ကြီးဘူတာသို့သွားမည့်ခရီးသည်များသည် အင်းစိန်ဘူတာ၌ ချိတ်ဆက်လိုက်ပါစီးနင်းနိုင်ကြမည်ဖြစ်ပြီး တိုက်ကြီးဘူတာမှ ရန်ကုန်ဘူတာကြီးသို့လိုက်ပါစီးနင်းကြမည့် ခရီးသည်များသည်လည်း အင်းစိန်ဘူတာ၌ပင် ချိတ်ဆက်လိုက်ပါစီးနင်းနိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာ့မီးရထားမှ ရထားစီးခရီးသည်များ အဆင်ပြေစေရေးအတွက် တစ်ရက်လျှင် ခေါက်ရေ ၂၁၅ ခေါက်ကို RBE ရထားတွဲဆိုင်း ကိုးဆိုင်း၊ တွဲဆိုင်းကြီး ၁၄ ဖြင့် ပြေးဆွဲပေးလျက်ရှိပြီး ရထားစီးခရီးသည်ဦးရေမှာ တစ်ရက်လျှင် ပျမ်းမျှဦးရေ ၇၂၅၀၀၀ ခန့်ထိ လိုက်ပါစီးနင်းလျက်ရှိကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။

**စိုးဝင်း**(MLA)

❏

### ❖ မြန်မာ ယူ-၁၆ အသင်းမှ

သည် အုပ်စုကျပ်အတွင်း ကျရောက်နေသော်လည်း နှစ်ပွဲကစား၊ လေးမှတ်ရရှိထားသောကြောင့် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။

မြန်မာအသင်းသည် ဩစတြေးလျနှင့် သရေကျခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ဆက်လက်ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ၁၂ မိနစ်တွင် မြန်မအသင်းအဖွင့်ဂိုးရခဲ့ပြီး အောင်ဝဏ္ဏစိုးက အဝေးမှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဒုတိယဂိုးကိုလည်း အောင်ဝဏ္ဏစိုးက ၃၉ မိနစ်တွင် ပထမဂိုးသွင်းခဲ့သည့်အတိုင်း အဝေးကန်ချက်ဖြင့် ရယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်တွင် စင်ကာပူနောက်တန်း ပြုဆင်းသွားခဲ့ပြီး တိုက်စစ်မှူး ဝင်းနိုင်ထွန်းက ၄၁ မိနစ်တွင် တတိယဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းအစတွင်အောင်ဝဏ္ဏစိုးနှင့် ပြည့်စုံနိုင်တို့ကို အနားပေးခဲ့ပြီး အပြောင်းအလဲလုပ်ခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းထင်သလောက် ဖိအားပေးနိုင်ခြင်းမရှိတော့ဘဲ စင်ကာပူအသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုအချို့ ပြုလုပ်နိုင်ခဲ့သည်။ ၇၈ မိနစ်တွင် ရဲရင့်အောင်က မြန်မာအတွက် စတုတ္ထဂိုးသွင်းယူခဲ့ပြီး စင်ကာပူအတွက် ချေပဂိုးတစ်ဂိုးကို ပွဲပြီးခါနီးတွင် မိုဟာမက် ဒန်နီရယ်က သွင်းယူခဲ့သည်။

အုပ်စု(က)အခြားပွဲစဉ်တွင် ဗီယက်နမ်အသင်းက ဩစတြေးလျအသင်းကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် ဇူလိုင် ၁၄ ရက်တွင် နှစ်ပွဲဆက်အနိုင်ရထားသည့် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ဖိုးသော်ဇင်)**

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

၂၀၁၆ ခုနှစ် အဌမအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲကို နံနက်ပိုင်းပွဲစဉ်အဖြစ် ယနေ့နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အုပ်စု(က)မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်လေးဂိုးစီ သရေပွဲအဖြစ်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၄)၌ အုပ်စု(က)မှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေပိုင်းပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၄)၌ အုပ်စု(ခ)မှ ပညာရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ကျင်းပသော အုပ်စု(ခ)မှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ရေးရာဝန်ကြီးဌာနဘောလုံးအသင်းက ကိုးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

ဇူလိုင် ၁၃ ရက် ပွဲစဉ်များအဖြစ် နံနက်ပိုင်း ၇ နာရီခွဲတွင် အုပ်စု(ဂ)မှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေး ကွင်းအမှတ်(၃)၌လည်းကောင်း၊ အုပ်စု(ဂ)မှ နေပြည်တော်စည်ပင်သာယာရေးအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၄)၌လည်းကောင်း၊ ညနေပိုင်းပွဲစဉ်အဖြစ် ညနေ ၃ နာရီခွဲတွင် အုပ်စု(ဃ)မှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်းအမှတ်(၁)၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

❖

## ရှုံးထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ရန်ကုန်နှင့် ဟံသာဝတီတွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၁၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ချန်ပီယံဟောင်းများဖြစ်သည့် ၂၀၁၁ ချန်ပီယံ ရန်ကုန်အသင်းနှင့် ၂၀၁၀ ချန်ပီယံ ဟံသာဝတီအသင်းတို့ တွေ့ဆုံလျက်ရှိသည်။

ပထမနေ့ပွဲစဉ်အဖြစ် အောင်ဆန်းကွင်း၌ ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် ရတနာပုံအသင်းတို့ယှဉ်ပြိုင်မည်ဖြစ်ကာ ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ရှုံးထွက်ချန်ပီယံဟောင်း နှစ်သင်းဖြစ်သည့် ရန်ကုန်နှင့် ဟံသာဝတီထိပ်တိုက်တွေ့ဆုံမည့်ပွဲမှာ အကြိတ်အနယ်ရှိမည့် ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပေသည်။ ရန်ကုန်နှင့်ဟံသာဝတီအသင်းသည် ယခုရာသီအမှတ်ပေးပြိုင်ပွဲ၌ တစ်ကြိမ်သာ တွေ့ဆုံသေးပြီး ဟံသာဝတီအသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ဟံသာဝတီအသင်းသည် ဒုတိယအကျော့တွင် ခြေစွမ်းရော ရလဒ်ပိုင်းပါ တည်ငြိမ်မှုမရှိသေးဘဲ အသင်းခေါင်းဆောင် အောင်ဇော်သည် ယခုပွဲကို ထပ်မံလွဲချော်မည်ဖြစ်သည်။ ရန်ကုန်အသင်းသည် နည်းပြသစ် ဦးမျိုးမင်းထွန်းလက်ထက်တွင် ရလဒ်ကောင်းမွန်လာပြီး ဒဏ်ရာနှင့် ပွဲပယ်ကစားသမားမရှိပေ။ ဒုတိယအဆင့်က ရန်ကုန်က မဟာယူနိုက်တက်၊ ဟံသာဝတီက မနောမြေတို့ကို အနိုင်ယူလာခြင်းဖြစ်သည်။

ရတနာပုံအသင်းသည် ကွာတားဖိုင်နယ်တွင် ပထမတန်းကလပ် မြဝတီနှင့် ကစားရမည်ဖြစ်သည်။ မြဝတီအသင်းသည် ဒုတိယအဆင့်တွင် နာမည်ကြီးဇေယျာရွှေမြေကို အနိုင်ယူလာသည့် အသင်းဖြစ်သောကြောင့် ရတနာပုံအသင်း ပေါ့ဆ၍မရသည့်ပွဲဖြစ်သည်။ ရတနာပုံအသင်းတွင် အမာခံကစားသမားအချို့ ပါဝင်နိုင်မည်မဟုတ်ရာ ကစားပုံမာကျောသည့် မြဝတီအသင်းကို သတိပြုရမည်ဖြစ်သည်။ ရတနာပုံအသင်းသည် ၂၀၁၅ ရှုံးထွက်ပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့် အသင်းဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

### ❏ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲမှ

ရရှိခဲ့သည်။ ထိုင်ဆွန်နမ်အသင်းသည် အနိုင်ဂိုး ငါးဂိုးစလုံးကို ပထမပိုင်းတွင် သွင်းယူခဲ့ခြင်းဖြစ်ပြီး မြန်မာကလပ်အတွက် ချေပဂိုးတစ်ဂိုးကို ခိုင်မာဦးက ၃၁ မိနစ်တွင် သွင်းယူပေးခဲ့သည်။ အခြားပွဲစဉ်တွင် အင်ဒိုနီးရှားကလပ် ဂျာရာကန်ဆီနာအသင်းက ထိုင်းကလပ် နာခွန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲစဉ်အပြီးတွင် မြန်မာအမျိုးသမီးကလပ် W.F.C သည် သုံးပွဲကစား တစ်မှတ်သာရရှိသေးသောကြောင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရပြီး တတိယနေရာလုပွဲကစားခွင့်ရရှိရန် နောက်ဆုံးပွဲ၌ ရလဒ်ကောင်းရန် လိုအပ်နေသည်။ အမျိုးသားပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ထိုင်းကလပ် ထိုင်းဆိပ်ကမ်းအသင်းက လာအိုကလပ် Lanexang အသင်းကို ကိုးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး နှစ်ပွဲဆက်အနိုင်ရရှိခဲ့သည်။

အုပ်စု စတုတ္ထနေ့ပွဲစဉ်များကို ဇူလိုင် ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၁၁ နာရီတွင် အမျိုးသမီးပွဲအဖြစ် W.F.C မြန်မာနှင့် နာခွန်(ထိုင်း)၊ မွန်းလွဲ ၂ နာရီတွင် အမျိုးသားပွဲအဖြစ် Lanexang (လာအို)နှင့် Black Steel (အင်ဒိုနီးရှား)၊ ညနေ ၄ နာရီခွဲတွင် အမျိုးသမီးပွဲအဖြစ် ဗန်ကောက် (ထိုင်း)နှင့် ထိုင်ဆွန်နမ်(ဗီယက်နမ်)၊ ညနေ ၇ နာရီတွင် အမျိုးသားပွဲအဖြစ် MIC (မြန်မာ)နှင့် ထိုင်းဆိပ်ကမ်း(ထိုင်း)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**သတင်း- ရဲရင့်ရှိုင်း**

**ဓာတ်ပုံ - ကိုကိုစိုးညွန့်**

◆

## ပဲခူး၌ ကျန်းမာရေးအသိပညာပေး ဟောပြော

**ပဲခူး ဇူလိုင် ၁၂**

ပဲခူးတက္ကသိုလ်ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော လူငယ်လူရွယ်များ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ပဲခူးမြို့ ပဲခူးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာမကြီးဒေါက်တာဒေါ်ရင်ရင်သန်းက အဖွင့်အမှာစကားပြောကြားရာ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏အထူးပြုဘာသာရပ်တစ်ခုကို ကျွမ်းကျင်ရုံသာမက အသိပညာဗဟုသုတတိုးပွားရန်လည်း လိုအပ်ကြောင်းနှင့် ကျန်းမာရေးကဏ္ဍသည် အရေးကြီးသောကြောင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲ အပါအဝင် အခြားဟောပြောပွဲများကိုလည်း ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်းက ပျိုရွယ်သူမျိုးဆက်ပွားခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာပေးခေါင်းစဉ်ဖြင့် ဟောပြောပြီးနောက် ပဲခူးတက္ကသိုလ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဓာတုဗေဒဌာနပါမောက္ခ ဒေါက်တာအေးအေးမျိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကြေးမုံ ဖတ်ကြည့်

**မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှု ရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာပေသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်း ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလ လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။**

## ကျော်စောမင်း

**၁။ ဆုနှင့် လွဲနေဆဲ**

နိုဘယ်စာပေဆုကြေညာရန် နီးကပ်လာပြီဆိုလျှင် ဩဇာရှိသူများ၊ နီးစပ်သူများနှင့် စာပေအကဲဖြတ်တို့က ထင်ကြေးများပေးကြလေ့ရှိသည်။ ဆောင်းပါးအများစုမှာ ထိုနှစ်အတွက် ရရန်အထိုက်ဆုံး စာရေးဆရာကို စာပေအမြင်ဖြင့် ခန့်မှန်းပေးကြခြင်း ဖြစ်တတ်သည်။ အနည်းစုကတော့ ကိုယ့်လူကို စဉ်းစားမိအောင် တပ်လှန့်ပေးခြင်းများ ဖြစ်တတ်သည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်လောက်မှစပြီး နိုဘယ်စာပေဆုအတွက် နှစ်စဉ်လိုလို တစ်ပေးခံရသူတစ်ဦး ရှိခဲ့သည်။ အင်္ဂလိပ်စာရေးဆရာကြီး Graham Greene ဂရေဟမ်ဂရင်း (ဖတ်သံအမှန်-ဂရမ်ဂရင်း) ဖြစ်ပါ၏။ ကျိန်းသေပေါက်ရမည်ဟု တစ်ပြေးပြီးမှ တစ်နှစ်ပြီးတစ်နှစ် ပြုတ်ကျကျန်ခဲ့ရာတွင်လည်း ထိုစာရေးဆရာကြီးက စံချိန်တင်ပါသည်။

နိုဘယ်စာပေဆုအတွက် ဘယ်မူများသုံး၍ ရွေးချယ်ရမည်ဟု ကန့်သတ်ချက် တရားဝင်မရှိပါ။ သို့သော် ပင်ကိုရေးဖြစ်ရခြင်း၊ အနုပညာမြောက်ခြင်း၊ လောကသဘော၊ လူ့သဘောတို့နှင့်ပတ်သက်၍ လေးနက်ခြင်း၊ အဆင့်အတန်းမြင့်သော ပင်ကိုရေးစာပေများဖြစ်ခြင်းဆိုသည့် ယေဘုယျ သတ်မှတ်ချက်မျိုးတော့ ရှိမည်ထင်သည်။ ရွေးချယ်ရေးအဖွဲ့၏ အစီရင်ခံစာများကို ဖတ်ကြည့်လျှင် ထိုသဘောကို တွေ့မည်။

ဂရမ်ဂရင်းသည် လေးနက်သော၊ ဩဇာကြီးသော ဝတ္ထုကြီးများ ရေးခဲ့သူဖြစ်ပါ၏။ သို့သော် နိုဘယ်စာပေဆုကား နတ်ကြီးသည်။ စာအုပ်ရာချီရေးခဲ့သည်။ ဆောင်းပါးတွေ ထောင်ချီရေးခဲ့သည်။ ဟိုဆု သည်ဆုတွေ ရဖူးသည်။ အသက်ကြီးရင့်သည်ဆိုတာမျိုးလောက်နှင့် မရ။ ရေးခဲ့ဖူးသော စာများထဲတွင် ဘာတွေပါခဲ့သည်ကိုပါ အလေးအနက်ထားသည်။ ဂရင်းအတွက် အခက်တွေ့ရခြင်းမှာလည်း ဤအချက်ပင်ဖြစ်သည်။ အနှစ်ပြည့်သော လေးလေးနက်နက်ဝတ္ထုကြီးများရေးခဲ့သလိုပင် ဖတ်ဖြစ်ရုံ ခပ်ပေ့ါပေ့ါဝတ္ထုတွေလည်း ရေးခဲ့သည်။ သိက္ခာကြီးမားလှသော နိုဘယ်စာပေဆုရသွားသူသည် ဤလို ခပ်ပေါပေါဝတ္ထုမျိုးကိုလည်း ရေးသည် (ဝါ) ခပ်ပေါပေါ ဝတ္ထုမျိုးရေးသူလည်း နိုဘယ်စာပေဆုရသည်ဟု အပြောမခံ။ ထို့ကြောင့်ပင် ဂရမ်ဂရင်းခမျာ ဆုနှင့် ဝေးနေရှာသည်။

နိုဘယ်စာပေဆုကို ခြောက်ပြစ်ကင်းဟု ပြော၍တော့ မရပါ။ ကိုယ့်နိုင်ငံကွက်ကွက်ကလေးမှာပင်လျှင် သိပ်မထင်ရှားလှသူတွေ ရဖူးသည်။ ရသစာပေဆုအဖြစ် ရှေ့တန်းတင်ထားသည့်တိုင် ဝတ္ထုတစ်ပုဒ်၊ ကဗျာတစ်ပုဒ်တောင်မှ မရေးဖူးသူတွေ ရဖူးသည်။ အထင်ရှားဆုံးဥပမာမှာ **ဝင်စတန်ချာချီ** ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် သူရေးထုတ်သော ဒုတိယကမ္ဘာစစ်သမိုင်းကိုအကြောင်းပြု၍ ပေးခြင်းဖြစ်သည်။ အတော်အဝေဖန်ခံရသည်။ သူ့စကားပြေ ကောင်း၊ မကောင်း ကျွန်တော်မသိပါ။ သမိုင်းကျမ်းဖြစ်၍ တိတိကျကျရှင်းရှင်းလင်းလင်းရေးလိမ့်မည်ဟုတော့ မှန်းမိသည်။ သူ့မတိုင်ခင်က နိုဘယ်စာပေဆုရသွားသော **ဟာမင်ဟက်ဆာ**၏ စကားပြေကိုတော့ မီရန် အကြောင်းမမြင်ပါ။ ရသစာရေးဆရာမဟုတ်ဘဲ စာပေဆုရ၍ ဝိုင်းဝေဖန်ကြခြင်းလည်း ဖြစ်မည်။ အလင်္ကာကျော်စွာဘွဲ့ ချီးမြှင့်ထားပါလျက်နှင့် အစိုးရကိုချည်း ဝေဖန်တိုက်ခိုက်နေသော ဆရာကြီးသခင်ကိုယ်တော်မှိုင်းကိုမကျေနပ်၍ အလင်္ကာကျော်စွာတွေ ဖောဖောသီသီ ထုတ်လုပ်ပစ်သော ဝန်ကြီးချုပ်ဦးနု၏ လုပ်နည်းလုပ်ဟန်ကို သတိရလိုက်မိပါသည်။

ရုရှားစာရေးဆရာ ပုရှ်ကင်နှင့် တော်စတွိုင်းတို့အား ထည့်သွင်းမစဉ်းစားခဲ့ခြင်းမှာလည်း နိုဘယ်စာပေဆုရွေးချယ်ရေးအဖွဲ့အတွက် အမည်းစက်တစ်စက် ဖြစ်ခဲ့ကြောင်း ပြောရပါဦးမည်။

ကျွန်တော်တို့ဆီမှာလည်း နိုဘယ်စာပေပွဲတော်ကို နှစ်စဉ် ကျင်းပပေးနေသော နိုဘယ်-မြန်မာစာပေအဖွဲ့ ရှိနေပါသည်။ ကမ္ဘာ့နိုဘယ်ဆုနှင့် ပတ်သက်သော တာဝန်ရှိနိုင်ငံများမှ အထူးဧည့်သည်တော်များလည်း တက်ရောက်ကြပါသည်။ ပွဲတစ်ပွဲတွင် ထိုအဖွဲ့မှ ပုဂ္ဂိုလ်တစ်ဦးက မြန်မာပြည်မှာ နိုဘယ်စာပေဆုရနိုင်တဲ့ အက်ဆေးဆရာ၊ ကဗျာဆရာ၊ ဝတ္ထုဆရာတို့ မြင်မိသလားဟု မေးပါသည်။ မမြင်မိပါဟု ဖြေလိုက်ပြီးမှ ကိုယ့်တိုင်းပြည်ကို နှိမ်လိုက်သလို ဖြစ်သွားမည်စိုး၍ ရှည်ရှည်ဝေးဝေး ဖြေပေးရပါသည်။ နိုဘယ်ကော်မတီက လက်ခံစဉ်းစားဖို့အတွက် သူတို့သတ်မှတ်ထားသည့် ဘာသာတစ်မျိုးမျိုးဖြင့် ရေးသားထားခြင်း၊ ဘာသာပြန်ဆိုထားခြင်းဖြစ်ဖို့ လိုသည်။ ဤလို ဘာသာပြန်ဆိုမှုက အခုမှ မြေစမ်းခရမ်းပျိုးဆဲ ရှိသည်။ အင်္ဂလိပ်စာတွင် အင်္ဂလိပ်စာပေပညာရှင်များနှင့်ယှဉ်နိုင်ပြီး ကိုယ်တိုင်လည်း စာရေးဆရာဖြစ်ကာ အင်္ဂလိပ်လို ဝတ္ထုရေးနိုင်သော ဆရာမကြီး ဒေါ်ခင်မျိုးချစ်ကို မြန်မာစာပေသမားတို့ မျှော်လင့်ချက်ထားခဲ့ကြဖူးသည်။ ကာရန်ညီသော ကဗျာများရေးတတ်သူတစ်ဦးကလည်း သူ့စာအုပ်များကို အငှားဘာသာပြန်နှင့် ထုတ်ဝေခဲ့ဖူးသည်။

မြန်မာစာအုပ်ကောင်းများကို ဘာသာခြားသို့ ပြန်ဆိုရေး၊ အထူးသဖြင့် အင်္ဂလိပ်ဘာသာသို့ မှန်မှန်ကန်ကန်နှင့် လှလှပပပြန်ဆိုရေးကို လုပ်ဆောင်ရန်မှာ အခက်အခဲများစွာရှိသည်။ အဓိကမှာ ဘာသာပြန်ဆရာကောင်းကောင်းရဖို့ဖြစ်သည်။ မြန်မာစာကို ထဲထဲဝင်ဝင် ကျွမ်းကျွမ်းကျင်ကျင်ရှိပြီး အင်္ဂလိပ်စာကိုလည်း သူတို့လူမျိုးက အလေးပြုရလောက်အောင် ကျွမ်းကျင်နေမှ ဖြစ်မည်။ **မြကန်သာ** ဆိုသည်ကို The Emerald Lake ဟု ဘာသာပြန်တတ်ရုံနှင့်တော့ မရပါ။ (**မြကန်သာ**၏ မူလမှာ **အမရကန်သာ** ဖြစ်၍ The Lake of Eternity က ပိုမှန်ပါလိမ့်မည်။)

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်လက်ထက်တွင် မြန်မာနိုင်ငံကုန်သည်ကြီးများအသင်း၌ အထက်ပါဦးတည်ချက်ဖြင့် ဆွေးနွေးပွဲကြီးတစ်ခုပြုလုပ်ခဲ့ဖူးသည်။ ဤလို ဘာသာပြန်ဆိုခြင်းလုပ်ငန်းအတွက် ပံ့ပိုးမည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ လူပုဂ္ဂိုလ်များကလည်း အားတက်သရော ဆက်သွယ်လာကြသည်။ ယခုအထိတော့ လုပ်ငန်းအဖွဲ့ကို တရားဝင်ထူထောင်သည်ဟု မကြားရသေးပါ။ ဖြစ်စေချင်လှပါသည်။

**၂။ ကဗျာ**

လွန်ခဲ့သော ၁၅ နှစ်ကျော်ကျော်လောက်က ဖြစ်မည်။ စာပေဆွေးနွေးပွဲငယ်တစ်ခုတွင် 'ကဗျာ နားလည်ခံစားမှု' ခေါင်းစဉ်ကို ဝိုင်းဝန်းဆွေးနွေးကြသည်။ မြို့ခံ (ထိုစဉ်က) အသက် ၇၀ အရွယ် ကဗျာဆရာကြီးနှင့် ကျွန်တော်တို့က ကဗျာကို နားလည်မှ ခံစားတတ်မည်ဟု ဆွေးနွေးသည်။ မြို့ခံ ကဗျာဆရာငယ်တစ်ဦး ဦးဆောင်သော ကဗျာဆရာလူငယ်များက နားမလည်လည်း ခံစားလို့ရပါသည်ဟု ပြန်ချေကြ၏။ တော်တော်ကြီး ညဉ့်နက်သည်အထိ အချေအတင် ဆွေးနွေးကြခြင်းဖြစ်သည်။ ဆရာကြီး ပိတ်ပြောပြောသည့် ဥပမာမှာ နားစွဲလောက်၏။ ခင်ဗျားတို့ကို မော်စီတုံးကြီးရဲ့ ကဗျာတစ်ပုဒ်ပြမယ်ဗျာ၊ တရုတ်စာ ဘူးသီးငါးပေါင်းကြော်တွေနဲ့ ရေးထားတာ။ မဖတ်တတ်ဘူး။ ကဲ ဘယ်လိုလုပ်







ခံစားမလဲဟု မေးခြင်းဖြစ်သည်။ အင်္ဂလိပ်ကဗျာများတွင် အဓိကအင်အားဖြစ်သော ရစ်သမ်နှင့် ခေတ်ပေါ်ကဗျာ၏ အလှဖြစ်သော သင်္ကေတ၊ နိမိတ်ပုံစသည့် အလင်္ကာများကို တော်ရုံအင်္ဂလိပ်စာတတ် မြန်မာများပင် အကောက်အယူလွဲတတ်ပုံများ ရှိခဲ့သည်။ အင်္ဂလိပ်စာတွင် စာလုံးများ၏ ရစ်သမ် အခြေခံအဖိအဖော့ stress မှာ မူသေဖြစ်ပြီး စာကြောင်းဖြစ်လာ၍ ရရှိလာသော သံစဉ်စီးဆင်းမှု (intonation နှင့် cadence)က အရှင်ဖြစ်သည်။ ရေးသားသူကဗျာရှင်၏ သက်ဝင်မှု mood ကို ဖတ်သူက မှန်းဆ၍ ချိန်ဆဆင်ခြင်ရသည်။ စာလုံးအလှ၊ အသံစီးဆင်းမှုအလှနှင့် အလင်္ကာတို့၏ ပေါင်းစည်းအားဖြင့် **ကဗျာဓာတ်** poetic element ပေါ်လာသည်။ ခေတ်ပေါ်ကဗျာကို ခံစားရာတွင် **ထိုကဗျာဓာတ်**က အဓိကဖြစ်သည်။ နားလည်မှုသာ ကဗျာဓာတ်ပေါ်မည်ဖြစ်ကြောင်းမှာ ရှင်းနေပါ၏။

ဧရာဝတီ စာပေပွဲတစ်ခုတွင် နောက်အမြင်သစ်တစ်ခုကို ရလိုက်ပါသေးသည်။ အာရှကဗျာများကို စိတ်ဝင်စားစွာ လေ့လာနေသော မျက်နှာဖြူအမျိုးသမီးတစ်ဦးက မြန်မာကဗျာဆရာတစ်ဦး၏ ကဗျာကို ဖတ်ပြသည်။ သူက မြန်မာလို တတ်လှသည်မဟုတ်ပါ။ ကဗျာတွင် အက္ခရာများမပါဘဲ ဂဏန်းများသာပါနေ၍ သူဖတ်ပြနိုင်ခြင်း ဖြစ်သည်။ ထိုဝမ်းတူးသရီးများကို ခံစားမှုအပြည့်ဖြင့်ဖတ်သွားရာ အသံစီးဆင်းမှု cadence အားကောင်းလှသောကြောင့် စွဲမက်စရာ ဖြစ်ခဲ့ရပါ၏။

စကားလုံး ကျစ်လျစ်ခြင်းနှင့် အသံ၏အင်အားကို ယူတတ်ခြင်းတို့ အရေးကြီးကြောင်း ပြောလိုရင်းဖြစ်ပါသည်။

ကြုံတုန်းတစ်ခု ပြောပါဦးမည်။ ဆရာဇော်ဂျီ၏ **ဗေဒါလမ်း** ကဗျာများတွင် ငါးဖျံလည်း ဇာတ်ရုံအဖြစ်ပါ၏။ ဖျံလိုလို ပုတိုတို (သို့သော် လက်သန်းခန့်မျှ သေးသေးကွေးကွေး မျက်စိပြူးပြူး၊ ရေထဲမှာ နေလေ့မရှိဘဲ ကမ်းစပ်လတာပြင်မှာသာ ကျက်စားတတ်သော ငါးဖြစ်သည်။) စာဟောဆရာ သုံးလေးဦးလောက်က ငါးဖျံကို **ငါးပုံ့**ဟု ပြောဟောနေကြတာ နာခဲ့ရဖူးပါသည်။ ငါးပုံ့က အရောင်ဖြူဖြူ ကိုယ်ထည်ပါးပါး၊ မြစ်လယ်မှာ နေလေ့ရှိပြီး တစ်ခါတစ်ခါ လေထဲခုန်ဝဲတတ်သည်။ ပင်လယ်ငါးပုံ့က အကောင်ပိုကြီးပြီး အုပ်ဖွဲ့အလိုက် ရေပြင်ပေါ် 'ပုံ့သန်း' တတ်သည်။ မြစ်ဝကျွန်းပေါ်အကြောင်း မသိလျှင် ငါးဖျံကိုလည်းကောင်း၊ လတာပြင်ကိုလည်းကောင်း၊ လမုတန်းကို လည်းကောင်း၊ မိုးနဲ့ လေ ရေရှုပ်ထွေးကိုလည်းကောင်း မသိနိုင်။ မသိဘဲ (ဝါ) နားမလည်ဘဲ **ဗေဒါလမ်း**ကို ခံစားပြရာတွင် ရရှိအပ်သောခံစားမှု သူ ရ၊ မရကို စဉ်းစားကြည့်သင့်ပေသည်။ ခေတ်ပေါ်ကဗျာ ဝေဖန်ရေးတွင် **အညွှန်း** ပစ္စည်း signifier နှင့် အညွှန်းခံ signified တို့မှာ သေသေချာချာ ဆင်ခြင်ရမည့်ကိစ္စဖြစ်ရာ ငါးဖျံနှင့် ငါးပုံ့ လွဲသွားသောအခါ ညွှန်းဆိုမှု၊ ကိုယ်စားပြုမှု signification လွဲသွားခြင်းကို တွေးကြည့်စေလိုပါ၏။ ခေတ်ပေါ်ကဗျာကို ဖတ်လျှင် 'အခံ' ရှိနေဖို့၊ ပြည့်နေဖို့ လိုကြောင်း ပြောချင်စိတ်ပေါ်ပါ၏။

**၃။ ဖတ်မိသမျှ**

(က) မိဂသမ္မတာမြစ်ကမ်းကို တည်ပုဒ်ပြု၍နှင့် မြန်မာစာ သုတေသနစာတမ်းများ
ပါမောက္ခ ဒေါက်တာညိမ်းညိမ်း
Wisdom House ၂၀၁၆ ဇွန်

ကဗျာဆရာ **ပျဉ်းမနားမောင်နီသင်း**၏ **မိဂသမ္မတာမြစ်ကမ်း၌** ကဗျာကို လေ့လာထားသော စာတမ်းကို ဦးဆုံးဖတ်ရသည်။ **မောင်နီသင်း**မှာ အစဉ်အလာ ကဗျာဆရာဟု ခေါ်ဆိုလေ့ရှိကြသော ခေတ်စမ်းအမွေကို ဆက်ခံသည့် ကဗျာဆရာမျိုးဟု အားလုံးကလက်ခံထားကြသည်။ ဤကဗျာသည် ဇာတ်ကြီးဆယ်ဘွဲ့လာ **သုဝဏ္ဏသာမ** ဇာတ်တော်ကို အခြေခံထားသောကြောင့် အစဉ်အလာကဗျာဆရာများ၏မူအတိုင်း 'ရှေ့နေလိုက်ခြင်း' များ 'ဆရာလုပ်ခြင်း'များ တွေ့ရလိမ့်မည်ဟု မျှော်လင့်ကြမည်ဖြစ်သည်။ ဒေါက်တာညိမ်းညိမ်းက မိဂသမ္မတာမြစ်ကမ်းပါးမှ ဇာတ်ဝင်ခန်းများကို ပြရုံသာပြပြီး အပြောကို မပါအောင် ထိန်းထားသောကဗျာအဖြစ် လေ့လာပြသည်။ သုတေသနစာတမ်းအင်္ဂါနှင့်အညီ ပြုစုထားခြင်းကို နှစ်သက်မိပါသည်။

ဒုတိယတစ်ပုဒ်မှာ 'ဓမ္မဝိလာသ ဝတ္ထုနှင့်ပတ်သက်၍' အမည်ရှိ စာတမ်းဖြစ်ပါသည်။ လင်းယုန်သစ်လွင်၏ အမျိုးသားစာပေဆုရ 'ဓမ္မဝိလာသ' ဝတ္ထုကို ဆန်းစစ်ပြထားသည်။ ဓမ္မဝိလာသည် Paul von Heyse ၏ The Fury (နင်လားဟဲ့ ချစ်ဒေါသ) ဝတ္ထုတို့နှင့် Nathaniel Hawthorne ၏ The Scarlet Letter (အိုဘယ့်ကံ)တို့နှင့် အဆက်အစပ်ရှိနေကြောင်းဟု စာတမ်းအကျဉ်းတွင်ပြောပြထားရာ ညောင်တုန်း စက္ကော့ဝန်းကျင်မှ သူတော်စင်ရဟန်းတစ်ပါး၏ ဇာတ်ကြောင်းနှင့် ဘယ်သို့သက်ဆိုင်နေပါသလဲဟု သိချင်စိတ် ဖြစ်ပေါ်လာသည့်နည်းတူ၊ မဟုတ်နိုင် မဖြစ်နိုင်တာကြီးဟု တွေးမိခြင်းလည်း ဖြစ်ပေါ်လာသည်။

ပညာရှင်ဆန်သော လေ့လာမှုများ၊ သေချာသော တင်ပြမှုများနှင့် တည်ငြိမ်သောအရေးအဖွဲ့တို့ကြောင့် သူ၏လေ့လာတွေ့ရှိချက်ကို လက်ခံလိုက်ရပါတော့သည်။ စနစ်တကျလေ့လာခြင်းနှင့် ဩဇာရှိရှိတင်ပြခြင်းတို့မှာ စာတမ်းရှင်၏ အဓိကအားသာချက်များ ဖြစ်သည်ဟု မှတ်ချက်ချမိပါသည်။

ကျန်စာတမ်းရှစ်စောင်တို့တွင်လည်း ကဗျာ၊ အက်ဆေး၊ မင်စာ၊ ကျောက်စာလေ့လာချက်များ ဖြစ်သည်။ ဆန်းသစ်သော ချဉ်းကပ်မှုများကို တွေ့ရ၍ စိတ်ဝင်စားစရာကောင်းပါသည်။

**(ခ) ကျွန်မဘဝ အမှတ်တရလေးများ**
**ခင်မြဆွေညို (လန်ဒန်)**
**နေရီရီ ၂၀၁၆ ဖေဖော်ဝါရီ**

စာတစ်ခါမှ မရေးဖူးသော အသက်(၇၅)နှစ်အရွယ် မြန်မာအမျိုးသမီးကြီးတစ်ဦး၏လက်ရာဖြစ်သည်။ အစဦးတွင် အရေးအသားက ခပ်တောင့်တောင့် (ခပ်ထောင့်ထောင့်မဟုတ်) ဖြစ်နေသော်လည်း နောက်ပိုင်းတွင် အရှိန်ရသွားပါသည်။ စစ်ကြိုခေတ်၊ ဒုတိယကမ္ဘာစစ်ခေတ်၊ စစ်ပြီးခေတ် စသည်တို့မှ မိမိကျင်လည်ရာဘဝ၏ မှတ်မိသမျှများကို ရေးပြထားသည်မှာ အဖတ်ရတန်ပါသည်။ လန်ဒန် BBC အသံလွှင့်ဌာနတွင် အမှုထမ်းခွင့်ရပြီးနောက် ရရှိခဲ့သောအတွေ့အကြုံများကို ဘာသာရေးပါမကျန် ရေးပြသွားသည်မှာ ဖတ်ပျော်လှသည်။ တစ်နေရာတွင်တော့ စာစီနှင့် စာပြင်အမှားကြောင့် ဟိုသရိုးလေဆိပ်က London Health Now ဖြစ်သွားရခြင်းကို သတိထားမိသည်။

ဤစာအုပ်နှင့်ဆက်စပ်ပြီး ညွှန်းချင်တာလေးများ ရှိပါသည်။ ဒေါ်ပဒ္မာမြားခင်၏ **သန္တာစမ်းမှ အလွမ်းစာ**၊ ဒေါက်တာခင်လကျာ်၏ နိုင်ငံခြားအတွေ့အကြုံ ၂ အုပ်၊ ဦးနေဝင်း၏ ဘီဘီစီအသံလွှင့် အတွေ့အကြုံ၊ မျိုးသာထက်၏ ဘီဘီစီသတင်းထောက် အတွေ့အကြုံစာအုပ်တို့ ဖြစ်ပါသည်။

**၄။ ကြည့်**

MRTV-4 သည် လူငယ်အနုပညာရှင်အသစ်များ မွေးထုတ်ခြင်းကို အလေးပေးခဲ့ပြီး **ကံ၊ ကံ**၏အကျိုး ဇာတ်လမ်းတိုများ လူရည်ချွန် ဇာတ်လမ်းတွဲတို့ ရိုက်ထုတ်လာခဲ့သည်။ **ကံ၊ ကံ**၏အကျိုးတွင် ဖားများကို ညှဉ်းဆဲသတ်ဖြတ်သော လူငယ်တစ်ဦးအကြောင်းကတော့ ကောင်းပါသည်။ အမျိုးသားဇာတ်ဆောင်က အလွန်တော်ပါသည်။ မကြာခင်ကမှ ကြည့်လိုက်ရသော လူသတ်ကား (အကြွေးမဆပ်နိုင်သူများကို သူဌေးက သတ်ခိုင်းလျှင် သတ်ပေးရသော ဇာတ်လမ်းတို) ကိုတော့ အားမရပေ။ လွယ်လွယ်ကူကူ သတ်ဖြတ်ပြနေသည်မှာ ဥပဒေမဲ့ မင်းမဲ့ နိုင်ငံဟု အထင်မှားသွားစေနိုင်သည်။

အထူးပြောလိုသည်မှာ **လူရည်ချွန်**ဇာတ်လမ်းတွဲ ဖြစ်သည်။ ရိုက်ကူးထုတ်လုပ်ရေးအဖွဲ့ကြီးဖွဲ့ပြီး နိုင်ငံခြားဇာတ်လမ်းတွဲများကို မီအောင်ကြိုးစားထားသည်။

**စာမျက်နှာ ၁၁ သို့**

**စာမျက်နှာ ၁၀ မှ**

မိဘပိုက်ဆံကို အလဟဿဖြုန်းတီးနေသောခေတ် ရန်ကုန်သူဌေးသား ဖွဲ့နိုင်က ကိုယ်ပိုင်ပြိုင်ကားလိုချင်နေသည်။ ဖခင်(နေအောင်)က သူမကြိုက်နိုင်သော သားကို ပြုပြင်ရန် ရည်ရွယ်ချက်ဖြင့် သူ့ဇာတိ မြောက်တောရွာတွင် မူလတန်းပြဆရာ တစ်နှစ်သွားလုပ်ရမည်၊ ပြန်လာလျှင် ပြိုင်ကားဝယ်ပေးမည်ဟု ကတိပေး၏။ ရွာတွင် ကျန်းမာရေးမှူး ပြုံးအောင် (ကျော်ဆု) နှင့် အတူနေရင်း ဖွဲ့နိုင်၏ အမြင်တွေ ပြောင်းလဲလာခဲ့သည်။ ကလေးများအပေါ် ချစ်ခင်စွာ စေတနာထားတတ်လာသည်။ ရပ်ရွာကောင်းကျိုးကို လုပ်ပေးတတ်လာသည်။ ကြောင်တောင်တောင် ဖက်ရှင်စတိုင်မှ သိက္ခာရှိသော ဝတ်စားနေထိုင်ပုံသို့ ပြောင်းလာသည်။ ဇာတ်သိမ်းခန်း၏ ပြချက်များက အလွန်ကောင်းသည်။ ကလေးများနှင့် ခွဲခွာပြီး လှည်းကလေးနှင့် ထွက်ခွာသွားပုံ၊ ကလေးများက ငိုကြပုံ၊ ဖွဲ့နိုင်လည်း ငိုပုံတို့မှာ အသက်ဝင်လှသည်။

ရွာတစ်ရွာကို အခြေခံထားသော်လည်း ရွာပြကွက်တွင် လူအင်အားနည်းလွန်းနေသည်။ ကျောင်းမှာလည်း ကျောင်းအုပ်မရှိ။ လုပ်အားပေးဆရာဖွဲ့နိုင်နှင့် ငွေနှင်းဖြူတို့အပြင် ကျောင်းဆရာမတစ်ဦးသာရှိသည်။ အတန်းကလည်း ဖွဲ့နိုင်စာသင်ရသော အတန်းတစ်တန်းတည်းသာ ပြနိုင်သည်။ ထိုအတန်းမှာပင် ကျောင်းသား ကျောင်းသူက ၂၀ မပြည့်။ ဘောလုံးပွဲတွင် ပရိသတ်နည်းလွန်းနေခြင်းမှာ ကျေးရွာသဘာဝနှင့် မကိုက်ညီ။ ဇာတ်သိမ်းခန်းတွင် ငွေနှင်းဖြူ၏ မင်္ဂလာပွဲ၌ ဘယ်လို ဘယ်လို ပြေလည်သွားကြမှန်း မသိဘဲ၊ ပြေလည်စရာ မရှိလောက်အောင်ပင် တစောင်းစေးနှင့် မျက်ချေးလို ဖြစ်ခဲ့ကြသော ကျော်ထူးနှင့်ခရေ၊ လှမြင့်နှင့် လှလွန်းဆွေတို့ကို ပြေလည်ပေးလိုက်ခြင်းမှာ လူ့စရိုက်သရုပ်ဖော်မှုကို အားနည်းစေသည်။ ဇာတ်ဆန်လွန်းနေသည်။

ရှင်လောင်းလှည့်ပွဲကို ရိုက်ထားသည်မှာ ကောင်းပါ၏။ ရွာဓလေ့အပြင် မြန်မာ့ရိုးရာဓလေ့နှင့်ပင် မကိုက်ဟုဆိုနိုင်သော အချက်တစ်ချက်ကိုတော့ တွေ့၏။ ခရေက စကားမပြောတတ်၊ မိဘများကိုလည်း မတွေ့သဖြင့် မိဘမဲ့ဟု ယူဆရပါသည်။ ခရေ က ရေထမ်းရောင်းပြီး မောင်ငယ်လေး (လပြည့်) ကို ကျောင်းထားသည်။ ရှင်ပြုပေးရန် ငွေစုသည်။ ထိုရှင်ပြုပွဲတွင် ရှင်လောင်းအစ်မသည် အစ်မကြီး ခရေသာဖြစ်သည်။ ပရိက္ခရာတို့ကို ပိုက်ရမည့်သူမှာ သူသာ ဖြစ်သည်။ သို့သော် ခပ်နွမ်းနွမ်းလေးဖြင့် လူအုပ်ကြားမှာ မထင်မရှားမျှသာ။ မသန်စွမ်းသူများကို နှိမ်သလို ဖြစ်မသွားဖို့ လိုသည်။ ရိုးရာထုံးစံကို မဆန့်ကျင်မိရန် လိုသည်။ အမှန်တော့ ထိုရှင်လောင်းလှည့်ပွဲသည် ငွေနှင်းဖြူ၏ မင်္ဂလာပွဲလိုပင် မလိုအပ်ပါ။

ကာလနှင့် နောက်ခံဝန်းကျင် မလိုက်ဖက်ခြင်းကိုလည်း သတိထားသင့်ပါသည်။ ပုပ္ပားဝန်းကျင်၏ ဆောင်းသဘာဝနှင့် နွေသဘာဝတို့ကို မမြင်ရပါ။

သရုပ်ဆောင်များက တော်ကြပါပေသည်။ ဇာတ်ညွှန်းကော၊ ဒါရိုက်တာကော တော်၍ဖြစ်မည်။ လမ်းဟောင်းမှ မခွာရဲသဖြင့် ဒေါက်တာနန္ဒကျော်ဆုတ်ခွာခန်း အစရှိသော ကတ်ကြေးစာတွေ ပါနေရသည်။ ရုပ်ရှင်တို့၊ ဗီဒီယိုကားတို့သည် စင်တင်ပြဇာတ်နှင့်မတူပါ။ ခပ်ပါးပါးပြပြီး မထည့်လည်း ဘာမှ မဖြစ်သော အကွက်များကို ရဲရဲဖြတ်ချရပါသည်။ လူပြိန်းကြိုက် လိုက်နေသမျှတော့ ရှေ့တိုးရန်မရှိ။

မျက်နှာသစ်ကလေးများ အလားအလာ ကောင်းကြသည်ကို ဝမ်းသာဖွယ်တွေ့ရပါသည်။ ပြုံးအောင်(ကျော်ဆု)၊ ဖွဲ့နိုင်(မြတ်သူကျော်)၊ ခရေ၊ မောင်ထွေး၊ လပြည့်၊ လှလွန်းဆွေ၊ အောင်ကျော်တို့၏ အနုပညာရှေ့ရေး လင်းလက်လာလိမ့်မည်ဟု ထင်ပါသည်။ နာမည်များကိုတော့ ပြန်စဉ်းစားကြစေချင်ပါသည်။ နေအဥ္စရာ (ငွေနှင်းဖြူ)၊ ဈူးဈူးဈာန် (ဖူးဖူးဇံဟု ဖတ်ရန်) (လှလွန်းဆွေ) တို့ စဉ်းစားနိုင်ကြရန် ဖြစ်ပါ၏။

လူပြိန်းကြိုက်များကို ရဲရဲလမ်းခွဲပြီး လူ့သဘာဝကို ပိုဂရုစိုက်လာသော ဇာတ်လမ်းတွဲများ ပေါ်ပေါက်လာရန်နီးပြီဟု ထင်မြင်ပါသည်။ နိုင်ငံတော်ကလည်း ရုပ်ရှင်ထူးချွန်ဆုလိုဆုမျိုးတီထွင်ချီးမြှင့်သင့်ပါပြီ။

ဇာတ်ပို့အချို့၏ အမည်ရင်း၊ အနုပညာအမည်များ မဖော်ပြနိုင်သည်ကို တောင်းပန်လိုက်ပါသည်။ အထူးသဖြင့် ထူးချွန်လှသော ကြိမ်လုံးကြောက် မောင်ထွေးကလေး၏ နာမည်ကို မဖော်ပြနိုင်သည်ကို အားနာလှပါသည်။

**၅။ စာဖတ်သူများသို့**

၁။ မြန်မာနိုင်ငံ ကျောင်းသားလှုပ်ရှားမှုသမိုင်း (၁၉၀၃-၆၂)၊ အောင်ထွန်း (ယဉ်မျိုးစာပေ)။ [အံ့ကျော်၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ (ခူဝံစာပေ) နှင့် ယှဉ်တွဲ ဖတ်ရှုသင့်]

၂။ ဆုတောင်းတွေပြည့်ဖို့။ ရဝေနွယ် (အင်းမ)။ (စာနဒီစာအုပ်တိုက်) [ကုသိုလ်ကောင်းမှု ကိစ္စများအတွက် ဖတ်သင့်]

၃။ ကတ်သီးကတ်သတ်၊ ရှာရှာဖွေဖွေ အူကြောင်ကြောင် ဥပဒေများ၊ ချစ်ဦးတင် (ယဉ်မျိုးစာပေ)။ [ပျော်ရွှင်လိုသူများ ဖတ်သင့်]

၄။ လီကွမ်ယု၏ အတွေးအခေါ်။ ဦးတင်ဦး (ကျူရှင်)။ (Wisdom House)။ [သစ္စာရှိသော ဘာသာပြန်လက်ရာ]

၅။ အိပ်မက်ချိုချိုဘဝခါးခါး၊ ယမင်းမြတ်အေး။ (လင်းလွန်းခင်)။ [ထိုင်းနိုင်ငံရောက်မြန်မာရွှေ့ပြောင်းလုပ်သားများအကြောင်း သတင်းသမားရေးသော ရသဝတ္ထု]

၆။ ဘဝခရီးသည်နှင့် ဓမ္မအရိပ်၊ အောင်ဇင်မင်း။ (နိဒါန်းသစ်)။ [ပေါ့ပေါ့ပါးပါးနှင့် ဖတ်ပျော်သည့် ဘာသာရေးကိုယ်တွေ့များ]

၇။ ပြည်တွင်းစစ်က ဘာရသလဲ၊ အေးမောင်ကျော်နှင့် ရွှေမိုးညို (ခူဝံ)။ [ဒုတိယပင်လုံကာလအတွက် စဉ်းစားရန်များ]

၈။ နှင်းဆွတ် . . . ရေ။ လက်ာရည်ကျော်။ (နန်းဒေဝီ)။ [သမိုင်းအကွေ့ကြီးတစ်ခုကို illusory realism ဖြင့် ရောမွှေထားသည့် ဝတ္ထု။ မဝင်းမော်ဦးကို သိသူများအတွက် ပို၍ အဓိပ္ပာယ် ရှိပါလိမ့်မည်]

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇူလိုင် ၆ ရက်မှ ဇူလိုင် ၁၁ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | အောင်ခင်မြင့် | နိုင်ငံတော်သီချင်း(ဒုတိယအကြိမ်) | ၁၅၀၀ိ/- | ပထမစာအုပ်တိုက် |
| ၂ | Kဇော်ဘာသာပြန်သူ-Ko | Kဇော် ဉာဏ်ပန်းအိုးလေး/A little Vase of Light Verses | ၁၅၀၀ိ/- | နှစ်ကာလများစာပေ |
| ၃ | ပါမောက္ခဒေါက်တာမြင့်သောင်း | သန်းကြွယ်သူဌေး လျှို့ဝှက်ချက်များ | ၃၀၀၀ိ/- | ဇေယျာမိုးစာပေ |
| ၄ | နိုင်ရဲကျော် | စတိဗ်ဂျော့/နည်းပညာတစ်ဖက်အနုပညာတစ်ဖက်နှင့် လူသား | ၃၅၀၀ိ/- | The Window book Publishing House |
| ၅ | | Cambridge English Flyers 9+CD | ၃၅၀၀ိ/- | Gold စာပေ |
| ၆ | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၇ | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | မန်လည်ဆရာတော်ဘုရားကြီးဘဒ္ဒန္တဇဝန | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၈ | ထုံးတောင် အရှင်ဓမ္မပီယ | ကျားကိုဖမ်းစားမည့်အတွေးများ | ၂၅၀၀ိ/- | နေလစာပေ |
| ၉ | စာသင်သန့်စင်၊ ပန်းချီခင်မောင်ဦး | Special English၁၀ တန်းအင်္ဂလိပ်စာ ဂုဏ်ထူးထွက်အောင်ဖြေနည်း+ CD | ၁၈၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၁၀ | ပါမောက္ခ ဒေါက်တာမြင့်သောင်း | အောင်မြင်ရေးအတွက် သော့ချက် ၂၁ ချက် | ၂၀၀၀ိ/- | ဇေယျာမိုးစာပေ |
| ၁၁ | ဦးဘုန်း(ဓာတု)မန္တလေး | နေ့စွဲ အတွေးရသစာစုများ | ၆၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၁၂ | ဒဂုန်ရွှေမျှား | ကိုးပွင့်စာပေ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၁၃ | ဒေါက်တာဦးသန်းထွန်း (ရွှေဘို) | စစ်မီးလျှံထဲက သတင်းစာ ဆရာ | ၁၀၀၀ိ/- | မိုးကျော်စာ ပေ |
| ၁၄ | အရှင်သူရိယ | အသိမဖြစ်-၂ | ၅၀၀ိ/- | မိတ်ဆွေများစာပေ |
| ၁၅ | စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ) | ကမ်းလက်အစုံအားပေးကူလှည့်ပါ | ၃၀၀၀ိ/- | စိန်လင်းစာပေ |
| ၁၆ | ဝင်းလှိုင်ဦး | စက်ာပူအမျိုးသားခေါင်းဆောင်ကြီး လီကွမ်ယုရဲ့အစောပိုင်းနှစ်များ ဟယ်ရီအရွယ်ရောက်စ | ၁၈၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၁၇ | ဝေဖြိုးအောင် (AIT Computer) | ကွန်ပျူတာအခြေခံနှင့် Window 10+ CD | ၃၀၀၀ိ/- | Hey Day |
| ၁၈ | မင်းသန်းထွက် | Technical Analysis Candlestick (Stock & Forex ဈေးကွက်များတွင်စတင်လုပ်ကိုင်လိုသူများအတွက် Technical indicator များ အသုံးပြုပုံ | ၃၀၀၀ိ/- | ခဝါလှေမွန် |
| ၁၉ | ဒေါက်တာသိန်းလွင် | လိုလိုလားလားပြောင်းကြရအောင်(သင့်အနာဂတ်ကို မျက်ဝါးထင်ထင်မြင်တွေ့စေနိုင်တဲ့အရေးပါတဲ့ခြေလှမ်းများ) | ၅၀၀၀ိ/- | ခဝါလှေမွန် |
| ၂၀ | ဝေလွင်မောင် | နှုတ်မှုရေးရာရှင်းလင်းတင်ပြခြင်းဆိုသည်မှာ | ၁၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၁ | မောင်ပုည | ကိုယ်တိုင်တွေ့ကိုယ်တိုင်ရေးဝတ်လစ်စလစ်ဂျပန် | ၅၀၀၀ိ/- | စိန်တိုက်စာပေ |
| ၂၂ | | ထင်ရှားကျော်ကြားသူတို့၏ အဆိုအမိန့်များ (အင်္ဂလိပ်-ဂျပန်-မြန်မာ) ၃ ဘာသာ | ၂၅၀၀ိ/- | မသိမ်းသိမ်းစာပေ |
| ၂၃ | | BURMA FOCUS VI,2016 (Challenges to Stability in Myanmar) | ၁၀၀၀ိ/- | ကွန်သာယာစာပေ |
| ၂၄ | ညီညီနိုင်-မြန်မာပြန် | လူမှုရေးစီးပွားရေးအောင်နိုင်ရေးညှို့စွမ်းအား | ၇၀၀၀ိ/- | မိဘမေတ္တာစာပေ |
| ၂၅ | ဝင်းဝင်းဏီ | ပန်းအပွင့်ကမ်းလင့်ကာကြိုနှင့်အက်ဆေးဝတ္ထုတိုများ | ၁၈၀၀ိ/- | GPGpmay |
| ၂၆ | ကြာဖြူနွယ် | ရင်ဝှက်ကြယ်နှင့် ခံစားမှုဝတ္ထုများ | ၂၀၀၀ိ/- | GPGpmay |
| ၂၇ | မောင်ညိုမှိုင်း(သန်လျင်) | ကိုတိုက်ကြီးနှင့် အဆိပ်ရှိသောမြွေများအပါအဝင် ဂမ္ဘီရဝတ္ထုတိုများ | ၁၈၀၀ိ/- | စိတ်ကူးသစ်စာပေ |
| ၂၈ | သောင်းဝေဦး | အရှေ့တောင်ပိုင်းက အမှတ်တရတိုက်ပွဲများ | ၃၀၀၀ိ/- | မြရတနာစာပေ |
| ၂၉ | မောင်ဇေယျာ | အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အာဇာနည်နေ့ဖြစ်စဉ် | ၁၅၀၀ိ/- | thekeycollection |
| ၃၀ | မင်းသိခ် | စနေမောင်မောင် | ၃၅၀၀ိ/- | ဘုမ္မာဝတီစာပေ |
| ၃၁ | အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံ | ပါရာယနဒေသနာ | ၂၅၀၀ိ/- | အောင်ဇမ္ဗူ |
| ၃၂ | ကိုအောင်စိုး(ရန်ကုန် စီးပွားရေးတက္ကသိုလ်) | အမတ်မင်းဖတ်ဖို့ | ၃၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၃၃ | ပန်းတနော်ခင်မောင်မြင့် | ယိုးဒယားပိုက်မြိတ်ကျွန်းစုနှင့်မြန်မာ့ပုလဲ | ၃၀၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၃၄ | ပြည်ကျော်ကျော် | မူလတန်းအကြိုတက်မယ့် ကလေးများအတွက် ရေးမယ်ဖျက်မယ်လေ့ကျင့်မယ် Work Book ABC 2 | ၃၀၀၀ိ/- | KKH စာပေ |
| ၃၅ | မြနှင်းဆီ | ဆုံးဖြတ်ချက်ချနည်း | ၃၀၀၀ိ/- | တူဒေးစာအုပ်တိုက် |
| ၃၆ | ဝေလွင်မောင် | သိက္ခာအပြီး | ၁၃၀၀ိ/- | မြဝတီစာပေ |
| ၃၇ | မင်းချစ်နိုင် | အဆိပ်နဲ့မျှဉ်းသတ်ခံနေရတဲ့မြန်မာပြည် | ၂၅၀၀ိ/- | ကောင်းကျော်စာပေ |
| ၃၈ | ပင်မြင့်စံ(ရွှေဘို) | ဘဝနှင့်တူတဲ့ချားရဟတ်နှင့် အခြားဝတ္ထုတိုများ | ၂၀၀၀ိ/- | GPGစာပေ |
| ၃၉ | ကလောင်စုံ | ပန်းချီလောက(ART CIRCLE) | ၂၅၀၀ိ/- | GPGစာပေ |
| ၄၀ | ကိုဆွေ(ပန်နိုရားမား) | ဆဋ္ဌမအာရုံရှင်ပီတာဟားကို့စ် | ၃၅၀၀ိ/- | ကိုဆွေ(ပန်နိုရားမား) |
| ၄၁ | ခိုင်အောင်ကျော် (နယူးယောက်) | အကြင်အရပ်ကဗျာများ | ၂၀၀၀ိ/- | ဦးခိုင်အောင်စာပေ |
| ၄၂ | မိုးကျော်သိန်း၊စိုင်းဝင်းမြင့် | ကဗျာဆိုင်ရာပိုအဲတာ | ၁၅၀၀ိ/- | ပါရမီစာပေ |
| ၄၃ | မျိုးမြတ်သူ၊ တက်စိုး | စိတ်ချမ်းသာပျော်ရွှင်သောနိုင်ငံတော် | ၁၅၀၀ိ/- | ပါရမီစာပေ |
| ၄၄ | ကာတွန်းဦးဖေသိန်း | ပုံပမာကာတွန်း | ၁၅၀၀ိ/- | ရုပ်ပြောင်စာပေ |
| ၄၅ | မိုယ်းဇော် | အသီးအပွင့်ကင်းသောနှစ်များ | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၄၆ | ပါမောက္ခဒေါက်တာမြင့်ဖံ | ဆော့ခရတ္တိရဲ့လူလုပ်ပြဋ္ဌာန်းဥပဒေလိုက်နာရေးနှင့် တမလွန်အယူအဆများ | ၃၅၀၀ိ/- | |
| ၄၇ | ပေါ်သစ် | အလှရှာပုံတော်(၂) | ၃၅၀၀ိ/- | စိတ်ကူးချိုချို |
| ၄၈ | Sara Gillbert | The Story of Google | ၁၀၀၀ိ/- | ပန်းဆက်လမ်း |
| ၄၉ | ကိုရွှေ | ရန်ကုန်ကိုအလစ်မပေးနဲ့ ဒေလီယာကဗျာများ | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၅၀ | ကလောင်စုံ | ပန်းချီလောကအမှတ်(၁) | ၂၅၀၀ိ/- | GPGစာပေ |
| ၅၁ | လွန်းထားထား | မော့ကြည့်တော ကြယ် | ၂၂၀၀ိ/- | တံခွန်တိုင်စာပေ |
| ၅၂ | အရှင်ဝါယမိန္ဒာလင်္ကာရ | လှပသော ဘဝတစ်ခုကို ထုဆစ်ခြင်း | ၁၇၀၀ိ/- | |
| ၅၃ | သန်းဝင်းလှိုင် | နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့နိုင်ငံရေးအပြောင်းအလဲ | ၃၀၀၀ိ/- | ခုနစ်စင်ကြယ် |
| ၅၄ | ကလောင်စုံ | အနုပညာလောက(၂) | ၂၅၀၀ိ/- | ရန်အောင်စာပေ |
| ၅၅ | ကြည်ဇော်အေး | ဖန်ပြွန်သန္ဓေသားကဗျာများ | ၁၀၀၀ိ/- | စိတ်ကူးချိုချို |
| ၅၆ | ဝင်းဝင်းလက် | အောင်မေ့ဖွယ် သူ | ၂၅၀၀ိ/- | |
| ၅၇ | ရွှေပြည်ရမ္မာ | ဗုဒ္ဓဝင်အကြောင်းသိကောင်းစရာ | ၁၀၀၀ိ/- | ရန်အောင်စာပေ |
| ၅၈ | ကျော်ဇင်ဟိန်း | ကွန်ကရိ၏အခြေခံသဘော | ၃၀၀၀ိ/- | ခုနစ်စင်ကြယ် |
| ၅၉ | နီနီနိုင်(သထုံ) | လောဘပင်လယ်ကသောကလှေငယ်လေးများ | ၁၀၀၀ိ/- | ခူဝံစာပေ |
| ၆၀ | အောင်နိုင်သူ | လုပ်ငန်းခွင် Business Dialogues for Advance Leanes | ၁၅၀၀ိ/- | မဇ္ဈိမ |
| ၆၁ | ဦးဇနိတာလင်္ကာရ | ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းဒေသနာ အမေးနှင့် အဖြေ | ၁၀၀၀ိ/- | နေရီရီ |
| ၆၂ | ဇော်ဂျီ၊ မင်းသုဝဏ် | ခရီးသည် | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၆၃ | ကိုကိုလေး | ဘနာဇီယာဘူတို(ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ) | ၅၀၀၀ိ/- | ယဉ်မျိုး |
| ၆၄ | သူလှိုင်၊ဝင်းကိုကို | ရွက်ကြွေလမ်းကပန်းရိုက်သံ | ၁၅၀၀ိ/- | အနာဂတ်ကာလ |
| ၆၅ | ဆရာဦးတင်ထွန်း | လိုတရ အင်္ဂလိပ်စကားပြောနည်း | ၃၅၀၀ိ/- | အာရုံသစ် |
| ၆၆ | မောင်သာနိုး | မိုးတစိမ့်စိမ့် | ၄၅၀၀ိ/- | ကွမ်းခြံလမ်း |
| ၆၇ | ကိုနေ(မန်း) | စေ့စပ်ညှိနှိုင်းဆွေးနွေးအဖြေရှာရေး | ၃၀၀၀ိ/- | ကိုနေ(မန်း) |
| ၆၈ | မောင်ဖီလာ | ဗာစကိုဒဂါးမားကို ကယ်တင်ခြင်း | ၁၂၀၀ိ/- | စိတ်ကူးချိုချို |
| ၆၉ | ကိုနေ(မန်း) | ၂၁ ရာစုခေါင်းဆောင်မှု | ၃၀၀၀ိ/- | ကိုနေ(မန်း) |
| ၇၀ | မြတ်သိမ်းကျော် | မြန်မာဂဏသုဒ္ဓိဝိမလ ဆန်းကျမ်းဗေဒင် | ၄၅၀၀ိ/- | ပြည့်ဝပျော်ရွှင်စာပေ |
| ၇၁ | ဝင်းလှိုင်ဦး | စက်ာပူအမျိုးသားခေါင်းဆောင်ကြီး လီကွမ်ယုရဲ့အစောပိုင်းနှစ်များ ဟယ်ရီနိုင်ငံတစ်ခုတည်ဆောင်ခြင်း | ၁၈၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၇၂ | ပြည်ကျော်ကျော် | မူကြိုကလေငယ်များအတွက်စကားလုံးဥယျာဉ် | ၂၀၀၀ိ/- | KKH စာပေ |
| ၇၃ | ပြည်ကျော်ကျော် | မူလတန်းအကြိုတက်မယ့် ကလေးများအတွက် ရေးမယ်ဖျက်မယ်လေ့ကျင့်မယ် Work Book abc 2 | ၃၀၀၀ိ/- | KKH စာပေ |
| ၇၄ | ကြည်အေး | ဖုန်းသက်တိုင် | ၁၆၀၀ိ/- | စိတ်ကူးချိုချို |

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၃- ၇ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-ပြည်သူ့နီတိ
"ပြိုင်တူတွန်းလှျှင် ရွေ့နိုင်ပါသည်"
၆း၂၀ ကာတွန်းအစီအစဉ်
"Big Hero(6)"(အပိုင်း-၂)
၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ"
(အပိုင်း-၃၉)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"နှင်း . . စေလိုရာစေ"
(အပိုင်း-၁၉)
၈း၅၀ MRTV Entertainment Music
၉း၀၀ စွန့်စားတဲ့ ခာတ်ပုံဆရာ
၉း၃၀ နိုင်ငံတကာ
ရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၄၀ ဝါတွင်းကာလ
၉း၅၀ တေးဂီတအစီအစဉ်
၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း
"ဂွန်(အောင်ရမည်)"
၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု
ဆရာတော်ကြီး၏
ပရိတ်တရားတော်
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်
ဆိုင်ရာစကားဝိုင်း
(Present And
Future of Myanmar's
Finance sector)
(အပိုင်း-၄)
၈း၃၅ "တိုင်းပြည်အတွက်အသက်ပေး
ကာကွယ်လွတ်လပ်ရေးကို
အရယူလို့ မမေ့နိုင်တဲ့ဗိုလ်ချုပ်"
၉း၃၅ စိုက်ပျိုးရေးရာအဖြေရှာ
"ဆယ်မာအူလ်းအွန်ဒုန်
ကျေးရွာသစ်စီမံကိန်းမှသည်
ဖွံ့ဖြိုးတိုးတက်သော
ကျေးရွာများဆီသို့"
၁၀း၃၅ အထွေထွေသုတအစီအစဉ်
"ကမ္ဘာဦးပင်"
၁၁း၁၅ "သူတို့အတွေး၊ သူတို့အမြင်"
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေး
အစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ" (အပိုင်း-၃၄)
၁း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ"(အပိုင်း-၆၀)
၂း၁၅ ကြယ်ပွင့်များရဲ့ရန်ခုန်သံ
(ရန်အောင်)
၂း၄၅ "သမိုင်းထဲကနေ့တစ်နေ့(သို့)
သမိုင်းထဲခဲကအာဇာနည်"
၃း၃၅ မြန်မာ့ငွေကြေးဈေးကွက်
ဆိုင်ရာစကားဝိုင်း
(Present And Futuren of
Myanmar's Finance sector)
(အပိုင်း-၄)
၄း၁၅ "အာဇာနည်နေ့ ဘယ်အခါ
မမေ့နိုင်သည့် ပြည်သူတို့ရဲ့
စကားသံ"
၄း၃၅ Football Magazine
(ရန်ကုန်ယူနိုက်တက်အသင်း)
၅း၁၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
(ကြယ်စင်ဖြိုးနှင့် စောထူးဇော်)
၅း၃၅ MHK Program
"စက်ရုပ်များရဲ့ကမ္ဘာ"
(စက်ရုပ်များနှင့်တုပဖန်တီးခြင်း)
၆း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ
"မာနဖြူဖြူ" [(ဦးဝင်းမြိုင်၊
ဝင်းဝင်းမြိုင်၊ မေဝင်းနိုင်၊
မမော်၊ ဆောင်းရနံ့)
(ဒါရိုက်တာ-သိမ်းစိုး
(သီဟရတနာ)]
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါ ဂင်ချီ" (အပိုင်း-၆၁)
၈း၀၀ ပြည်တွင်းသတင်း၊
နိုင်ငံတကာသတင်း၊
မိုးလေဝသအခြေအနေ
၈း၃၀ "တပ်မတော်ဖခင်
ဗိုလ်ချုပ်အောင်ဆန်း"
၉း၀၀ ပြည်တွင်းသတင်း၊
နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့ နှင်းဆီ"
(အပိုင်း-၃၅)
ဂီတသမား၊ဂီတစကား
(ဖော်ကွာဝေးအီနောင်
ဇာတ်တွက်ယိုးဒယား)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၆ မေတ္တာပို့
၇း၂၀ ဓမ္မပူဇာတေး
၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ မွေးမြူသုတ
၈း၃၀ DVD Hits
၈း၄၅ ဇာတ်လမ်းတို
၉း၁၅ သူနှင့်သူ၏သီချင်းများ
၉း၃၅ အမှတ်တရနေ့ရက်လေးများ
၁၀း၀၀ တစ်ပတ်အတွင်းစိုက်ပျိုးရေး
သတင်း
၁၀း၁၀ Made In Myanmar
၁၀း၂၅ သာယာသီကြွေး ခေတ်ဆန်းတေး
၁၀း၃၅ Journal Talk
၁၀း၅၀ သီချင်းလက်ဆောင်
၁၁း၂၅ ကျန်းမာသုတ
၁၁း၄၀ Sport Review
၁၂း၀၀ ခရီးလည်းသွား စကားလည်းဆို
၁၂း၁၅ DVD Hits
၁၂း၂၅ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂း၃၅ နှစ်(၈၀)ကျော်ကြားတေးများ
၄း၂၅ ရွှေဟောင်းသုတ
၄း၄၀ သာယာသီကြွေး ခေတ်ဆန်းတေး
၄း၅၅ ယနေ့ရန်ကုန် မြင်ကွင်းစုံ
၅း၁၀ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အယ်ဒါနှာ အပိုင်း(၄၁)
၆း၁၀ အမျိုးသားရေးတေးကဗျာ
၆း၁၅ Top Magic
၆း၃၅ Meet Whith The Celebrities
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ
အပိုင်း(၅၀)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ရယ်စရာပျော်စရာဟာသကမ္ဘာ
-ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ရင်နင့်အောင်ချစ်သူ
အပိုင်း(၁၈)

## OPPO ၏ Brand Ambassador အဖြစ် အဆိုတော်နီနီခင်ဇော်ကိုခန့်အပ်




မြန်မာနိုင်ငံတွင် ခေတ်စားအသုံးပြုလာသော Oppo စမတ်ဖုန်း၏ Brand Ambassador အဖြစ် အဆိုတော် နီနီခင်ဇော်ကို ခန့်အပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းအသုံးပြုမှုပမာဏ၊ လိုင်းအင်အားသိပ်သည်းမှုပမာဏ မြင့်တက်လာပြီး ငွေကြေးသင့်တင့်သည့် အဆင့်မြင့်စမတ်ဖုန်းများကိုလည်း အသုံးပြုမှုတွင်ကျယ်လာလျက်ရှိကာ စမတ်ဖုန်းဈေးကွက်သည်လည်း ကြီးမားလျက်ရှိသည်ဟု သိရသည်။

ယင်းကြောင့် Oppo အနေဖြင့်လည်း တေးသံရှင် နီနီခင်ဇော်အား Brand Ambassador ခန့်အပ်ကာ အဆိုပါမိုဘိုင်းဖုန်း၏ ကြော်ငြာပုံရိပ်များအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဇူလိုင် ၁ ရက်မှစတင်ကာ နီနီခင်ဇော်ဖြင့် ကြော်ငြာခဲ့သည့် Oppo စမတ်ဖုန်း၏ A37 ကို မြန်မာတစ်နိုင်ငံလုံးတွင် ရောင်းချပေးခဲ့ပြီး ရောင်းအားကောင်းခဲ့ကြောင်း အဆိုပါဖုန်းကုမ္ပဏီမှ သိရသည်။

အဆိုပါ Oppo A37 သည် ကင်မရာပိုင်းနှင့် ဒီဇိုင်းကောင်းမွန်သော အရည်အသွေးရှိပြီး 4G Plus ဝန်ဆောင်မှုပေးထားသော အူရီဒူး၏ ကွန်ရက်ကို အသုံးပြုနိုင်ပြီး ဆင်းမ်ကတ်နှစ်ကတ် အသုံးပြုနိုင်ကြောင်းသိရပြီး ယင်းဖုန်းကို ဈေးကွက်အတွင်းတွင် နီနီခင်ဇော်ဖုန်းဟု လူသိများလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

✳✳

## မာလာဝီရှိကလေးဆေးရုံသို့ သွားရောက်ကာ ပရဟိတလုပ်ငန်းများဆောင်ရွက်ခဲ့သည့် တေးသံရှင် မက်ဒေါနား



တေးသံရှင် မက်ဒေါနားသည် မာလာဝီနိုင်ငံ Blantyre မြို့ရှိ တည်ဆောက်ဆဲကလေးဆေးရုံတစ်ခုသို့သွားရောက်ကာ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်ခန့်က တေးသံရှင် မက်ဒေါနားအနေဖြင့် အာဖရိကတောင်ပိုင်း Blantyre မြို့ရှိ Queen Elizabeth ဆေးရုံသို့ သွားရောက်ကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများနှင့် ကလေးငယ်များအတွက် စိတ်ပိုင်းဆိုင်ရာအားပေးမှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းဆေးရုံကို ၂၀၁၅ ခုနှစ် မေလကတည်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ၂၀၁၇ နှစ်ဦးပိုင်းတွင် တည်ဆောက်ရေးလုပ်ငန်းများအားလုံးပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

"ဒီဆေးရုံမှာ ကလေးလူနာတွေအတွက် အထူးကုသမှုတွေ ပြုလုပ်ပေးနိုင်မှာဖြစ်တဲ့အတွက် ကလေးငယ်တွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ပတ်သက်ပြီးတော့ ကြီးမားတဲ့အကျိုးကျေးဇူးတွေရနိုင်မှာပါ"ဟု မက်ဒေါနားက သူ၏တွစ်တာစာမျက်နှာတွင် ဇူလိုင် ၁၀ ရက်က ရေးသားခဲ့သည်။

အဆိုပါဆေးရုံအဆောက်အအုံသစ်တွင် ကလေးလူနာများအတွက် စောင့်ရှောက်မှုပေးနိုင်ရန် ခွဲစိတ်ခန်းသုံးခန်း၊ ခုတင် ၅၀ ဆံ့ ဆေးရုံအဆောက်အအုံ၊ မခွဲစိတ်မီနှင့် ခွဲစိတ်ပြီးလူနာများအတွက် သီးသန့်အဆောင်များပါဝင်ကြောင်း သိရသည်။

တေးသံရှင် မက်ဒေါနားသည် မာလာဝီမှ ကလေးငယ်နှစ်ဦးကို မွေးစားထားသူတစ်ဦးဖြစ်ပြီး မာလာဝီမှ ကလေးငယ်များအတွက် ရန်ပုံငွေရှာဖွေခြင်းလုပ်ငန်းများကိုလည်း အားတက်သရော ဆောင်ရွက်လျက်ရှိသူတစ်ဦးလည်းဖြစ်သည်။

**မျိုးစန္ဒာမောင်-စုစည်းသည်**

## ပထမဆုံးအယ်လ်ဘမ်ဖြန့်ချိခဲ့သည့် GFriend ကေပေါ့ပ်အဖွဲ့



တောင်ကိုရီးယားကေပေါ့ပ်အဖွဲ့ GFriend သည် ပြီးခဲ့သည့် ဇူလိုင် ၁၁ ရက်က LOL အမည်ရှိ စတူဒီယိုအယ်လ်ဘမ်ကို ဖြန့်ချိခဲ့ပြီး အနာဂတ်တွင်လည်း sexy concept တစ်ခုကို ကျင်းပသွားရန် စီစဉ်လျက်ရှိနေကြောင်း သိရသည်။

အဖွဲ့ဝင်ခြောက်ဦးဖြင့် ၂၀၁၅ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည့် GFriend အဖွဲ့၏ ယခုအသစ်ထွက်ရှိသည့် အယ်လ်ဘမ်သည် ၎င်းတို့အဖွဲ့အတွက် ပထမဆုံးသော စတူဒီယိုအယ်လ်ဘမ်လည်းဖြစ်သည်။

ယင်း LOL အယ်လ်ဘမ်သစ်တွင် သီချင်း ၁၂ ပုဒ်ပါဝင်ပြီး ပေါ့ပ်၊ မြူးကြွသောတေးသီချင်းအကများနှင့် ရော့ခ်နှင့် R&B သီချင်းများ ပါဝင်သည်။

# ရသစုံပေးစွမ်းခဲ့တဲ့ ယူရို-၂၀၁၆ ဇာတ်သိမ်း















မေ လဲ့ သင်း - စု စည်း ရေး သား သည်

***ယူရို-၂၀၁၆ ပြိုင်ပွဲကြီးကို ဇွန် ၁၀ ရက်မှ ဇူလိုင် ၁၁ ရက်အထိ တစ်လကြာကျင်းပခဲ့ရာမှာ ဘောလုံးပရိသတ်တွေရဲ့ အာရုံစူးစိုက်မှုကို အပြည့်အဝသိမ်းပိုက်ရယူနိုင်ခဲ့ပါတယ်။ လေးနှစ်မှတစ်ကြိမ်ကျင်းပတဲ့ ဥရောပတိုက်ရဲ့ အမြင့်ဆုံးပြိုင်ပွဲကြီးဖြစ်တာနဲ့အညီ နောက်ဆုံးအချိန်ထိ ရသပေးစွမ်းခဲ့တဲ့ ပြိုင်ပွဲဖြစ်ခဲ့ပေမယ့် ဝေဖန်မှုတွေ၊ စံချိန်တွေ၊ အမှတ်တရဖြစ်ရပ်တွေကလည်း ပြိုင်ပွဲတွေရဲ့ထုံးစံအတိုင်း ကျန်ရစ်လို့နေခဲ့ပါတယ်။ ပေါ်တူဂီအသင်း ချန်ပီယံဖြစ်ခဲ့မှုဟာ ဆိုဗီယက်၊ စပိန်၊ အီတလီ၊ ဂျာမနီ၊ ပြင်သစ်၊ နယ်သာလန်၊ ချက်ကိုဆလိုဗက်ကီးယား၊ ဒိန်းမတ်၊ ဂရိအသင်းတွေနဲ့အတူ (၁၀)သင်းမြောက် ပေါ်ထွက်လာတဲ့ ယူရိုချန်ပီယံသစ်အဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့ပါတယ်။***

**အပြောင်းအလဲများခဲ့တဲ့ ဗိုလ်လုပွဲ**

ဗိုလ်လုပွဲမှာတော့ အိမ်ရှင်ပြင်သစ်အသင်းနဲ့ ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာမှာ ပေါ်တူဂီက အချိန်ပို ၁၀၈ မိနစ် အီဒါရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့အတူ ယူရိုသမိုင်းမှာ ပထမဦးဆုံးအကြိမ် ချန်ပီယံဖြစ်ခဲ့ပါတယ်။ ပေါ်တူဂီအသင်းခေါင်းဆောင် စီရိုနယ်လ်ဒို ဒူးဒဏ်ရာရရှိခဲ့ပြီး ၂၄ မိနစ်မှာ လူစားလဲကစားခဲ့ရလို့ ပေါ်တူဂီကစားကွက်ပျက်သွားခဲ့ရပါတယ်။

ဒါပေမယ့် ပြင်သစ်အသင်းကလည်း ပြိုင်ဘက်ကိုဂိုးစပေးရမှာ စိုးရိမ်စိတ်များနေခဲ့လို့ ထိရောက်တဲ့ ထိုးဖောက်မှုတွေကို မလုပ်ဆောင်နိုင်ခဲ့ပါဘူး။ ပြင်သစ်အသင်းဟာ သေချာပေါက်ဂိုးရနိုင်မယ့် အခွင့်အရေးတွေ သုံးကြိမ်လောက်ရရှိခဲ့ပေမယ့် ပေါ်တူဂီဂိုးသမား ပက်ထရီစီယို လက်စွမ်းပြနေခဲ့လို့ ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ဘူး။ မိနစ် ၉၀ ပြည့်လို့ နာကျင်အချိန်ပို ဆက်လက်ကစားခဲ့ရာမှာတော့ ပေါ်တူဂီက ဒီပွဲရဲ့အဖိုးတန်အနိုင်ဂိုးကို သွင်းယူသွားခဲ့တဲ့အတွက် ပြင်သစ်တို့ အသည်းကွဲခဲ့ရပါတယ်။ ဘောလုံးသုံးသပ်သူတွေကတော့ ပေါ်တူဂီဗိုလ်စွဲခဲ့တာကြောင့် ဒီနှစ်ယူရိုပွဲဟာ ယူရို-၁၉၉၂၊ ယူရို-၂၀၀၄ ပြိုင်ပွဲတွေပြီးရင် စိတ်ပျက်စရာ အကောင်းဆုံးပြိုင်ပွဲ ဖြစ်လာခဲ့တယ်လို့ ဝေဖန်ခဲ့ပါတယ်။

**ပြိုင်ပွဲအဆင့်အတန်း နိမ့်ကျခဲ့သလား**

အကြိုဗိုလ်လုပွဲမှာ ပြင်သစ်ကို ရှုံးနိမ့်ပြီး ပြိုင်ပွဲကထွက်ခွာခဲ့ရတဲ့ ဂျာမနီအသင်းရဲ့ နည်းပြ ဂျိုအားချင်းလိုကတော့အသင်းဝင်၂၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပေးတာဟာ ပြိုင်ပွဲရဲ့အဆင့်အတန်းကို နိမ့်ကျသွားစေခဲ့တယ်လို့ ဝေဖန်မှုပြုခဲ့ပါတယ်။ သူကတော့ ပြိုင်ပွဲဝင်အသင်းတွေဟာ ရသဆန်ဆန်ကစားဖို့ထက် နောက်တန်းမှာပိတ်ဆို့ကစားဖို့သာ ပိုပြီးစိတ်အားထက်သန်နေတာကြောင့် ပြိုင်ပွဲရဲ့ရသကို ပျက်သွားစေခဲ့တယ်လို့လည်း ဆိုပါတယ်။

မှန်ပါတယ်။ ဒီနှစ်ယူရိုပွဲမှာ အသင်းအတော်များများက အဖွင့်ဂိုး စရပြီဆို ခံစစ်ကိုပဲ အားပြုကစားခဲ့တာကို တွေ့ကြရမှာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်ကို စပိန်-အီတလီ၊ ဂျာမနီ-ပြင်သစ်တို့ကစားခဲ့တဲ့ပွဲတွေမှာ အထင်အရှားမြင်တွေ့ရမှာဖြစ်ပါတယ်။

အသင်းငယ်လေးတွေဟာ မိမိထက် အင်အားကြီးတဲ့အသင်းကို ရင်ဆိုင်ရာမှာ ပွဲစစချင်း တိုက်စစ်ကို အနည်းငယ် ဖွင့်ကစားပေမယ့် ပွဲချိန်ကြာမြင့်လာတာနဲ့အမျှ ခံစစ်ချည်းသက်သက် ပိတ်ကစားပြီး အမှတ်ယူ နောက်တစ်ဆင့်ကို တက်ဖို့ ကြိုးစားကြတာကို တွေ့ရပါတယ်။ဒါဟာ အရင်က ၁၆သင်းသာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ စနစ်ကနေ ၂၄ သင်း ပါဝင်ယှဉ်ပြိုင်စေတဲ့စနစ်ကြောင့် အသင်းငယ်လေးတွေ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရပြီး ဖြစ်လာတဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေပဲဖြစ်ပါတယ်။

**စီရိုနယ်လ်ဒိုရဲ့ စကားတစ်ခွန်း**

ဒဏ်ရာကြောင့် ပြိုင်ပွဲကနေ လူစားလဲခဲ့ရတဲ့ စီရိုနယ်လ်ဒိုရဲ့ စကားတစ်ခွန်းက အရာအားလုံးကို ပြောင်းလဲစေခဲ့တာဖြစ်တယ်လို့ ပေါ်တူဂီအသင်းဖော်တွေက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ပထမပိုင်းပြီးလို့ ၁၅ မိနစ်နားချိန်မှာ စီရိုနယ်လ်ဒိုက ပေါ်တူဂီဟာ ပြင်သစ်ကို အနည်းဆုံး တစ်ဂိုး-ဂိုးမရှိလောက်နဲ့ အနိုင်ယူနိုင်လိမ့်မယ်လို့ သူယုံကြည်ကြောင်း ပြောကြားခဲ့တာက ပြိုင်ဘက်ကို အနိုင်ယူဖို့ လုံလောက်တဲ့ စိတ်ဓာတ်ခွန်အားမျိုး ရရှိခဲ့တယ်လို့လည်း သိရပါတယ်။ စီရိုနယ်လ်ဒိုအနေနဲ့ မက်ဆီထက်သာတဲ့ အချက်တစ်ခုက အသင်းဖော်တွေကို လွှမ်းမိုးနိုင်မှုရှိခြင်းပဲလို့ ပီလီမှတ်ချက်ပြုခဲ့တဲ့ စကားဟာ အမှန်တရားနဲ့ နီးစပ်နေတယ်ဆိုတာ ဒီအချက်က သက်သေခံနေသလိုပါပဲ။

**ချန်ပီယံဆုနဲ့ လွဲခဲ့ပေမယ့် အတော်ပဆုံးကစားသမား ဂရစ်ဇ်မန်း**

ပြင်သစ်တိုက်စစ်ကို ဦးဆောင်ကစားခဲ့တဲ့ ဂရစ်ဇ်မန်းဟာ ယူရို-၂၀၁၆ ပြိုင်ပွဲမှာ သွင်းဂိုးခြောက်ဂိုးအထိ သွင်းယူပြီး ရွှေဖိနပ်ဆု( ဂိုးသွင်းဘုရင်ဆု) ရယူနိုင်ခဲ့သလို ပြိုင်ပွဲရဲ့ အတော်ပဆုံးကစားသမားလည်း ဖြစ်ခဲ့ပါတယ်။ ဂရစ်ဇ်မန်းဟာ အိုင်ယာလန်၊ ဂျာမနီတို့နဲ့ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်တွေမှာ အသင်းအတွက် အဖိုးတန်ဂိုးတွေ သွင်းယူပြီး ဘင်ဇီမာမပါတဲ့ တိုက်စစ်ကို အကောင်းဆုံး ဖြည့်စွက်ပေးခဲ့သူပါ။ ပရိသတ်တွေက အွန်လိုင်းကတစ်ဆင့် မဲပေးရွေးချယ်ခဲ့ရာမှာ ဂရစ်ဇ်မန်းဟာ မဲအရေအတွက် ၄၄ ရာခိုင်နှုန်းနဲ့ အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရပြီး စီရိုနယ်လ်ဒိုက ၃၉ရာခိုင်နှုန်းနဲ့ ဒုတိယ၊ ပီပီက ရှစ်ရာခိုင်နှုန်းနဲ့ တတိယ အသီးသီးရရှိခဲ့တာကို တွေ့ရပါတယ်။

**ကွန်တီကြောင့် သတိပြုမိစရာဖြစ်ခဲ့တဲ့ အီတလီ**

ဒီနှစ်ပြိုင်ပွဲကတော့ နည်းပြတွေရဲ့ ဗျူဟာချင်း ပြင်းထန်စွာ ပြိုင်ဆိုင်ခဲ့တဲ့ ပွဲဖြစ်ခဲ့တယ်လို့ ဆိုရမယ့် အနေအထားပါ။ အီတလီနည်းပြကွန်တီရဲ့ ပြောင်မြောက်တဲ့ ဗျူဟာက အီတလီကို ဘောလုံးပရိသတ်တွေ ပြန်ပြီး သတိထားမိစရာ ကောင်းလောက်အောင် ဖြစ်ခဲ့သလို ဂျာမနီအသင်းကို ပင်နယ်တီအဆုံးအဖြတ်ကြောင့်သာ အရေးနိမ့်ခဲ့ပြီး ပြိုင်ပွဲက ထွက်ခဲ့ရတာဖြစ်ပါတယ်။ ကွန်တီဟာ ပြိုင်ပွဲတစ်လျှောက် ၃-၅-၂ ကစားကွက်ကို အသုံးပြုခဲ့ပြီး ဂျာမနီနည်းပြ ဂျိုအားချင်းလိုကလည်း အီတလီကို ရင်ဆိုင်ခဲ့တဲ့ပွဲမှာ အီတလီဗျူဟာ ၃-၅-၂ နဲ့ အီတလီကို ပြန်လည်ရင်ဆိုင်ခဲ့တာကတော့ ဒီနှစ်ပြိုင်ပွဲရဲ့ အမှတ်တရဖြစ်ရပ်တစ်ခုပါပဲ။

**ဒက်ချွမ့်စ် မှားခဲ့တာလား**

ပြင်သစ်အသင်းနည်းပြ ဒက်ချွမ့်စ်ပြိုင်ပွဲတစ်လျှောက် အသုံးပြုခဲ့တဲ့ ၄-၂-၃-၁ ကစားကွက်ဟာ ပြင်သစ်အသင်းလူစာရင်းနဲ့ အသင့်လျော်ဆုံးကစားကွက်ဖြစ်တယ်ဆိုတာ ဘယ်သူမှ ငြင်းလို့မရပေမယ့် သူ့ရဲ့ပုံသေနည်းဆန်ဆန် ပြုလုပ်ခဲ့တဲ့ လူစားလဲမှုတွေကတော့ ဗိုလ်လုပွဲလို ပြိုင်ဆိုင်မှုပြင်းထန်တဲ့အဆင့်မှာတော့ အလုပ်မဖြစ်ခဲ့တာကို တွေ့ရမှာပါ။ ဒက်ချွမ့်စ်ဟာ ဂီရော့ဒ်နေရာ ဂစ်နက်၊ ပါယက်နေရာ ကိုးမန်း၊ ဆစ်ဆိုခိုနေရာ မာရှယ်လ်(သို့မဟုတ်) ကန်တီတို့ကိုသာ အမြဲလိုလို အပြောင်းအလဲပြုလုပ်တတ်တာကြောင့် သူ့ရဲ့ဗျူဟာကို ပြိုင်ဘက်တွေက ကြိုတင်မှန်းဆလို့ရတာကလည်း ပြိုင်ပွဲတွင်း ပြင်သစ်အသင်းရဲ့ အဓိကအားနည်းချက်တစ်ရပ်ဖြစ်ခဲ့ပါတယ်။ ဒီအချက်ကပဲ ပြင်သစ်ချန်ပီယံဆုနဲ့ လွဲစေခဲ့သလားဆိုတာ ပရိသတ်တွေအတွက် ပဟေဠိတစ်ပုဒ်ဖြစ်နေဆဲပါပဲ။

**ခေတ်ကုန်သွားခဲ့တာလား စပိန်**

စပိန်အသင်းဟာ ယူရိုဖလားသမိုင်းမှာ ဂျာမနီအသင်းနဲ့ စံချိန်တူ ချန်ပီယံ (၃)ကြိမ်ဖြစ်ထားပြီး အအောင်မြင်ဆုံးအသင်းအဖြစ် မှတ်တမ်းရထားကာ ဗိုလ်စွဲဖို့ ရေပန်းစားခဲ့ပေမယ့် တကယ်တမ်းပြိုင်ပွဲဝင်ချိန်မှာတော့ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ခဲ့တာကို တွေ့ရမှာပါ။ အုပ်စုတွင်း ခရိုအေးရှားကို အရေးနိမ့်ခဲ့သလို ၁၆ သင်းအဆင့် ရှုံးထွက်အီတလီကို ရင်ဆိုင်ရချိန်မှာလည်း တိုက်စစ်လုံးဝပျောက်နေခဲ့တာ ပီကေး-ရာမို့စ်တို့ ခံစစ်အတွဲ တစ်ဦးကောင်းကစားနေတာတွေက ဒယ်လ်ဘော့စကေးရဲ့ စပိန် ဘောလုံးဇာတ်ခုံမှာ ပြန်ပြီး နလန်မထူနိုင်တော့ဘူးလားဆိုတာ . . .။

# သာသနာ့သမိုင်းဝင်စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်မြတ်၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဘုရားပွဲတော်နှင့် ငါးကျွေးဆိပ်ကမ်းသာဖွင့်ပွဲ ကျင်းပရန် စီစဉ်



**ပွင့်ဖြူ ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူ မြို့နယ် ကျောင်းတော်ရာဒေသတွင် ပိဋ္ဋက တော်ပုဏ္ဏောဝါဒ သုတ္တန်အလာ သာသနာ့ သမိုင်းဝင် စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်မြတ်ကြီးသည် ဂေါတမဘုရားရှင် လက်ထက် ဝါတော်(၂၁)ဝါမြောက် နောက်ပါ ရဟန္တာ(၅၀၀) နှင့်အတူတကွ ကြွရောက် တော်မူ၍ လက်လေးသစ်ကို အဖိုးတစ်သိန်း ထိုက်သော စန္ဒကူးနံ့သာသစ်များဖြင့် ဆောက် လုပ်လှူဒါန်းအပ်သော စန္ဒကူးနံ့သာ ကျောင်း တော်ကြီးကို အလှူခံပြီး ခုနစ်ရက်တိုင်တိုင် သီတင်းသုံး၍ တရားရေအေး အမြိုက်ဆေး များ တိုက်ကျွေးရာတွင် တစ်နေ့ ပရိသတ် ပေါင်း ၈၄၀၀၀ ကျွတ်တန်းဝင်ခဲ့သော စန္ဒကူးနံ့သာကျောင်းတော်ကြီး၏ နေရာထူး နေရာမြတ်တွင် ပေါက္ကံရာမကို အစိုးရတော်မူ သော မဏိစည်သူမင်းမှ အစပြု၍ ရှေးမင်းများ အဆက်ဆက် တည်ထားကိုးကွယ် လှူဒါန်း သာသနာပြုခဲ့ကြသည့် စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်မြတ်ကြီး တည်ရှိလျက်ရှိသည်။

ယင်းစေတီတော်မြတ်ကြီး၏ အရှေ့ဘက် အနီးကပ်ဆုံး သုံးဖာလုံခန့်အကွာတွင် ဖြတ် သန်းစီးဆင်းနေသော မုန်းချောင်းအတွင်း နှစ်စဉ် နှစ်တိုင်း ဝါထပ်ရက်ကိုပင် သိတတ် သော ငါးကြီးများဘုရားဖူး လာရောက်လေ့ရှိ ကြသည်။ ဘုရားဖူးငါးကြီးများ အစာကျွေး ဆိပ်ကမ်းသည် မြတ်စွာဘုရားရှင်လက်ထက် တော်အခါက သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမ ရွာကြီး နေရာဖြစ်သည့်(ယခုအခါ ဘူးသည်ရွာ နှင့် သစ်တော်ရွာအကြား)တွင် တည်ရှိသည်။ ဘုရားဖူးငါးကြီးများသည် စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်မြတ်ကြီး၌ နှစ်စဉ် ဝါတွင်းကာလရောက်တိုင်း ဦးခိုက်ဖူး မြော်သည်မှာ သမိုင်းသိ ပြည်သူတိုင်း ကိုယ် တွေ့မျက်မြင် ယုံကြည်ထားကြသည်။ အဆိုပါ ငါးကြီးများအား မြန်မာနိုင်ငံဒေသအသီးသီးမှ ဘုရားဖူးပြည်သူများ လာရောက်၍ အစား ကျွေးကုသိုလ်ပြုကြသည်မှာ တစ်နှစ်ထက် တစ်နှစ် ပိုမိုများပြားလျက်ရှိရာ ငါးကြီးများ မှာ မုန်းချောင်းရေအနည်းအများ၊ ရာသီ ဥတုပေါ်မူတည်၍ ယမန်နှစ်က နံနက် စောစောပိုင်းတွင် ဦးခေါင်းများဖော်၍ အစာ များစားကြသည်ကို ပြည်သူအများတွေ့ရှိခဲ့ ရသည်။ ဘုရားဖူးငါးကြီးများအား ဒေသ ထွက်အစားအစာများဖြစ်သော ဖွဲနုဆုပ်၊ ထန်းသီးမုန့်တို့ကို ကျွေးကြပြီး ငါးစာကျွေး ပြည်သူများမှ ဘုရားဖူးငါးကြီးများနှင့်အတူ ဓာတ်ပုံရိုက်ခြင်း၊ ငါး၏ဦးခေါင်းအား ရွှေချ ခြင်းများ ဆောင်ရွက်ကြသည်။ ဘုရားဖူး ငါးကြီးများ လာရောက်သည့်ရေလမ်းအား အန္တရာယ်ကင်းရှင်းစေရန် ဂေါပကအဖွဲ့၊ ဒေသ အုပ်ချုပ်ရေးအဖွဲ့နှင့် ငါးလုပ်ငန်းဦးစီးဌာန တို့မှ ဝါဆိုလဆန်း ၁ ရက်မှ သီတင်းကျွတ် လကွယ်နေ့ထိတိုင် ငါးဖမ်းဆီးသည့် ရေ လုပ်သားကြီးများ ငါးမဖမ်းဆီးရေး၊ငါးထောင် ခြင်းများနှင့် ပိုက်တန်းခြင်းတို့မပြုရေး အသိ ပေး နှိုးဆော်စောင့်ကြည့်ပေးလျက်ရှိသည်။

စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရား ဝါတွင်းကာလ ငါးစာကျွေးဆိပ်ကမ်းသာ ဖွင့်ပွဲအား နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆို လပြည့်နေ့ ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီ တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ သွားမည်ဖြစ်သည်။ ငါးကျွေးဆိပ်ဖွင့်ပွဲ အား ဘုရားကြီး၏ ဩဝါဒါစရိယ ဆရာတော် ကြီးများ၊ ငါးစာကျွေးခေါ်ဆောင်သော သီတာရေကြည် လှူငယ်အဖွဲ့များ၊ ဓမ္မစကြာဝတ်အသင်းအဖွဲ့ဝင်များမှ စက်ရေ ယာဉ်သုံးစီးဖြင့် ဘူးသည်ငါးကျွေး ဆိပ်ကမ်းမှ မုန်းချောင်းတစ်လျှောက် ရောဝတီမြစ်နှင့် မုန်းချောင်းဆုံရာအထိ သွား ရောက် ခေါ်ဆောင်လာခဲ့ကြရသည်။ ဘုရားဖူး ငါးကြီးများသည် ဝါတွင်းကာလ လေးလပတ် လုံး အဆိုပါ ငါးကျွေးဆိပ်ကမ်းဝန်းကျင်တွင် နေထိုင်ကြပြီး သီတင်းကျွတ် လပြည့်ကျော် ရက်များတွင် ပြန်သွားကြမြဲဖြစ်သည်။

ငါးကျွေးဆိပ်ကမ်းသာဖွင့်ပွဲသို့ ပွင့်ဖြူ မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည် သူများ၊ အနယ်နယ် အရပ်ရပ်မှ ပြည်သူများ ကား၊ မြင်းရထား၊ လှည်း၊ စက်လှေတို့ဖြင့် လာရောက်ကြပြီး ညအိပ်တည်းခိုဘုရားဖူးကြ သည်လည်းရှိသည်။ ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်ကြည်ညို နိုင်စေရန် ဘုရားဝန်း အရှေ့ဘက်တွင် ရှေး ဟောင်း သုခမ္မာဇရပ် ၃၆ လုံး၊ မြောက်ဘက် တွင် အမြင့်ဇရပ် (နှစ်ထပ်ဆောင်)(၁၀) လုံးကို ရှေးယခင်ကတည်းက တည်ဆောက် လှူဒါန်းထားရှိရာ အခမဲ့တည်းခိုနိုင်သည်။ သန့်စင်ခန်းအလုံး ၂၀၊ အမျိုးသား အမျိုးသမီး ရေချိုးခန်းများ ပြည့်စုံစွာ ဆောင်ရွက်ထားရှိ ပြီး တည်းခိုဆောင်ဇရပ်များတွင်လည်း လျှပ်စစ်မီး သွယ်တန်းထားရှိသည်။ ဒေသ ထွက် စားသောက်ဆိုင်များ၊ အမှတ်တရ လက် ဆောင် ပစ္စည်းအရောင်းဆိုင်များ၊ ဒေသ ဖြစ် မုန့်များဖြစ်သော မုန့်ဩဇာ၊ မုန့်လိပ်ပြာ၊ မင်းဖုံမုန့်လုံး၊ ထန်းသီးမုန့်နှင့် ဝက်မြေဥဆိုင် များဖြင့် အထူးစည်ကားလှသည်။

စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရားကြီး တွင် ဖူးမြော်ကြည်ညိုလေ့လာနိုင်သည့်နေရာ များဖြစ်သည့် ကျောင်းတော်ရာစေတီတော် မြတ်ကြီး၊ ထောင့်စေတီလေးဆူ၊ မဟာပုဏ္ဏ ရဟန်းတော်အရှင်မြတ် ဓာတ်တော်စေတီ၊ မဟာပုဏ္ဏအရှင်၏ မူလကျောင်းနေရာ စေတီနှင့် ရုပ်ထုစံကျောင်းတော်၊ သမိုင်း ရုပ်စုံပြတိုက်၊ ကျောက်စာတိုက်၊ ဗုဒ္ဓပြတိုက်၊ ဓမ္မစကြာပြခန်း၊ ရာဟုထောင့် မဟာဗောဓိ ပင် အဓိဋ္ဌာန်အောင်မြေနေရာ၊ စနေထောင့် ဗုဒ္ဓစွယ်တော်ပွားပြခန်း၊ ကြေးပိဿာချိန် ၃၅၀၀ ဖြင့် ပူဇော်ထားသော ကြေးသွန်း မဟာမုနိဘုရား၊ ဝါဏိဇ္ဇဂါမရွာနှင့် ဘူးသည် ငါးကျွေးဆိပ်တို့တွင် အေးချမ်းစွာ ဖူးမြော် ကြည်ညို လေ့လာနိုင်ရန် စီစဉ်ထားလျက်ရှိ သည်။

စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော် မြတ်ကြီးသို့ ဘုရားဖူးမြော်ရန် လာရောက်လိုပါ က မကွေး - မင်းဘူး - စကု - လယ်ကိုင်းမှ တစ်ဆင့် ကျောင်းတော်ရာလမ်းခွဲသို့ လေးမိုင် ခန့်ဖြင့်လည်းကောင်း၊ စလင်း-ပွင့်ဖြူမှတစ်ဆင့် လာရောက်ပါက ကံသာကြီးကျေးရွာအနီးရှိ ကျောင်းတော်ရာလမ်းခွဲ (မုန်တောကြီးလမ်း) မှ ငါးမိုင်ခန့်ဖြင့် လာရောက်နိုင်ပါသဖြင့် ဝါတွင်းကာလ ဘုရားဖူးလာငါးကြီးများအား ငါးစာကျွေးကုသိုလ်ပြု၍ ကျောင်းတော်ရာ စေတီတော်မြတ်တွင် စိတ်အေးချမ်းသာ ပျော်ရွှင်စွာ ဘုရားဖူးလာရောက်နိုင်ပါကြောင်း နှိုးဆော်လိုက်ရပေသည်။ **သူရထွန်း(ပွင့်ဖြူ)**

## အထွက်နှုန်းတိုးမြှင့်ရေး တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်

**လယ်ဝေး ဇူလိုင် ၁၂**

ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံများတွင် ထိခိုက်မှုမရှိစေရေး၊ အထွက်နှုန်းများ တိုးမြှင့်ထွက်ရှိရေး၊ သီးနှံပုံစံများ မှန်ကန်ရေးတို့အား တောင်သူများနှင့် ဆွေးနွေးပွဲပြုလုပ်ခြင်း ကွင်းထဲအရောက် တောင်သူများနှင့် တွေ့ဆုံ၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ လယ်ဝေးမြို့နယ် မြွေရိုးလေးအသိပညာပေးစင်တာ (KC) တွင် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်နှင့် တိုင်းဒေသကြီး၊ ခရိုင်မှတာဝန်ရှိသူများအဖွဲ့မှ ဆန်စပါး စိုက်ပျိုးရေးနည်းစနစ်များကို ပရိုဂျက်တာပါဝါပွိုင့်ဖြင့် ရှင်းလင်းပြသခြင်း၊ မိုးပဲတီစိမ်းနှင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးထားရှိမှုတို့အား ပြသရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

လယ်ဝေးမြို့နယ်တွင် မိုးသီးနှံများဖြစ်သော မိုးနှမ်း၊ ဖရုံနှင့် မိုးပဲတီစိမ်းသီးနှံများ ရိတ်သိမ်းလျက်ရှိပြီး ယခုအချိန်အခါတွင် ဖရုံသီးများလှိုင်လှိုင်ပေါ်၍ ဈေးကောင်းရလျက်ရှိရာ မြွေရိုးလေး၊ သဲကောကျေးရွာ လမ်းမတန်းတွင် ဈေးကွက်တင်ပို့ရောင်းချလျက်ရှိကြပြီး တောင်သူများအနေဖြင့် ဝင်ငွေတိုးကာ စီးပွားရေးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**ဆရာမင်း(ရူပဗေဒ)**



## နေပြည်တော်သမဝါယမအသင်းချုပ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

နေပြည်တော်သမဝါယမအသင်းစုချုပ်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၈ ရက် နံနက် ၉နာရီက ပျဉ်းမနားမြို့နယ် အသင်းစုရုံးတွင် ကျင်းပရာ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ နေပြည်တော်သမဝါယမဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ် ဦးစီးအရာရှိများနှင့် အသင်းစုချုပ် ဒါရိုက်တာအဖွဲ့ဝင်များ၊ မြို့နယ်အသင်းစု ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဂုဏ်ပြုဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ အသင်းစုချုပ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် နေပြည်တော်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားအတည် ပြုချက်ရယူကြသည်။

ထို့နောက် နေပြည်တော်အတွင်း ချေးငွေဆိုင်ရာ လုပ်ငန်းစွမ်းဆောင် ရည် အကောင်းဆုံးဆုရ မြို့နယ်သမဝါယမအသင်းစု သုံးသင်းနှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူး ဖြင့် အောင်မြင်သော ဌာနဝန်ထမ်း၊ အသင်းအမှုဆောင်နှင့် အသင်း ဝန်ထမ်းသားသမီး ၁၈ ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ် သည်။

နေပြည်တော်သမဝါယမအသင်းစုချုပ်သည် မြို့နယ်အသင်းစု ရှစ်သင်း ဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလက ဖွဲ့စည်းခဲ့ပြီး အသင်းသား ၃၀၀၀၀ ကျော်တို့အား ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အတွက် အရင်းအနှီး ချေးငွေများ ထုတ်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာ များနှင့် ဆက်စပ်ပစ္စည်းများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးသည့် လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **မြင့်သန်း**

## အလုံမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ နှင့် ဆုပေးပွဲ ကျင်းပ

**အလုံ ဇူလိုင် ၁၂**

အလုံမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက် မွန်းတည့် ၁၂ နာရီက အလုံမြို့နယ် ဌာန ရပ်ကွက် နှင်းဆီလမ်းရှိ အလုံခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုး တင့်ဇော်နှင့် တာဝန်ရှိသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗိုလ်လုပွဲကို စောရန်ပိုင် အရှေ့ရပ်ကွက်အသင်းနှင့် စောရန်ပိုင် တောင်ရပ်ကွက် အသင်းတို့ယှဉ်ပြိုင်ကြရာ စောရန်ပိုင်အရှေ့ရပ်ကွက်အသင်းက (၂၁-၁၁) (၂၁-၉)ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိပြီး ပထမဆုကိုရရှိခဲ့သည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲကိုကျင်းပရာ နှစ်သိမ့် ဆုအား လွတ်လပ်ရေးရပ်ကွက်၊ တတိယဆု အား သစ်တောရပ်ကွက်၊ ဒုတိယဆုအား စောရန်ပိုင်တောင်ရပ်ကွက်၊ ပထမဆုရ စောရန်ပိုင် အရှေ့ရပ်ကွက်တို့အား မြို့နယ် အုပ်ချုပ်ရေးနှင့် တာဝန်ရှိသူတို့က ဆုများ ကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရ သည်။ **တင်မောင်ဦး(အလုံ)**

# ကွမ်းယာ နှင့် ကျန်းမာရေး

ခ ထွန်းအောင်လှ(လုပ်ငန်းခွင်ကျန်းမာရေး)

မြန်မာလူမျိုးများ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းစသော ကိစ္စရပ်များသည် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဓလေ့ မဟုတ်နိုင်ပါ။ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများတွင် အစကနဦးကာလများမှစတင်၍ ကျင့်သုံးလာခြင်း မဟုတ်နိုင်ပါ။ အိမ်နီးချင်းနိုင်ငံများနှင့် ကူးလူးဆက်ဆံရာမှ ရရှိလာသော အလေ့အထဖြစ်နိုင်ပါသည်။ သို့သော် ရာစုနှစ်များနှင့်ချီ၍ ပြုလုပ်ခဲ့ကြသော အလေ့အကျင့်ဖြစ်နေသဖြင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ရပ်အဖြစ် ထင်မှတ်မှားစေနိုင်ပါသည်။ စာပေပညာရှင်အချို့က ကွမ်းစားခြင်းသည် အိန္ဒိယယဉ်ကျေးမှု တစ်ခုဖြစ်ကြောင်း၊ မြန်မာလူမျိုးတို့၏ ဘာသာကိုးကွယ်မှု၊ စာပေအရေးအသား၊ ဝတ်စားဆင်ယင်မှုမှစ၍ ယဉ်ကျေးမှုဓလေ့များသည် တစ်ခုသောအတိုင်းအတာအထိ အိန္ဒိယနိုင်ငံမှ ရယူခဲ့ခြင်းကို ကိုးကားထောက်ထား၍ မြန်မာလူမျိုးများ ကွမ်းစားသောဓလေ့သည် အိန္ဒိယနိုင်ငံမှ ရောက်ရှိလာခြင်းဖြစ်ကြောင်း ကောက်ချက်ဆွဲ၍ရသည်ဟု သုံးသပ်ထားသည်တို့ကို လေ့လာတွေ့ရှိရပါသည်။

ကွမ်းစားခြင်းနှင့်ပတ်သက်၍ ရာဇဝင်မှ မအိုဇာနှင့် ကွမ်းတစ်ရာရေတစ်မှုတ် ဇာတ်လမ်း၊ ပုဂံခေတ် သီဟသူမင်းနှင့် အမတ်ကြီးရာဇသင်္ကြန်တို့၏ ရန်ငြိုးဇာတ်လမ်း၊ ရခိုင်ဘုရင်မင်းထီး၏ လက်ညှိုးဖြတ်သောဇာတ်လမ်းတို့က မြန်မာလူမျိုးတို့ ကွမ်းစားခဲ့ကြသည်မှာ နှစ်ပေါင်းအားဖြင့် ရာစုနှစ်များစွာကြာမြင့်ခဲ့ပြီဆိုသည်ကို ဖော်ပြနေပါသည်။ ထို့ပြင် ရှေးခေတ်စာဆိုတော် လူဦးမင်း၏ "တံတားဦးက ကွမ်းနုဝါ၊ ငမြောကဆေး၊ ကွမ်းသီးတောင်ငူနဲ့ ကိုင်းထုံးဖြူ ပြည်ရှား၊ သာဝါးလို့ထွေး" ဟူသောစာချိုးနှင့် ဖိုးသူတော်ဦးမင်း၏ "ကွမ်းရွက်ကယ်ညှာကြွေ၊ ရေစိမ်တဲ့ဆေး၊ သန်းခေါက်လှိုင်လှိုင်နဲ့ ချိန်လိုက်မယ် ထုံးဖြူခြောက်ကယ်၊ အာပေါက်မှထွေး" ဟူသောစာချိုးတို့ကလည်း မြန်မာလူမျိုးတို့ ကွမ်းစားသောအလေ့အထ ပြုလုပ်ခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဆိုသည်ကို သက်သေပြနေပါသည်။

ကွမ်းစားခြင်းကို အနောက်နိုင်ငံသားများ မပြုလုပ်ကြပါ။ အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများတွင်သာ ကွမ်းစားသောအလေ့အထရှိပါသည်။ မြန်မာနိုင်ငံတွင် ကွမ်းယာကို ရှေးခေတ်ဘုရင်များမှအစပြု၍ မှူးမတ်၊ သေနာပတိ၊ မင်းညီမင်းသားများအပါအဝင် သာမန်တိုင်းသူပြည်သားများအထိ စားသုံးလာခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

ရှေးယခင်က ကွမ်းကို ပါးစပ်မှမကောင်းသောအနံ့အသက်များ ပြေပျောက်စေရန်အတွက် ထမင်းစားပြီးချိန်များတွင် စားသုံးခဲ့ကြသည်ဟု သိရှိရသည်။ အများအားဖြင့် ကျေးလက်ဒေသမှ တောင်သူလယ်သမားကြီးများ၊ သက်ကြီးရွယ်အိုများသာ အများဆုံးစားသုံးလေ့ရှိကြသော်လည်း၊ ယခုအခါတွင် ကျေးလက်တောရွာနှင့် မြို့ကြီးပြကြီးများပါ မကျန် နေရာအနှံ့အပြားတွင် မူလတန်းကျောင်းသားအရွယ်အချို့သောကလေးငယ်များ၊ ကျောင်းသားကြီးအချို့၊ ဝန်ထမ်းအချို့အပါအဝင် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ၊ ကာယလုပ်သားကြီးများစသည် ဖြင့် အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး ကွမ်းယာဝါးသောအကျင့် ရှိနေကြသည်ကို တွေ့နေရသည်။

အချို့သောလူငယ်များ ကွမ်းစားခြင်းမှာ လူငယ်သဘာဝအရ တစ်ခါတစ်ရံတွင် အပေါင်းအသင်းများကောင်းမှုဖြင့် အရက်သောက်မိပြီးနောက် အိမ်အပြန်တွင် လူကြီးများ ဆူပူခံရမည်ကို စိုးရိမ်သဖြင့် အရက်နံ့ပျောက်စေရန်အတွက် ကွမ်းယာဝါးလေ့ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ဤသို့ဖြင့် တစ်ခါတစ်ရံပေါင်း များစွာဖြစ်လာသောအခါ အဆိုပါလူငယ်များသည် အရက်လည်းစွဲ၊ ကွမ်းလည်းစွဲသည့် အဖြစ်များ ဖြစ်သွားကြသည်များကို တွေ့မြင်ကြားသိနေရသည်။ စာရေးသူတို့နိုင်ငံ၌ ကွမ်းယာဆိုင်များကလည်း မိုးဦးကျပေါက်သောမှိုများကဲ့သို့ နေရာအနှံ့အပြားတွင် လက်ညှိုးထိုးမလွဲ ပေါပါဘိခြင်း။ အရက်ဆိုင်များကလည်း ထို့အတူပင် ဖြစ်သည်။ ဘီယာဆိုင်မှာလည်း အရက်ရသည်၊ အရက်ဆိုင်မှာလည်း ဘီယာရသည်။ ကွမ်းယာဆိုင်များကလည်း အရက်ဆိုင်၊ ဘီယာဆိုင်တို့နှင့် မလှမ်းမကမ်းဆိုတော့ လူငယ်များ အရက်တို့ ဘီယာတို့ သောက်ပြီးလျှင် အနံ့ပျောက်စေရန်အတွက် ကွမ်းယာဝါးဖို့ အဆင်သင့်။ လွယ်ကူလှပေသည်။

အချို့ကလည်း ဆေးလိပ်ဖြတ်ချင်၍ ကွမ်းယာစားသည်ဟု ဆိုသည်။ သို့သော် ဆေးလိပ်ကလည်းမပြတ်၊ ကွမ်းယာကလည်းစွဲသွားဆိုတော့ "ကွမ်းစား ဆေးထောက်၊ နှစ်ဝန်ရောက်"ဟူသော ရှေးစကားကဲ့သို့ပင် အဆိုပါအကျင့်သည် တာဝန်အပိုကဲ့သို့ဖြစ်နေပြီး ငွေအပိုကုန်ခြင်း၊ အချိန်ကုန်ခြင်း၊ ကရိကထများခြင်းတို့ ဖြစ်စေသည်။ အဆိုးဆုံးမှာ ကျန်းမာရေးကိုပါ ထိခိုက်စေခြင်းဖြစ်သည်။

ကွမ်းယာဆိုသည်မှာ ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး၊ ရှားစေး၊ ဆေးရွက်ကြီး၊ စမုန်စပါး၊ နွယ်ချို၊ ဖာလာ၊ လေးညှင်း၊ နာနတ်ပွင့်၊ ဂုံခါး၊ အာမွှေး စသည်တို့ကို ရောစပ်စုပေါင်းပြီး ဝါးစားရသော စားစရာတစ်မျိုးဖြစ်ပါသည်။ အချို့ကလည်း ရိုးရိုးကွမ်းယာအဖြစ် ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး၊ ရှားစေး၊ ဆေးရွက်ကြီးတို့ကိုရောစပ်ပြီး စားသုံးလေ့ရှိကြပါသည်။ ရှေးယခင်ကတော့ ရိုးရိုးကွမ်းယာကိုသာ စားသုံးခဲ့ကြသည်ဟု သိရှိရသည်။ ယခုအခါ၌ အသင့်စားသုံးနိုင်သော ရယ်ဒီမိတ်ကွမ်းယာထုပ်များ နိုင်ငံခြားမှတင်သွင်းရောက်ရှိလာသဖြင့် ကွမ်းယာစားသုံးသူများအတွက် အလွန်ပင်အဆင်ပြေနေပြန်ပါသည်။

ကွမ်းယာစားခြင်းနှင့်ပတ်သက်၍ ရှေးအခါက ကျန်းမာရေးရှုထောင့်မှ လေ့လာသုံးသပ်မှုများ မရှိခဲ့သဖြင့် ကွမ်းစားသောအလေ့အထသည် ယနေ့ထက်တိုင် တည်တံ့နေခြင်းဖြစ်သည်။ ယခုအခါ၌ ကွမ်းစားခြင်း၏ဆိုးကျိုးများကို ဆေးပညာရှင်များမှ သုတေသနပြုလေ့လာခြင်းများ ပြုလုပ်ခဲ့ကြသဖြင့် သိရှိခဲ့ကြရပြီးနောက်တွင် ကွမ်းစားသောအလေ့အထကို မပြုလုပ်သင့်ကြတော့ပါ။

ကွမ်းယာထဲ၌ ပါဝင်သောပစ္စည်းများတွင် လူတို့အား အာဟာရဖြစ်စေသောအရာဟူ၍ လုံးဝ မတွေ့ရပါ။ မြန်မာ့တိုင်းရင်းဆေးတွင်မူ ကွမ်းရွက်နှင့် ကွမ်းရွက်အရည်တို့၏ အသုံးဝင်ပုံကို ကျယ်ကျယ်ပြန့်ပြန့်တွေ့ရပါသည်။ အပူကျဆေး၊ အပူငြိမ်းဆေး၊ အခိုးသတ်ဆေး၊ ချွေးထုတ်ဆေး၊ အုပ်ဆေး၊ လိမ်းဆေးတို့တွင် အသုံးပြုသည်ဟုသိရပြီး အရေးကြီးသော ရောဂါဆိုးများ၊ အနာဆိုးများ ကုသရာတွင် အစွမ်းထက်သော ဆေးတစ်လက်အဖြစ် ဖော်ပြမထားပါ။

ကွမ်းယာတွင်ပါဝင်သော ကွမ်းသီး၊ ထုံးမှစ၍ ကျန်ပစ္စည်းများတွင်လည်း ကျန်းမာရေးကို အထောက်အကူပြုသော အရာဟူ၍ မတွေ့ရပါ။ လူတို့၏ကျန်းမာရေးအတွက် ဆိုးကျိုးများကိုသာ ဖြစ်စေနိုင်ပါသည်။ ကွမ်းသီးတွင်ပါဝင်သော ဓာတုပစ္စည်းများစွာထဲမှ Arecoline, Flavanoids နှင့် Tanin တို့သည် ကင်ဆာဖြစ်စေသော ဒြပ်စင်များ၏ အာနိသင်ကို အထောက်အကူပြုစေသည်ဟု လေ့လာမှတ်သားရပါသည်။

ကွမ်းယာထဲတွင် ထုံးကိုရေနှင့်ဖျော်၍ ထုံးရည်အဖြစ်လည်းကောင်း၊ ရှားစေးနှင့်ရော၍ လည်းကောင်း ထည့်သွင်းအသုံးပြုကြပါသည်။ ထုံးသည် လူတို့စားသုံးနေသည့် Calcium ၏ သတ္တုဒြပ်ပေါင်း Calcium Carbonate နှင့် Calcium Oxide အနေနှင့် သုံးစွဲနေကြခြင်းဖြစ်ကြောင်း၊ ကွမ်းစားထုံးထဲတွင် လူတို့ကို အန္တရာယ်ဖြစ်စေသည့် Arsenic လည်းအနည်းငယ် ရောနှောပါဝင်နေကြောင်း၊ ထုံးသည် Calcium ဒြပ်စင်အနေဖြင့် သွားနှင့်အရိုးများ တည်ဆောက်မှုတွင် အရေးပါသော်လည်း၊ သတ္တုဒြပ်ပေါင်းအနေဖြင့်ဆိုပါက ထိတွေ့နေသော သွားဖုံး၊ ပါး၊ အာခေါင်၊ လျှာ စသည်တို့၏အပေါ်ယံအလွှာများကို ပျက်စီးလွယ်စေကြောင်း၊ ယင်းဖြစ်ရပ်ကို အရပ်အခေါ် ထုံးပေါက်သည်ဟုခေါ်ပြီး ကွမ်းသွေးတွင်ပါဝင်သော လူကိုအန္တရာယ်ပေးနိုင်သည့်ပစ္စည်းများ ပိုမိုစိမ့်ဝင်မှုကိုအားပေးကြောင်း၊ ရှားစေးသည်လည်း သစ်ပင်မှထွက်သော သဘာဝဆိုးဆေးတစ်မျိုးဖြစ်သည့်အတွက် ခံတွင်းတွင် အချိန်ကြာမြင့်စွာထား၍ စားသုံးရန် မသင့်ကြောင်းတို့ကိုလည်း ပညာရှင်များမှ ထောက်ပြထားသည်။ ရှားစေးသည် ယခုအခါ အလွန်ရှားပါးနေပြီဖြစ်၍ ကွမ်းယာထဲတွင် ထည့်သွင်းမှုမရှိသလောက်ဖြစ်သွားသဖြင့် ကျန်းမာရေးကို ထိခိုက်စေသောအရာတစ်ခု လျော့နည်းသွားပြီဖြစ်သည်။

ကွမ်းယာထဲ၌ ထည့်သွင်းအသုံးပြုသော ဆေးရွက်ကြီးတွင် လူတို့၏ကျန်းမာရေးကို ထိခိုက်စေသော နစ်ကိုတင်းဓာတ်အပါအဝင် ဘေးဥပါဒ်ဖြစ်စေနိုင်သော ဓာတ်ပစ္စည်းများစွာပါရှိသည်။ ကွမ်းယာထဲတွင် ဆေးရွက်ကြီးကို ထည့်သွင်းစားသုံးခြင်းဖြင့် နစ်ကိုတင်းအဆိပ်အတောက်အပါအဝင် အန္တရာယ်ဖြစ်စေသောဓာတ်များသည် ပါးစပ်မှတစ်ဆင့် ခန္ဓာကိုယ်တွင်းသို့ တိုက်ရိုက်ရောက်ရှိပြီး ဆိုးကျိုးများစွာပေးနိုင်ပါသည်။ ဆေးရွက်ကြီးတွင် အဓိကပါဝင်သော N-Nitrosononicotine သည် တံတွေးနှင့်ပေါင်းပြီး ကင်ဆာဖြစ်စေသည့်ပစ္စည်း Carcinogen အဖြစ် ပြောင်းလဲနိုင်သည်။ ၎င်း၏အာနိသင်ကို ကွမ်းသီးတွင်ပါဝင်သော အထက်တွင်ဖော်ပြခဲ့သည့် Arecoline က ပိုမိုအစွမ်းထက်စေနိုင်သည်။

ကွမ်းယာထဲတွင် ရောစပ်စားသုံးကြသော အာမွှေးများသည် အိန္ဒိယနိုင်ငံမှ အများဆုံး ထွက်ရှိသည်။ အဆိုပါအာမွှေးများမှာ Tobacco ခေါ် ဆေးရွက်ကြီးကို ပြုပြင်၍ ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။ အာမွှေးများကလည်း ဖော်တီဖိုက်၊ နိုင်တီတူး၊ ဟန်ဒရက်၊ ဘုရင်မ၊ နှပ်ဆေး၊ ဆေးပေါင်း စသည်ဖြင့် အမျိုးအစား စုံလင်လှပါသည်။ အာမွှေးများကို ကွမ်းစားသူများ စွဲလမ်းနှစ်ခြိုက်နေစေရန် မည်ကဲ့သို့သော ဓာတုပစ္စည်းများဖြင့် ရောစပ်အသုံးပြုထားသည်ကို ထုတ်လုပ်သူများသာ သိနိုင်လိမ့်မည်။ သို့ဖြစ်၍ အာမွှေးများတွင် ပါဝင်သောပစ္စည်းများကို သုတေသနပြုဓာတ်ခွဲ စစ်ဆေးသင့်ပါသည်။

ကွမ်းစားခြင်းကြောင့် လူကိုရောဂါဖြစ်စေမှုမှာ ဆေးလိပ်သောက်ခြင်းကဲ့သို့ပင် ချက်ချင်းမဖြစ်ပေါ်ဘဲ ကာလကြာရှည်လာမှသာ တဖြည်းဖြည်းဖြစ်စေနိုင်သောကြောင့် ကွမ်းစားသူများအနေဖြင့် ဂရုမပြုကြခြင်းဖြစ်ပါသည်။

**ကွမ်းယာသည်လူသားတို့အသက်ရှင်ရပ်တည်ရေးအတွက်မဖြစ်မနေစားသုံးရမည့်အစားအစာများထဲတွင်မပါဝင်သလိုသရေစာအဖြစ်အဆာပြေစားရသောအရာလည်းမဟုတ်ပါ။ ယခင်အခါက ကွမ်းစားနှုန်းများခဲ့ကြသောအာရှမှ နိုင်ငံများသည် ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကွမ်းစားသူမရှိသလောက်ဖြစ်နေချိန်တွင် စာရေးသူတို့ နိုင်ငံ၌ ကွမ်းစား သော ဓလေ့သည် ကူးစက်ရောဂါတစ်မျိုးကဲ့သို့လျင်မြန်စွာကူးစက်ပြန့်ပွားနေသည်ကိုတွေ့နေရသည်။**

ကွမ်းစားခြင်းကြောင့် ပါးစပ်နှင့်သွားများတွင် ကွမ်းသွေးများ စွဲကပ်နေပြီး နဂိုမူလက ဖြူဖွေးနေသော ကြွေရောင်၊ ပုလဲရောင်သွားများမှ အပေါ်ယံလွှာများပျက်စီး၍ နီရဲလာကာ ဖရဲသီးစေ့အရောင်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် အနက်ရောင်အထိ ပြောင်းလဲသွားစေပါသည်။

ကွမ်းယာထဲတွင်ပါဝင်သော ထုံးများသည် သွားများပေါ်တွင် စုနေတတ်သဖြင့် သွားပွတ်တံနှင့်သွားတိုက်သောအခါ သွားအပေါ်ယံလွှာများ ကြွေခြင်း၊ ပါးခြင်း၊ သွားဖုံးများ ရောင်ရမ်းခြင်း၊ ရေစီးကမ်းပြိုဖြစ်ခြင်းတို့ဖြစ်စေပြီး ပါးစပ်အလှကိုပျက်စီးစေနိုင်ပါသည်။ ထို့ပြင် ထုံးပေါက်ခြင်းမှအစပြုကာ ခံတွင်းကင်ဆာအထိ ဖြစ်စေနိုင်ပါသည်။ ထို့ပြင် လျှာကင်ဆာ၊ ပါးစပ်ကင်ဆာ၊ ပါးစောင်ကင်ဆာ၊ သွားဖုံးကင်ဆာ၊ လည်ချောင်းကင်ဆာများလည်း ဖြစ်စေနိုင်ကြောင်းသိရသည်။ လျှာမှာလည်း ကွမ်းစားခြင်းကြောင့် ထူနေပြီး အချဉ်အရသာကို မစားနိုင်ခြင်း၊ အငန်ဓာတ်ကို ပိုမိုစားသုံးခြင်းတို့ ဖြစ်လာကာ လျှာပေါ်ရှိ အရသာအာရုံခံဖုကလေးများ ပျက်စီးသည်အထိ ဖြစ်စေတတ်ပါသည်။ ထိုမျှသာ မကသေးပါ။ ကွမ်းစားခြင်းကြောင့် ဆီးပွန်၊ ဆီးအိမ်နှင့် ဆီးလမ်းကြောင်းများတွင် ကျောက်တည်သောရောဂါလည်း ဖြစ်စေနိုင်သည်။

ကွမ်းစွဲသူများတွင် သွားဖုံးရောဂါအဖြစ်များသည်ကိုလည်း တွေ့ရပါသည်။ သွားဖုံးရောဂါဆိုသည်မှာ လူလတ်ပိုင်းနှင့်သက်ကြီးပိုင်းများတွင် သွားဆုံးရှုံးမှုအများဆုံးဖြစ်စေသော ခံတွင်းရောဂါတစ်မျိုးဖြစ်ပါသည်။ ဆေးရွက်ကြီးပါသောကွမ်းယာကိုဝါး၍ ကွမ်းဖတ်များကို ပါးစောင်တွင် အချိန်ကြာမြင့်စွာ ငုံထားခြင်း၊ မြုံ့ထားပြီးစားခြင်းများသည် ခံတွင်းအမြှေးပါးများ၏ ဇီဝဖြစ်စဉ်ကို ပြောင်းလဲလွယ်ပြီး မျက်နှာပြင်ထူလာခြင်း၊ ကြမ်းလာခြင်း၊ အဖြူကွက်၊ အနီကွက်၊ မီးခိုးရောင်အကွက်များပေါ်လာခြင်းစသည့် ခံတွင်းအကြိုကင်ဆာအနာများ (Precancerous Lesions) ဖြစ်စေတတ်ပါသည်။ အလွန်ပင်အန္တရာယ် ကြီးမားပါသည်။

အချို့သူများ ယူဆပြောဆိုနေကြသကဲ့သို့ ကွမ်းစားခြင်းကြောင့် သွားခိုင်စေသည်ဆိုသည့်အချက်မှာ လုံးဝမမှန်ပါ။ ပါးစပ်ထဲတွင် ကွမ်းဝါးနေသမျှကာလပတ်လုံး သွားများသည် အချိန်ပြည့်ကြိတ်ဝါးနေရသဖြင့် သွားများ၏ကြံ့ခိုင်မှုကို လျော့နည်းစေပါသည်။ ကျောက်ကပ်သည်လည်း အချိန်ပြည့်အလုပ်လုပ်နေရသဖြင့် အနားမရပါ။ ထို့ပြင် ကွမ်းစားသူအများစုသည် အသက်ငယ်ငယ်နှင့် အရွယ်ရင့်သည်ကိုလည်း တွေ့ရပါသည်။ စာရေးသူတို့ ငယ်စဉ်က "ကလေးငယ်များ ကွမ်းစားလျှင် လျှာထူတတ်သဖြင့် အင်္ဂလိပ်စာသင်ရာတွင် အခက်အခဲဖြစ်စေနိုင်သောကြောင့် ကွမ်းမစားကြဖို့" လူကြီးသူမများက ပြောဆိုကြသည်ကိုလည်း နာခံမှတ်သားရဖူးပါသည်။

ကွမ်းယာသည် လူသားတို့အသက်ရှင်ရပ်တည်ရေးအတွက် မဖြစ်မနေစားသုံးရမည့် အစားအစာများထဲတွင် မပါဝင်သလို သရေစာအဖြစ် အဆာပြေစားရသောအရာလည်း မဟုတ်ပါ။ ယခင်အခါက ကွမ်းစားနှုန်းများခဲ့ကြသော အာရှမှ နိုင်ငံများသည် ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကွမ်းစားသူမရှိသလောက်ဖြစ်နေချိန်တွင် စာရေးသူတို့ နိုင်ငံ၌ ကွမ်းစား သောဓလေ့သည် ကူးစက်ရောဂါတစ်မျိုး ကဲ့သို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားနေသည်ကို တွေ့နေရသည်။ စာရေးသူတို့ နိုင်ငံ၏ကွမ်းစားနှုန်းသည် ဒေသတွင်းနိုင်ငံများထဲ၌ ထိပ်ဆုံးသို့ရောက်နေကြောင်း လေ့လာမှုများက ဖော်ပြနေသည်။

ကွမ်းစားခြင်းကြောင့် စားသုံးသူ တစ်ဦးတစ်ယောက်တည်းကိုသာ ဆိုးကျိုးများဖြစ်စေနိုင်သည်မဟုတ်ဘဲ မိမိစားသုံးသည့် ကွမ်းယာ၏တန်ဖိုးအလိုက် မိသားစုအတွက်သုံးစွဲရန်များ လျော့နည်းစေနိုင်ပါသည်။ တချို့ဆိုလျှင် တစ်ရက်ကို ပျမ်းမျှ ကျပ်တစ်ထောင်ဖိုးခန့်အထိ ကွမ်းယာအတွက် သုံးစွဲကြောင်း တွေ့ရပါသည်။ ထိုပမာဏထက်ပိုမို၍ စားသုံးသူများလည်း ရှိသည်ဟုသိရပါသည်။ တစ်လအတွက်ဆိုပါက ပျမ်းမျှကျပ်သုံးသောင်းခန့် အနည်းဆုံးရှိနေသည်။ အဆိုပါငွေကြေးပမာဏသည် မိသားစုအတွက် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ကျန်းမာရေး၊ ကလေးပညာရေးနှင့် မီးဖိုချောင်အသုံးစရိတ်များတွင် ထည့်ဝင်သုံးစွဲနိုင်သည်။

ကွမ်းယာစားသုံးခြင်းဖြင့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများကို ဖြစ်စေသည်သာမက ကွမ်းစားပြီးမဆင်မခြင်ထွေးသော ကွမ်းသွေးများကြောင့် ပတ်ဝန်းကျင်ကိုလည်း များစွာ ညစ်ညမ်းစေသည်။ ကွမ်းတံတွေးများကို စည်းကမ်းမဲ့ထွေးနေခြင်းများက မြို့ရွာများ၏ အလှအပကို ထိခိုက်စေသည်။ ရန်ကုန်မြို့တော်တွင်လည်း စည်းကမ်းမဲ့ ကွမ်းတံတွေးများကြောင့် မြို့တော်အလှကို ပျက်စီးမေးမှိန်စေသဖြင့် လွန်ခဲ့သောနှစ်ကာလများက ရန်ကုန်မြို့လယ်မှ မြို့နယ်အချို့တွင် ကွမ်းယာမရောင်းရဟု သတ်မှတ်ခဲ့ဖူးပါသည်။ ထို့အတွက်ကြောင့် မြို့လယ်ရှိလမ်းများ၊ ပလက်ဖောင်းများပေါ်တွင် ကွမ်းသွေးကွက်များ နည်းသွားခဲ့ဖူးသော်လည်း လုံးဝပျောက်ကွယ်သွားခြင်းမျိုး မရှိခဲ့ပါ။ ယခုအခါတွင် ကွမ်းစားသူများလည်း ပိုမိုတိုးလာနေပြီး လမ်းများ၊ ပလက်ဖောင်းများ၊ အဆောက်အအုံနံရံများတွင် ကွမ်းသွေးကွက်များ၊ ကားပေါ်မှ လမ်းမပေါ်သို့ ကွမ်းသွေးထွေးချနေခြင်းများက နေရာအနှံ့တွင် တွေ့နေရဆဲပါ။

ကွမ်းယာစားသုံးသူဦးရေ တိုးတက်လာမှုကြောင့် မြို့ရွာအနှံ့၌ ကွမ်းယာဆိုင်မရှိသည့် လမ်းဟူ၍ မရှိလောက်အောင်ပင် ကွမ်းယာဆိုင်များမှာ လက်ညှိုးထိုးမလွဲ ပေါများလာနေသည်။ အချို့သောကားမှတ်တိုင်များတွင် ကွမ်းယာဆိုင်များက နေရာယူထားကြသည်ကိုလည်း တွေ့နေရပါသည်။

ရုံးများတွင် "ကွမ်းမစားရ"၊ "ကွမ်းတံတွေးမထွေးရ" ဟူသော စာတန်းများရေးသားထားကြသော်လည်း ရုံးများအတွင်း ကွမ်းစားသူများနှင့် ကွမ်းတံတွေးကွက်များ ပျောက်ကွယ်သွားခြင်းမရှိသေးပါ။ အချို့သောရုံးများတွင် "ကွမ်းစား၍မဝင်ရ" ဟု ရေးသားထားသည်ကိုပင် တွေ့ဖူးပါသည်။ မိမိကြိုက်နှစ်သက်သောကြောင့် ကွမ်းစားသည်ကို မည်သို့မျှ မဝေဖန်လိုသော်လည်း ကွမ်းတံတွေးများ စည်းကမ်းမဲ့ထွေးခြင်းကိုတော့ ဆင်ခြင်သင့်ပါသည်။ စည်းကမ်းရှိ သင့်သည်။

ပြည်ပရောက်မြန်မာနိုင်ငံသားအချို့တို့၏ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှုများကြောင့် သက်ဆိုင်ရာနိုင်ငံများမှ ငြိုငြင်မှုများရှိနေသည်ကိုလည်း ကြားသိနေရသဖြင့် တိုင်းပြည်နှင့် လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်။ အချို့နိုင်ငံများကဆိုလျှင် မြန်မာနိုင်ငံသား ဟုတ်၊ မဟုတ်ဆိုတာကို အထွေအထူးစိစစ်နေစရာမလိုဘဲ ပါးစပ်ကိုကြည့်၍ပင် ခွဲခြားနိုင်ကြောင်း၊ ကွမ်းစားထားသူဆိုလျှင် မြန်မာနိုင်ငံသားဆိုတာသေချာနေကြောင်း စသည်ဖြင့်ပြောဆိုကြသည်ဟု ကြားသိရသည်။ ဤသည်တို့က မိမိတို့အနေဖြင့် စည်းကမ်းရှိမှု၊ စည်းကမ်းလိုက်နာမှု အပိုင်းတို့တွင် အားနည်းနေသေးသည်ဟု ဆိုနိုင်ပါသည်။ သို့အတွက် ပညာပေးမှုများစွာ ပြုလုပ်ရန် လိုအပ်နေသေးသည်ကိုပြဆိုနေသည်။

ယခုအစိုးရသစ်လက်ထက်တွင် ကွမ်းစားသုံးမှုလျော့နည်းပပျောက်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုအစိုးရက ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှုများ ကျဆင်းပပျောက်ရေး ဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ မေလကုန်ပိုင်းက စတင်ညွှန်ကြားခဲ့ပါသည်။ စာမျက်နှာ ၁၈ သို့

# မိုးရာသီတွင် ဂရုစိုက်သင့်သော ကျန်းမာရေးပြဿနာများ

## ဒေါက်တာမျိုးသန့်နှင့်တွေ့ဆုံဆွေးနွေးခြင်း

**à မြို့တော်ထွန်းရည်**

မိုးရာသီ၏ သာယာသော အရုဏ်ဦးမှာ စာရေးသူသည် ရပ်ကွက်အနီးရှိ သခင်မြပန်းခြံသို့ ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်ခဲ့ပါသည်။ သခင်မြပန်းခြံထဲတွင် ဆုံနေကျမိတ်ဆွေများထဲမှ ခင်မင်ရင်းနှီးသော ပင်စင်စားမိတ်ဆွေဦးဘိုဘိုမတွေ့၍ အခြားမိတ်ဆွေများကို မေးမြန်းရာ ဦးဘိုဘို၏ မြေးငယ်လေး ဖျားနေ၍ လမ်းလျှောက်မထွက်နိုင်ကြောင်း ကြားသိရတဲ့အတွက် အပြန်တွင် ဦးဘိုဘိုတို့နေထိုင်ရာစောရန်ပိုင်ရပ်ကွက်သို့ ကျွန်တော်သွားရောက်ခဲ့ပါသည်

ဦးဘိုဘိုကို အိမ်ရှေ့တွင် အခန့်သင့်တွေ့ရာ "ဟာ. . ဆရာမြို့တော်ကြီးပါလား။ လမ်းလျှောက်အပြန်ဝင်လာတယ်ထင်တယ်"၊ "ဟုတ်တယ်ဗျာ ဒီနေ့ရာသီဥတုသာယာတဲ့အတွက် လမ်းလျှောက်ထွက်ခဲ့ရာက ခင်ဗျားရဲ့ အကြောင်းကို မေးမြန်းရင်း ဒီကိုဝင်လာတာပဲ"ဟုတ်တယ်ဆရာမြို့တော်ရေ၊ ဒီမှာ ကျွန်တော်ရဲ့ မြေးမလေး တုန်တုန်ချစ် ဖျားနေတာ သုံးရက်ရှိပြီ။ ဆေးခန်းသွားပေမယ့်လည်း အခုထိ အဖျားက မကျသေးတော့ ကျွန်တော်လည်း လမ်းလျှောက် မထွက်နိုင်ပါဘူးဗျာ။ အခုဆေးခန်းသွားနေကြတယ်။ ပြန်လာခါနီးပါပြီ။ "ဒါနဲ့ ဆေးခန်းဆရာဝန်က ဘာဖြစ်တယ်ပြောလဲ" "ဒီနေ့ သွေးစစ်မယ်လို့တော့ ပြောတာပဲဗျာ။ အဖြေတစ်ခုတော့ ထွက်လာမှာပဲ"၊ "ဦးဘိုရေ ဒီမိုးတွင်းရာသီက ကလေးကော လူကြီးပါ ရောဂါစုံဖြစ်တတ်တယ်ဗျ။ ကျွန်တော်ဆရာဝန်တစ်ဦးနဲ့ မိုးရာသီဆွေးနွေးခန်းတစ်ခု ဆောင်းပါးရေးရဦးမယ်။ ဆောင်းပါးပါလာမှ ခင်ဗျားကို ပေးဖတ်မယ်။ ကလေးကိုလည်း ဂရုစိုက်ပါ။ ခင်ဗျားတို့ ကျွန်တော်တို့ လည်း အသက်အရွယ်တွေရလာပြီဆိုတော့ ရာသီအပြောင်းအလဲတွေမှာ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်သင့်ပါတယ်" သုံးလေးရက်ခန့်အကြာမှာတော့ ဦးဘိုဘိုထံမှ ဖုန်းဝင်လာပါတယ်။ သူ့မြေးလေးတုန်တုန်ချစ် ကလေးဆေးရုံတင်ထားရတယ်ဆိုတဲ့ သတင်းပါပဲ။ အားလပ်ရက်တစ်နေ့မှာတော့ မိတ်ဆွေဆရာဝန်ဒေါက်တာမျိုးသန့်ထံချိန်းဆိုပြီး မိုးရာသီမှာ ဂရုစိုက်သင့်တဲ့ ကျန်းမာရေးပြဿနာများကို စူးစမ်း လေ့လာအဖြေရှာခဲ့ရတဲ့ အကြောင်းအရာတွေကို စာဖတ်သူတို့ထံ ကြေးမုံသတင်းစာမှတစ်ဆင့် တင်ပြပေးလိုက်ပါတယ်။

**မေး။ ။ ဆရာကြီးခင်ဗျား ခုလိုမိုးရာသီမှာ ကလေး၊ လူကြီးနာဖျားရောဂါတွေ ဖြစ်နေကြပါတယ်။ မိုးရာသီမှာ ဂရုစိုက်သင့်တဲ့ ကျန်းမာရေးပြဿနာတွေ ဘာတွေရှိပါသလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ခုလိုမိုးရာသီမှာ ရေစပ်၊ ရေအိုင်၊ ရေခွက်တွေမှာ ခြင်တွေပေါက်ပွားမှုနှုန်းများတတ်ပါတယ်။ ဒီအတွက် သွေးလွန်တုပ်ကွေးရောဂါပိုးပါရှိတဲ့ ခြင်ကိုက်ခံရပြီး ရောဂါပိုးကူးစက်ခံရတတ်ပါတယ်။ ဒါကြောင့် ကလေးငယ်တွေမှာ အဖျားရောဂါရလာလို့ တစ်ရက် နှစ်ရက်အတွင်း အဖျားမကျဘဲ အနီစက်ကလေးတွေ ပေါ်လာခဲ့ရင် ကျွမ်းကျင်ဆရာဝန်နဲ့ ပြသခြင်း၊ ဆေးရုံသွားရောက်ပြသခြင်းတွေ ပြုလုပ်သင့်ပါတယ်။ ခြင်မကိုက်အောင် ခြင်မကိုက်လိမ်းဆေးတွေကိုလည်း သုံးစွဲသင့်ပါတယ်။ နေ့ ည အိပ်တဲ့အခါမှာလည်း ခြင်ထောင်နဲ့ အိပ်သင့်ပါတယ်။ အခြားမိုးတွင်းမှာ ဖြစ်နိုင်တာတွေကတော့ အဆောင်းမပါ၊ ဖိနပ်မပါဘဲ ကလေးငယ်တွေ မိုးရေထဲပြေးလွှားဆော့ကစားခြင်းကြောင့် ရွှံ့ညွန်ဗွက်အိုင်တွေထဲက စူးရှနိုင်တဲ့အရာတွေ စူးမိခြင်းကြောင့် အခြားရောဂါပိုးတွေဝင်နိုင်ပါတယ်။ ရာသီဥတုက မိုးရွာလိုက်၊ နေပူလိုက်ဖြစ်တဲ့အတွက် မိုးစိုထားတဲ့ အဝတ်အစားတွေကို ဝတ်ဆင်နေထိုင်မယ့်အစား ခြောက်သွေ့တဲ့ အဝတ်အစားတွေနဲ့ လဲလှယ်သင့်ပါတယ်။ ရေစိုအဝတ်တွေနဲ့ နေပူထဲမှာ သွားလာနေရင် အရေပြားပေါ်မှာ ယားနာတွေနဲ့ ပွေး၊ ဝဲ၊ ညှင်းတွေ ပေါက်တတ်ပါတယ်။ ပေါင်ခြံ၊ လည်ပင်း၊ ချိုင်းကြား ဗိုက်အရစ်ကြားတွေမှာလည်း ယားနာတွေပေါက်တတ်ပါတယ်။ ဆောင်းစရာဦးထုပ်၊ ထီးမပါဘဲ နေပူမိုးရွာထဲကို သွားလာနေရင် အသားအရေမခြောက် ပြာနှမ်းသွားနိုင်ပါတယ်။

**မေး။ ။ အခြားအန္တရာယ်ရှိနိုင်မယ့် အရာတွေကိုလည်း ပြောပေးပါဦး ဆရာ။**

ဖြေ။ ။ လေ၊ မိုးတွေကျနေချိန်မှာ သစ်ပင်အောက်သွားခြင်း၊ ဓာတ်တိုင်အောက်သွားခြင်းတွေ ရှောင်သင့်ပါတယ်။ ဓာတ်ကြိုးပြတ်ကျခြင်း၊ သစ်ကိုင်းကျိုးကျခြင်းတွေဖြစ်နိုင်ပါတယ်။ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်နေတဲ့အချိန်မှာ စက်ဘီးစီးသွားခြင်း၊ မိုဘိုင်းဖုန်းပြောဆိုခြင်း၊ ကွင်းပြင်ထဲတွင် ထီးထီးနေခြင်း၊ ချောင်း၊ မြောင်းစပ်တွေဟာလည်း အန္တရာယ်ရှိနိုင်တဲ့အရာတွေပဲဖြစ်ပါတယ်။ နောက်တစ်ခုက အစားအစာနဲ့ပတ်သက်ပြီး ဖြစ်နိုင်တဲ့အန္တရာယ်တွေကတော့ ယင်နားအစားအစာ၊ ဝမ်းနူးအစားအစာတွေကို စားသောက်ခြင်းပါပဲ။ ယင်နားအစားအစာတွေကြောင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါတွေအပြင် အစာအိမ် အူလမ်းကြောင်းဆိုင်ရာ ရောဂါတွေလည်း ဖြစ်လာနိုင်ပါတယ်။ အစားအစာသုံးခြင်းမပြုမီ ပန်းကန်ခွက်တွေကို ဆပ်ပြာနဲ့စင်ကြယ်အောင်ဆေးကြောခြင်း၊ ရေနွေးပူပူဖြင့် သော်လည်းကောင်း၊ ဆေးကြောခြင်းတွေပြုလုပ်သင့်ပါတယ်။ မိုးရွာရေကြီးမှုကြောင့် တွင်းအောင်းသတ္တဝါတွေဖြစ်တဲ့ ကြွက်၊ မြွေသတ္တဝါတွေလည်း ထွက်လာပြီး လူတွေကိုအန္တရာယ်ပြုနိုင်ပါတယ်။ မိုးရွာရင် မိုးရေထဲက အက်စစ်ဓာတ်တွေ၊ သတ္တုဓာတ်တွေ အနည်းနဲ့ အများပါလာနိုင်တာကြောင့် မဖြစ်မနေ နေပူမိုးရွာထဲသွားရာတွင် ဆောင်းစရာများ၊ နေရောင်ကာလိမ်းဆေးတွေကိုလည်း လိမ်းသွားသင့်ပါတယ်။ ဒါ့အပြင် ယာဉ်အန္တရာယ်တွေလည်း တွေ့နိုင်ပါသေးတယ်။ မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်အန္တရာယ်ကလည်း သတိပြုဆင်ခြင်စရာဖြစ်ပါတယ်။ မိုးတွင်းကာလမှာ ပတ်ဝန်းကျင်ကြောင့် အန္တရာယ်ဖြစ်နိုင်တာတွေ၊ ရာသီဥတုကြောင့် အန္တရာယ်ဖြစ်နိုင်တာတွေ အစားအသောက်ကြောင့် အန္တရာယ်ဖြစ်နိုင်တာတွေ ရှိနိုင်တာမို့ မိုးတွင်းကာလမှာ အသွားအလာ၊ အနေအထိုင်၊ အစားအသောက်တွေကို သတိပြုဆင်ခြင်သင့်ပါကြောင်း။

ကျန်းမာရေးအသိပညာအဖြစ်တင်ပြလိုက်ရပါတယ်။

■



## မိုဘိုင်းစာကြည့်တိုက်ဖွင့်လှစ်ကာ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်

**ဝါးခယ်မ ဇူလိုင် ၁၂**

ဗဟုသုတဖြစ်စေမည့် စာအုပ်စာပေများကို ကျောင်းသား ကျောင်းသူ၊ လူကြီး၊ လူငယ်၊ ဝန်ထမ်းများပါ အလွယ်တကူ လေ့လာဖတ်ရှုနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မိုဘိုင်းစာကြည့်တိုက် ဖွင့်လှစ်ကာ စာကြည့်တိုက်ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်မှုကို ဇူလိုင် ၁၁ ရက် နေ့လယ်ပိုင်းက လူမှုဖူလုံရေးရုံး၌ ပြုလုပ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်မြင့်မြင့်ကြည်နှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကျေးရွာများ၊ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးများသို့ သွားရောက်ကာ မိုဘိုင်းစာကြည့်တိုက်ဖွင့်လှစ်၍ သုတ၊ ရသစာအုပ်စာစောင်များ ငှားရမ်းပေးပြီး စာကြည့်တိုက် အသင်းဝင်လိုသူများကို အသင်းဝင်ကတ်များ အခမဲ့ပြုလုပ်ပေးခဲ့ရာ စာကြည့်တိုက်အသင်းဝင်များ၊ စာငှား၊ စာဖတ်များ ထပ်မံတိုးပွားလာသလို ကျေးရွာများ၊ အခြေခံပညာကျောင်းများတွင် အသိပညာပေးဟောပြောပွဲများ၊ နံရံကပ် ဓာတ်ပုံ၊ နံရံကပ်စာစောင်များပြသခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**



## ညောင်ပင်ကြီးကျေးရွာ၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်

**ဆားလင်းကြီး ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်ရဲတပ်ဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ညောင်ပင်ကြီးကျေးရွာ ခေတ္တရဲစခန်းမှူး ရဲအုပ်ဟန်ထွန်းကျော်ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များက အလှူရှင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ပူးပေါင်းကာ မော်တော်ယာဉ်စစ်ဆေးရှာဖွေခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းများကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု ညောင်ပင်ကြီးကျေးရွာလမ်းဆုံ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ထိုသို့ မော်တော်ယာဉ်စစ်ဆေးရှာဖွေခြင်းနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများ ဆောင်ရွက်လျက်တွင် ညောင်ပင်ကြီးကျေးရွာ ရွှေအင်းလေးရပ်နေ အုတ်စက်လုပ်ငန်းရှင် ဦးကျော်ရွှေက ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆိုင်ကယ်ဦးထုပ် ၂၅ လုံးကို ပေးအပ်ရာ ညောင်ပင်ကြီးကျေးရွာ ခေတ္တရဲစခန်းမှူး ရဲအုပ် ဟန်ထွန်းကျော်က လက်ခံရယူပြီး ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့်အတူ ပူးပေါင်းကာ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးကာ ဆိုင်ကယ်ဦးထုပ်မဆောင်းဘဲ မောင်းနှင်လာသော ပြည်သူများအား ငွေကျပ် ၁၉၀၀ တန် ဆိုင်ကယ်စီးဦးထုပ်တစ်လုံးစီကို အခမဲ့ပေးအပ်ခဲ့ကြပြီး စုစုပေါင်း ၂၅ လုံးအတွက် ငွေကျပ် လေးသောင်းကျော် အကုန်ကျခံကာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## သီးနှံအစားထိုး လုပ်ငန်းမျိုးစေ့နှင့် ပျိုးပင်များအား ထီးသော်ကူးကျေးရွာတွင် ပေးအပ်

**ဖရူဆို ဇူလိုင် ၁၂**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကယားပြည်နယ်စိုက်ပျိုးရေးဝန်ကြီးဌာနမှ သီးနှံအစားထိုးလုပ်ငန်း လုပ်ငန်းမျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်ပွဲအခမ်းအနားကို ထီးပေါ်ဆိုကျေးရွာအုပ်စု ထီးသော်ကူးကျေးရွာ အမကကျောင်း၌ ဇူလိုင် ၁၀ ရက်က ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကယားပြည်နယ်စိုက်ပျိုးရေးဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးခန့်က ဘိန်းအစားထိုးလုပ်ငန်းအဖြစ် ပုလဲသွယ်စပါးမျိုးစေ့များနှင့် ကော်ဖီပျိုးပင်များအား တောင်သူများထံပေးအပ်ကာ လိုအပ်သော စိုက်ပျိုးရေးနည်းပညာများအား မိမိတို့ဌာနအနေဖြင့် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဦးစီးမှူးနှင့် ဦးစီးအရာရှိ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်နှင့် ဝန်ထမ်းများ၊ ထီးပေါ်ဆိုကျေးရွာအုပ်စုမှ ထီးသော်ကူး၊ ကဒါးလားကျေးရွာမှ ဒေသခံတောင်သူများစုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုင်းအန္တရာယ် အသိပညာပေး သင်တန်းဖွင့်

**ဒီးမော့ဆို ဇူလိုင် ၁၂**

ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် Catholic Relief Services (CRS) တို့ ပူးပေါင်း၍ မိုင်းအန္တရာယ် အသိပညာပေး သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်း ဆောင်ရွက်နေသော (NGO/INGO)များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်က ယခုဖွင့်လှစ်သော မိုင်းအန္တရာယ် အသိပညာပေး သင်တန်းသည် ပြည်သူလူထုများအား မြေမြှုပ်မိုင်းအန္တရာယ်မှ ကာကွယ်ပေးသွားရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ နေထိုင်သော နယ်စပ်ဒေသတွင် အပြစ်မဲ့သူများ မြေမြှုပ်မိုင်းတွေကြောင့် အသက်အန္တရာယ် မဆုံးရှုံးရလေအောင်၊ မသန်စွမ်းသူများ မဖြစ်ရလေအောင် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းကို နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား ၅၀ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေး

**ဖာပွန် ဇူလိုင် ၁၂**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် NRC တို့ ပူးပေါင်း၍ ဖာပွန်အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ဇူလိုင် ၇ ရက်ထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အသက်(၁၀)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူ ၁၀၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပြီး ဆက်လက်၍ ကျန်ရှိနေသေးသော အခြေခံပညာကျောင်းများကိုလည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရေးအတွက် ဆက်လက် ကွင်းဆင်းဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**

## ကွမ်းယာနှင့်ကျန်းမာရေး

စာမျက်နှာ ၁၆ မှ

ဤနေရာတွင် ကွမ်းယာစားသုံးခြင်းနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှုများ ကျဆင်းပပျောက်ရေးဆောင်ရွက်ရာ၌ ကွမ်းယာရောင်းချသူများကို ပိတ်ပင်တားဆီးမှုများ ပြုလုပ်ခြင်းထက် ကွမ်းယာစားသုံးခြင်း၏ဆိုးကျိုးများကို ပြည်သူလူထု သိရှိနားလည်သဘောပေါက်အောင် အသိပညာပေးခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ပေးခြင်းက ပိုမိုထိရောက် အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ဆေးလိပ်မသောက်ကြရန် ပညာပေးမှုများ ပြုလုပ်ခဲ့ကြသည့် နည်းတူ ကွမ်းယာစားခြင်းကြောင့် စားသုံးသူများ၏ကျန်းမာရေးကို ထိခိုက်စေရုံသာမကဘဲ စည်းကမ်းမဲ့ထွေးထားသော ကွမ်းသွေးများကြောင့် မိမိတို့မြို့ရွာပတ်ဝန်းကျင်ရှိ အလှအပများကိုပါ ပျက်စီးစေနိုင်ကြောင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးကြရန် လိုအပ်နေပြီဖြစ်သည်။

အသိပညာပေးမှုများကို လုပ်ဆောင်နေသည့်တစ်ချိန်တည်းမှာပင် ရုံးများ၊ ကျောင်းများ၊ ရုပ်ရှင်ရုံများ၊ ဈေးများ၊ ဆေးရုံများ၊ ဘုရားကျောင်းကန်စသည့်ဘာသာရေးဆိုင်ရာ နေရာများ၊ အပန်းဖြေအနားယူရာပန်းခြံများစသည့် လူစည်ကားရာ နေရာများနှင့် မော်တော်ယာဉ်၊ မီးရထား၊ သင်္ဘော စသည့်အများသုံးယာဉ်များပေါ်တွင် ကွမ်းစားခြင်းများကို လုံးဝခွင့်မပြုသင့်ပါ။ စည်းကမ်းမဲ့စွာ ကွမ်းတံတွေးထွေးလျှင် ဒဏ်ငွေမည်မျှပေးဆောင်ရမည်ကို သတ်မှတ်ထားပြီး ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခြင်းလုပ်ငန်းများကို တိတိကျကျဆောင်ရွက်သင့်ပါသည်။ စီမံချက်ရှိမှ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ပုံမှန်တာဝန်တစ်ရပ်အနေဖြင့် အမြဲမပြတ် ဆောင်ရွက်နေရမည် ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပညာပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို စနစ်တကျဆောင်ရွက်မည်ဆိုပါက ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာအသိပညာများ ရရှိလာပြီး စည်းကမ်းတကျလုပ်ဆောင်လာမည်ဖြစ်၍ ကွမ်းစားသူဦးရေ သိသိသာသာ လျော့နည်းသွားနိုင်ပါသည်။ ကွမ်းစားသူဦးရေ လျော့နည်းလာပါက ကွမ်းယာဆိုင်များလည်း အလိုအလျောက် လျော့နည်း၍ နောက်ဆုံး၌ ပျောက်ကွယ်သွားမည်ဖြစ်သည်။ အချိန်အတိုင်းအတာတစ်ခုတော့ပေးရမည် ဖြစ်သည်။ ကွမ်းစားသူများအား ကွမ်းစားခြင်း၏ဆိုးကျိုးများကို ပညာပေးခြင်းမပြုလုပ်ဘဲ၊ ကွမ်းယာဆိုင်များကို လိုက်လံပိတ်သိမ်းနေရုံမျှနှင့် ကွမ်းစားသူများ လျော့နည်းမသွားနိုင်ပါ။ ကွမ်းယာဆိုင်များမရှိသော်လည်း ကွမ်းစားသူများက ကွမ်းယာကို ရသည့်နည်းဖြင့်ရှာဖွေ၍ စားသုံးကြမည်ဖြစ်ပါသည်။ ထိုအခါတွင် တိတ်တိတ်ပုန်းကွမ်းယာဆိုင်များ၊ တရားမဝင် ကွမ်းယာဆိုင်များဖြင့် မှောင်ခိုကွမ်းယာဈေးကွက် ပေါ်ပေါက်လာမည်ဖြစ်သည်။

ကွမ်းစားခြင်း၏ဆိုးကျိုးများကို ပြည်သူလူထုအတွင်း သိရှိနားလည်သဘောပေါက်ပြီး မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် ကွမ်းမစားကြမှသာ ကွမ်းယာဝယ်သူမရှိ၍ ကွမ်းယာဆိုင်များ ပျောက်ကွယ်သွားမည်ဖြစ်သည်။ ကွမ်းယာစားမှု ပျောက်ကွယ်စေရန်အတွက် အဓိကဆောင်ရွက်ရမည်မှာ ကွမ်းယာဆိုင်များပိတ်ခိုင်းခြင်းမဟုတ်ဘဲ ကွမ်းယာစားခြင်း၏ ဆိုးကျိုးကို ပြည်သူလူထုအား ကျယ်ကျယ်ပြန့်ပြန့် ကျန်းမာရေးအသိပညာပေးရန်သာ ဖြစ်သည်။

ဤဆောင်းပါးအစတွင် တင်ပြခဲ့သလို ကွမ်းယာစားသုံးခြင်း ဓလေ့သည် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာ မဟုတ်ကြောင်းကို ပညာရှင်အချို့က လက်ခံကြသော်လည်း အချို့ကမူ လက်မခံကြပါ။ ရှေးခေတ် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများတွင် ကွမ်း၊ ဆေး၊ လက်ဖက်တို့ ရှိကြောင်း၊ ဧည့်သည်လာပါက ကွမ်း၊ ဆေး၊ လက်ဖက်တို့ဖြင့် ဧည့်ခံခဲ့ကြကြောင်း၊ ထို့ပြင် ကွမ်းသည် မြန်မာတို့၏ အလှူမင်္ဂလာပွဲ၊ ရိုးရာနတ်ပွဲ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များအား ကိုးကွယ်မှုစသည်တို့တွင် မပါလျှင် မပြီးကြောင်း၊ သို့ဖြစ်၍ ကွမ်းသည် မြန်မာတို့၏ ရိုးရာဓလေ့၊ မြန်မာတို့၏ ဧည့်ခံစရာ၊ မြန်မာတို့၏နန်းတွင်းသုံး စသည်ဖြင့် ကွမ်းဓလေ့၊ ကွမ်းယဉ်ကျေးမှုကို မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုအဖြစ် သုံးသပ်ထားသည့် အချို့သော စာပေပညာရှင်များ၏ ရေးသားချက်များကိုလည်း တွေ့ရှိရပါသည်။ သမိုင်းသုတေသနပညာရှင်များအနေဖြင့် ဤအချက်တို့ကို သုတေသနပြုလေ့လာ ဖော်ထုတ်ကြမည်ဆိုပါက တိတိကျကျသိရှိနိုင်မည်ဟု ထင်မြင်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ဆေးလိပ်သည် မည်သည့်နိုင်ငံကပင် အစပြု၍ သောက်သုံးခဲ့သည် ဖြစ်စေ၊ မိမိတို့နိုင်ငံသို့ မည်ကဲ့သို့ကူးစက်ရောက်ရှိလာသည်ဖြစ်စေ၊ ယခုအခါတွင် ဆေးလိပ်သောက်ခြင်းသည် လူသားတို့အတွက် ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေသည်ကို သိရှိခဲ့ကြပြီး နောက် ဆေးလိပ်တိုက်ဖျက်ရေးကို အားသွန်ခွန်စိုက်လုပ်ဆောင်နေကြပြီဖြစ်သကဲ့သို့၊ ကွမ်းယာစားသောဓလေ့သည်လည်း မိမိတို့နိုင်ငံ၏မြန်မာ့ဓလေ့တွင် အစကနဦးကပင် ပါဝင်ခဲ့သည်ဖြစ်စေ၊ မိမိတို့၏ ယဉ်ကျေးမှုဓလေ့အစစ်မဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများမှ ကူးစက်ဝင်ရောက်လာ သည်ဖြစ်စေ၊ ယခုအခါတွင် ကွမ်းယာစားခြင်း၏ဆိုးကျိုးများကို ဖော်ထုတ်တွေ့ရှိခဲ့ကြပြီဖြစ်သဖြင့် ကွမ်းစားခြင်းဓလေ့ကို ပျောက်ကွယ်သွားစေရန်အတွက် လုပ်သင့်သည်များကို လုပ်ဆောင်ကြဖို့ အချိန်တန်ပြီဖြစ်သည်။ မည်သည့်ခေတ်ကပင် စခဲ့ စခဲ့၊ မည်သည့်နိုင်ငံကပင် စခဲ့ စခဲ့၊ ကျန်းမာရေးအတွက် လူမှုရေးအတွက် မြို့ရွာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် မကောင်းမှန်း အကျိုးမရှိမှန်း သိလာကြပြီဖြစ်၍ ရှောင်ကြဉ်သင့်ပြီဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံသားအားလုံး ကျန်းမာရေးနှင့်ပြည့်စုံကြပြီး သန့်ရှင်းသာယာလှပသော နိုင်ငံတော်ကြီးဖြစ်စေရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူရစေရန်အတွက် ကွမ်းစားသော အလေ့အထအား အစမပြုကြဘဲ ရှောင်ကြဉ်ကြပါ။ ကွမ်းစားနေသူများအားလည်း ယခု အချိန်မှစ၍ ကွမ်းယာဖြတ်ရေးကြိုးစားကြပါ။ စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းများကိုလည်း ရှောင်ကြဉ်ကြပါဟု တိုက်တွန်းအပ်ပါသည်။ ။



# ကန့်ဘလူမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် သရုပ်ပြပွဲကျင်းပ

**ကန့်ဘလူ ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၀) စက်မှုလယ်ယာစခန်းမှ ညောင်ပင်ကြီး ကျေးရွာအုပ်စုကွင်း အမှတ် ၆၆၀ တောင်သူဦးပြား၏ နွေစပါးသုံးဧကအား Combine Harvester စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းသရုပ်ပြသကြောင်း သိရသည်။

ထိုသရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဘိုဝင်းက ရိတ်သိမ်းခြွေလှေ့စက်နှင့် ပတ်သက်၍ ဝန်ထမ်းများက လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့ခြင်း သရုပ်ပြပွဲသို့ ဇူလိုင် ၉ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှိုင်မြင့်ဟန်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးဦးဝင်းရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးသန်းတာဝန်ရှိသူများ၊ ဒေသခံတောင်သူများတက်ခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# သထုံခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရုံးသစ် ဖွင့်ပွဲကျင်းပ

**သထုံ ဇူလိုင် ၁၂**

မွန်ပြည်နယ် သထုံမြို့ အထက(၁) ကျောင်းအနီးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ချထားပေးငွေသိန်းပေါင်း ၁၁၀၀ ဖြင့် ဆောက်လုပ်သည့် သထုံခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးသစ်ဖွင့်ပွဲကို ဇူလိုင် ၁၁ ရက်က ကျင်းပရာ "ဒီရုံးကို ၂၀၁၅ ဒီဇင်ဘာလကုန်ပိုင်းလောက်ကစပြီး ဆောက်တာပါ။ သီးသန့်ရုံးအဆောက်အအုံ ရပြီဆိုတော့ အရင်ကထက် ရုံးလုပ်ငန်းတွေ ပိုလုပ်နိုင်မှာပေါ့။ အပေါ်ထပ်က ခရိုင်ရုံးဖြစ်ပြီးတော့ အောက်ထပ်က မြို့နယ်ရုံးပါ ကျယ်လည်းကျယ်ပါတယ်"ဟု ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက ပြောသည်။

ယခင်က ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများကို သထုံခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆောက်အအုံများတွင် ယာယီဖွင့်လှစ်ခဲ့ရပြီး ယခုဖွင့်လှစ်ခဲ့သည့် ရုံးအဆောက်အအုံမှာ မွန်ပြည်နယ်အတွင်း ပထမဆုံးပြီးစီးသည့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးဖြစ်ကြောင်း သိရသည်။

အဆိုပါရုံးသစ်မှာ အလျား ပေ ၇၀ နှင့် အနံ ၄၄ ပေ ရှိသည့် အာစီနှစ်ထပ် အဆောက်အအုံဖြစ်ပြီး ခြောက်လကျော်ခန့် အချိန်ယူတည်ဆောက်ခဲ့ရကြောင်း ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**သက်ဦး(သထုံ)**

# လှိုင်ကော်၌ ကျောင်းသား ကျောင်းသူများစာဖတ်သည့်အလေ့အထရရှိစေရေးအတွက် နေရာအရောက်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်

**လှိုင်ကော် ဇူလိုင် ၁၂**

အခြေခံပညာအဆင့် (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများတွင် စာသင်ချိန်ပြင်ပ၌ နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံနှင့်နံရံကပ်စာစောင်ပြသခြင်း၊ စာအုပ်ပြပွဲ၊ ဟောပြောပွဲ ပြုလုပ်ပေးခြင်းတို့ကို လှိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းက လှိုင်ကော်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့ပြီး ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက လူချွန်လူကောင်းခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား ဟောပြောခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့၏ မြန်မာနိုင်ငံအတွက် ကမ္ဘာ့အသီးသီးမှ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ခရီးစဉ်မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံခြားသံတမန်များနှင့် တွေ့ဆုံပွဲမှတ်တမ်းဓာတ်ပုံများ၊ ကယားပြည်နယ် အစိုးရအဖွဲ့၏ ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာကြပြီး ကျောင်းသား ကျောင်းသူများအား စာအုပ်စာစောင်များ လွယ်ကူစွာဖတ်ရှုနိုင်ရေးအတွက်ကိုလည်း ငှားရမ်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

■

# အခြေခံစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းငါးသင်းအတွက် ဆဋ္ဌမအကြိမ် China Exim Bank ချေးငွေများပေးအပ်

**ဝါးခယ်မ ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းမှ အခြေခံစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း ငါးသင်းအတွက် ဆဋ္ဌမအကြိမ်မြောက် China Exim Bank ချေးငွေပေးအပ်ပွဲကို ရေလိမ်ကျေးရွာ၌ ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် မြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌဦးတင်ဝင်းတို့က သမဝါယမလုပ်ငန်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ၊ အသင်းအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များ၊ ချေးငွေဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

နိုင်ငံတော်မှ ကျေးလက်နေ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တောင်သူလယ်သမားများ ကြုံတွေ့နေရသည့် စိုက်ပျိုးစရိတ် လိုအပ်ချက်များကို သမဝါယမနည်းလမ်းဖြင့် ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ကာ ဝါးခယ်မမြို့နယ် ကျွန်းကုန်းတိုက်နယ်မှ မိုးဦးပန်း၊ ခရေပင်၊ ရွှေကြာပင်၊ ပိတောက်ပင်၊ စံပယ်ပင်အခြေခံစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း ငါးသင်းမှ အသင်းသား ၃၈၇ ဦးအတွက် ချေးငွေကျပ် ၅၅၀ ဒသမ ၀၄ သိန်း အား တာဝန်ရှိသူများက လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

သင့်သွေးဖြင့် အသက်ကယ်ပါ

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် သစ်ပင်မျိုးစုံစိုက်ပျိုးပွဲ ကျင်းပ

**တောင်ကြီး ဇူလိုင် ၁၂**

၂၀၁၆ ခုနှစ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ဘန့်ကွန်ကျေးရွာ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီခွဲက ဘန့်ကွန်ဘုန်းကြီးကျောင်းဝင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝှမ်း လူဦးရေတိုးပွားလာမှု၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှု၊ ရေထု၊ လေထု၊ မြေထု ပျက်စီးလာမှု၊ သဲကန္တာရဖြစ်ထွန်းလာမှု အပါအဝင် အိုဇုန်းလွှာ ပျက်စီးခြင်း၊ အက်ဆစ်မိုးရွာခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်းများကြောင့် လူ့အဖွဲ့အစည်း၏ အခြေခံအသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သစ်တောကဏ္ဍများတွင် ထိခိုက်ပျက်စီးမှုများစွာ ဖြစ်ပေါ်လာသည့်အပြင် သက်ရှိဇီဝမျိုးစုံ၊ မျိုးကွဲများ အသက်ရှင်နေထိုင်ရန်ခက်ခဲလာ၍ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များကို ကာကွယ်ရန် အထိရောက်ဆုံးနှင့် အကောင်းဆုံးနည်းလမ်းမှာ သစ်ပင်စိုက်ပျိုးခြင်းဖြစ်၍ သစ်တောသစ်ပင်များသည် ရာသီဥတုမျှတစေပြီး လူသားတို့၏ အခြေခံအချက်ဖြစ်သော စားဝတ်နေရေးအပါအဝင် ရေအရင်းအမြစ်များဖြစ်သည့် စိမ့်စမ်းရေထွက်ရေကန်၊ ဆည်တမံများ ရေရှည်တည်တံ့ရေးအတွက် အထောက်အကူပြုလျက်ရှိကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောကြားသွားသည်။



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မိုးရာသီတွင် သစ်တောသစ်ပင်နှင့် နှစ်ရှည်သီးပင်စားပင် နှစ်သိန်း စိုက်ပျိုးသွားမည်ဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဝမ်းသာပီတိဖြစ်မိပါကြောင်း၊ ယနေ့ ဘန့်ကွန် ဘုန်းကြီးကျောင်းဝင်းအတွင်း ချယ်ရီပင် ၅၀၀၊ စိန်ပန်းပင် ၂၅၀၊ ရေသင်းဝင်ပင် ၂၅၀၊ မဲဇလီပင် ၂၀၀၊ စုစုပေါင်းသစ်ပင် ၁၂၀၀ ကို တပျော်တပါး လာရောက်စိုက်ပျိုးပေးရသည့်အတွက် ဂုဏ်ယူမိပါကြောင်း ၎င်းက ပြောကြားသွားသည်။

ဆက်လက်၍ စိုက်ပျိုးမည့်သစ်ပင်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးဌာန လူမှုရေးအသင်းအဖွဲ့များကို ပေးအပ်၍ သတ်မှတ်ထားသောနေရာများတွင် ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သစ်ပင်များကိုစိုက်ပျိုးပေးကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် စာရေး ဝန်ထမ်းများ လုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်လှစ်

**ကြံခင်း ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာဦးခန်းမ၌ ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ အုပ်ချုပ်ရေးစွမ်းရည် မြင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဖြိုးမင်းထိုက်က အုပ်ချုပ်ရေးစွမ်းရည် မြင့်မားရေးသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းကို ဖွင့်လှစ်သင်ကြားသည်။

အဆိုပါသင်တန်းသို့ ကြံခင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ၃၅ ဦးနှင့် စာရေးဝန်ထမ်း ၄၈ ဦး စုစုပေါင်း ၈၃ ဦး တက်ရောက်ခဲ့ပြီး ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ သင်တန်းဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ကြံခင်းပြန်/ဆက်)**

# လယ်ဝေးမြို့နယ်မှ ရွှေဖရုံသီးများ မိတ္ထီလာဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်

**မိတ္ထီလာ ဇူလိုင် ၁၂**

မိတ္ထီလာမြို့ဈေးကွက်အတွင်းသို့ လယ်ဝေးမြို့နယ် ကူသပိတ်ကျေးရွာမှ ရွှေဖရုံသီးများ ဝင်ရောက်လာပြီး မိတ္ထီလာမြို့မှတစ်ဆင့် အခြားမြို့နယ်များသို့လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်းသိရသည်။

"လယ်ဝေးမြို့နယ် ကူသပိတ်ကျေးရွာ၌ အိမ်ခြေ ၃၅၀ ရှိပြီး တစ်ရွာလုံး ရွှေဖရုံသီးများကို တန်းခူးလမှ စတင်စိုက်ပျိုးရာ ဝါဆိုလမှ တော်သလင်းလအထိ ရွှေဖရုံသီးများကို ခူးဆွတ်ပြီး မိတ္ထီလာမြို့သို့ နှစ်စဉ်လာရောက်၍ရောင်းချရာ မိတ္ထီလာမြို့မှတစ်ဆင့် မန္တလေး၊ မုံရွာ၊ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ မလှိုင်၊ သာစည်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့သို့ ရွှေဖရုံသီးအကြီးတစ်လုံး ငွေကျပ် ၁၂၀၀၊ အလတ်တစ်လုံး ကျပ် ၁၀၀၀ နှင့် အသေးတစ်လုံး ကျပ် ၃၅၀ ဈေးနှုန်းဖြင့် လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်" ဟု တောင်သူဒေါ်ကျင်စန်းက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## လွိုင်ကော်ခရိုင် ပြည်သူ့စာကြည့်တိုက် အတွင်း စာအုပ်စာစောင်၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲများဆောင်ရွက်

**လွိုင်ကော် ဇူလိုင် ၁၂**

လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ရက် ၁၀၀ စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ စာအုပ်စာစောင်၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီခွဲက လွိုင်ကော်ခရိုင် ပြည်သူ့စာကြည့်တိုက်၌ ပြုလုပ်သည်။

အဆိုပါ စာအုပ်စာစောင်၊ နံရံကပ်နှင့် ဓာတ်ပုံပြပွဲသို့ ကယားပြည်နယ်မီးသတ်ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်သော ပြည်နယ်၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးများနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၂)အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ဂျူးစလေနှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူတို့က စာအုပ်စာစောင်ခင်းကျင်းပြသထားရှိမှုများ၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့၏ မြန်မာနိုင်ငံအတွက် ကဏ္ဍအသီးသီးမှ တစ်ပြေးညီ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ခရီးစဉ်မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံခြားသံတမန်များနှင့်တွေ့ဆုံပွဲ မှတ်တမ်းဓာတ်ပုံများ၊ ကယားပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ ကယားပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ ဝေဝေဆာဆာခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာကြပြီး စာကြည့်တိုက်အသင်းဝင်များ ဆောင်ရွက်ပေးခြင်း၊ စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ Tablet အသုံးပြုပုံများအားရှင်းလင်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်

**မြို့နယ် (ပြန်/ဆက်)**



သံလျင်တံတား သာကေတဘက်အခြမ်းနှင့် သံလျင်ဘက်အခြမ်းချဉ်းကပ်လမ်းများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်လည်းကောင်း၊ မော်တော်ယာဉ်များဖြတ်သန်းသွားလာမှုများပြားခြင်းကြောင့်လည်းကောင်း လမ်းများဆိုးရွားစွာ ပျက်စီးယိုယွင်းလျက်ရှိနေသည်ကို တွေ့ရစဉ်။သတင်းနှင့်ဓာတ်ပုံ- ၅၉၇

## ဖရူဆိုမြို့နယ်၌ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် ထီးပေါ်ဆိုအထက(ခွဲ)မှ ကျောင်းသူ ကျောင်းသားများ စုပေါင်းသစ်ပင်စိုက်ပျိုး

**ဖရူဆို ဇူလိုင် ၁၂**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ကယားပြည်နယ် ဖရူဆိုမြို့နယ် ထီးပေါ်ဆိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစုပေါင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို အထကခွဲကျောင်းမှ ကျောင်းအုပ်ကြီးဦးဝင်းကြည်နှင့် ဆရာ၊ ဆရာမများကကြီးကြပ်၍ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်းအင်အား ၂၀၀ ကျော်ခန့်က အလှပန်းပင်များနှင့် နှစ်ရှည်လေကာပင်များအား တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြပြီး စီမံကိန်းဝင်ကျွန်းပင်များအား ပေါင်းမြက်ရှင်းလင်းပေးခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဆင်မကျေးရွာအုပ်စုရှိ တောင်သူများအား စိုက်ပျိုးရေးနည်းပညာဆွေးနွေးပွဲပြုလုပ်

**ငွေဆောင် ဇူလိုင် ၁၂**

ငွေဆောင်မြို့ ဆင်မကျေးရွာအုပ်စုရှိ တောင်သူများအား စိုက်ပျိုးရေးအသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီက ပြုလုပ်ရာ အခမ်းအနားသို့ မြို့အုပ်ချုပ်ရေးမှူးဦးကျော်မြင့်အောင်နှင့် ဌာနဆိုင်ရာများ၊ ဆင်မကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ငွေဆောင်မြို့စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်စိုးငြေးက မိုးစပါးအထွက်တိုးရေး မျိုးစေ့ရွေးချယ်ခြင်း၊ ဆားရည်စိမ်ခြင်း၊ ဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကို အကျိုးရှိစွာသုံးစွဲခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း နည်းလမ်းများကို ဆွေးနွေးရာ တောင်သူများမှ သိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မူမူ (ပြန်/ဆက်)**

# လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းမိတ်ဆက်ပွဲကျင်းပ



**မုံရွာ ဇူလိုင် ၁၂**

လူမှုကာကွယ်မှုစောင့်ရှောက်ရေးလုပ်ငန်းသည် နိုင်ငံအတွင်းဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ရာ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံကိန်းကို အဆိုပြုလုပ်ငန်းစဉ် ရှစ်ရပ်အဖြစ် အဆိုပြုရေးဆွဲ အတည်ပြုပြီးဖြစ်ရာ ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ဖြစ်သည့် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်း မိတ်ဆက်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဝင်းယူနတီဟိုတယ်ခန်းမ၌ ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းက လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းတွင် ပါဝင်သော နောက်ခံအချက်အလက်များနှင့် အကျိုးအကြောင်းဖော်ပြချက်၊ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစနစ်၊ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ၊ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းလမ်းကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖြစ်ရပ်စီမံခန့်ခွဲမည့်သူများ၊ မိတ်ဖက်အဖွဲ့အစည်းများတွင်ပါဝင်သော သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ အခန်းကဏ္ဍများအကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူများနှင့် မိတ်ဆက်ပွဲသို့ တက်ရောက်လာသော မိတ်ဖက်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းမိတ်ဆက်ပွဲသို့ တက်ရောက်လာသူများမှ သိရှိလိုသည့် မေးမြန်းချက်များကို လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်း မိတ်ဆက်ပွဲသို့ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းဝေ (မုံရွာ)**

# ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တွင် ဒုတိယအကြိမ်သုတေသနလုပ်ငန်းပြပွဲကျင်းပမည်

**မုံရွာ ဇူလိုင် ၁၂**

ကျောင်းသား ကျောင်းသူများ သင်ကြားမှု၊ သင်ယူမှုနှင့် ပေါင်းစပ်ပြီး တွေးခေါ်မှု၊ တီထွင်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၅- ၂၀၁၆ ပညာသင်နှစ် ဒုတိယအကြိမ်သုတေသနလုပ်ငန်းပြပွဲ (Project show) ကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ ကွန်ပျူတာတက္ကသိုလ် (မုံရွာ)ရှိ ဇေယျာသီရိခန်းမ၌ ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ (Project show) ပွဲများ ကျင်းပခြင်းဖြင့် ပညာရည်ပိုမိုမြင့်မားလာပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်စေရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

"ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်တစ်ရပ် တည်ဆောက်တဲ့နေရာမှာ လူသားအရင်းအမြစ် လိုအပ်ချက်က အဓိကဖြစ်တဲ့အတွက် စွမ်းရည်မြင့်ပြီး လူသားအရင်းအမြစ်မွေးထုတ်ပေးတဲ့ တက္ကသိုလ်တစ်ခုအနေနဲ့ ကျောင်းသား၊ ကျောင်းသူတွေ ပညာရည်မြင့်မားဖို့အတွက် ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံနဲ့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ လက်တွေ့လုပ်ငန်းတွေကိုလည်းစိတ်ဝင်စားမှုရှိစေဖို့အတွက် အခြေခံလူသားအရင်းအမြစ်တွေဖြစ်တဲ့ ကျောင်းသား၊ ကျောင်းသူတွေကို စာတွေ့၊ လက်တွေ့ ဟန်ချက်ညီညီ ပညာရယူနိုင်ရေးအတွက် (Project show)များ ကျင်းပတာဖြစ်ပါတယ်" ဟု ပြပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သုတေသနလုပ်ငန်းပြပွဲ (Project show)သို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ကြိုက်နှစ်သက်ရာခေါင်းစဉ် Computer Aided Software Engineering toolsrsm; Hardware Engineering tools များ၊ Programming Languages များ အသုံးပြုယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**မင်းဝေ (မုံရွာ)**

# ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ပဲခူး ဇူလိုင် ၁၂**

မူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ညောင်ဝိုင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပြုလုပ်ခဲ့သည်။

ညောင်ဝိုင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသက်နိုင်က "အခုလို လိုအပ်နေတဲ့ကျောင်းဆောင်အတွက် တစ်ဖက်တစ်လမ်းကနေ လာရောက်လှူဒါန်းပေးတာ ကျေးဇူးတင်တယ်။ ဒီအဆောင်က KG တန်းအတွက် အဓိက သင်မှာပါ။ KG တန်းက ကလေးတွေက အခြားကလေးတွေ သင်ရတာနဲ့မတူဘူးလေ ကလေးတွေက ကလိုက်၊ ခုန်လိုက်၊ ကဗျာရွတ်လိုက်ဆိုတော့ တခြားကလေးတွေက ဒီဘက်ဘဲ အာရုံရောက်နေတာ၊ အခုသူတို့လေးတွေကို ကျယ်ကျယ်ဝန်းဝန်း သင်ခွင့်ရတာပေါ့" ဟုပြောသည်။

တိုးချဲ့ စာသင်ကျောင်းဆောင် အလှူရှင် ဒေါ်တင်နွယ်ရီက "ဒီကျောင်းမှာတက်ပြီး စာသင်ကြားနေတဲ့ ကလေးတွေအတွက် မူလကျောင်းဆောင်က ကျဉ်းတော့ စာသင်ရတာ ကျပ်တယ်လေ၊ နောက်ပြီးဆရာတော် ဘဒ္ဒန္တရေဝတကလည်း ဒီကျောင်းမှာလှူမလားဆိုပြီး ပြောတော့ ကလေးတွေ မိုးလုံလေလုံလေးနဲ့ စိတ်ချမ်းသာကိုယ်ချမ်းသာ စာသင်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လှူဖြစ်တာပါ" ဟုပြောသည်။

ယခု ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်လိုက်သည့် တိုးချဲ့ကျောင်းဆောင်သစ်သည် အလျားအနံအားဖြင့် (ပေ ၅၃× ပေ ၂၅) ရှိပြီး U SOE & SON GROUP ENGINEERING SERVICE LIMITED မှ ရေတွင်း၊ ရေကန်များ၊ KG တန်းအတွက် သင်ထောက်ကူ ပစ္စည်းအပါအဝင် ငွေကျပ် သိန်း၃၀၀ နီးပါးအကုန် အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သီသီမင်း)**



# ရန်ကုန်–မန္တလေးပြည်ထောင်စုလမ်းတစ်လျှောက် သစ်ပင်များခုတ်လှဲမှုပွင့်လင်းမြင်သာမှုရှိရန် ဝေဖန်ပြောဆိုမှုများရှိနေ

**ရေတာရှည် ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နှင့် တောင်ဘက် ရွှေပြည်ကုန်းကျေးရွာအကြား ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းဘေးဝဲ၊ ယာတွင် အရိပ်ရသစ်ပင်များအား လမ်းကုမ္ပဏီတာဝန်ရှိသူများက ခုတ်လှဲလျက်ရှိရာ အဆိုပါခုတ်ထွင်ရှင်းလင်းပြီးသည့် သစ်ပင်များကိုမည်သို့ ပြန်လည်အသုံးချလျက်ရှိနေသည်ကို ပွင့်လင်းမြင်သာစွာဆောင်ရွက်သင့်ကြောင်း ရေတာရှည်မြို့နေ ဒေသခံများကသုံးသပ်ဝေဖန်မှုများရှိနေသည်။ ကျွန်းပင်များကိုချန်ထား၍ အရိပ်ရသစ်ပင်များကို ရွေးချယ်ခုတ်လှဲနေမှုအား မြို့ခံတစ်ဦးမှ" ကျွန်းပင်တွေက ဒီအတိုင်းပဲ ကျန်နေခဲ့တယ် ကြားကအရိပ်ရအပင်တွေဆို နှစ်အတော်ကြာနေပြီ ကျွန်တော်တို့ သိသလောက် ဒေသခံပြည်သူတွေအားလုံး ဝိုင်းဝန်းစိုက်ပျိုးထားကြရတာ လမ်းချဲ့မယ်ဆိုလည်း အကုန်လှဲရမှာ နောက်အခုခုတ်လှဲပြီးတဲ့ အပင်တွေကဘယ်နေရာမှာသုံးစွဲသလဲ ရောင်းစားတာလား ဘယ်ကိုသယ်သွားသလဲ ဘယ်သူမှမသိကြရဘူး" ဟု ပြောကြားခဲ့သည်။ ခုတ်လှဲပြီးသော ပင်စည်များအား ချိန်းစောများဖြင့် အပြားလိုက်ခွဲကာ သယ်ယူမှုများအား ဘယ်နေရာသို့သယ်ယူသွားသည်ဆိုသည်ကို လုံးဝမသိရှိရကြောင်း ကိုင်းဖျားကိုင်းနားများကို ထင်းအဖြစ်ခုတ်ယူနေသည့် နတ်ရေတွင်းကျေးရွာနေ ဒေသခံတစ်ဦးမှ ပြောကြားသည်။

**ကိုလွင်(ဆွာ)**




လှိုင်သာယာမြို့နယ် သမဝါယမအသင်းလီမိတက် ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၁၀ ရက်က ကျင်းပရာ အသင်းစုလီမိတက်မှ မြို့နယ်သမဝါယမဦးစီးဌာနသို့ ကွန်ပျူတာတစ်စုံနှင့် စာရေးစာပွဲငါးလုံးအတွက် ငွေကျပ် ၁၀၅၀၀၀၀ ကို အသင်းစု အုပ်ချုပ်မှုဒရိုက်တာဦးစိုးမြင့်က မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးသန်းညွန့်ထံပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- (၃၂၉)

# ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ မြင်းမူမြို့နယ်တွင်ကျင်းပ

**မြင်းမူ ဇူလိုင် ၁၂**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ KGတန်းတိုးချဲ့ဖွင့်လှစ် သင်ကြားလာသည်နှင့်အမျှ ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်းတို့ကြောင့် ကျောင်းစာသင်ခန်းများလည်း လိုအပ်လျက်ရှိသည်။ ယင်းလိုအပ်ချက်များကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတော်၊ စေတနာရှင်အလှူရှင်များက နေရာအသီးသီးတွင် ဆောက်လုပ် လှူဒါန်းလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ကန်သာကျေးရွာသို့ အလှူရှင် ဦးတင်ဝင်း+ဒေါ်ခင်စီ (မန္တလေး)မိသားစုမှ ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက်က ပြုလုပ်ခဲ့သည်။

ယင်းကျောင်းဆောင်သစ်ဖွင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်နှင့် ဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို အလှူရှင်ကိုယ်စားသားဖြစ်သူ ဦးသန့်ဇင်ဝင်းက မြို့နယ်ပညာရေးမှူး ဒေါ်မြသိန်းထံ ပေးအပ်ခဲ့သည်။

ယခုပေးအပ်လှူဒါန်းသော ကျောင်းဆောင်သစ်မှာ အလျား ၈၂ ပေ၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ နံကပ်တစ်ထပ်တိုက်ဖြစ်ပြီး ကုန်ကျငွေကျပ် ၃၅၀၀၀၀၀၀ ဖြစ်ကြောင်းသိရသည်။

"ကျောင်းသား၊ ကျောင်းသူလေးတွေ မိုးလုံလေလုံ၊ ပရိဘောဂအပြည့်အစုံနဲ့ စာသင်နေရတာနေတွေ့ရတော့ မိဘတွေရဲ့ ကိုယ်စား၊ ရွာရဲ့ကိုယ်စား၊ အလှူရှင်ကို အထူးကျေးဇူးတင်ကြောင်း" ကျေးရွာသားတစ်ဦးဖြစ်သူ ဦးမျိုးမျိုးက ပြောပြသည်။

ယင်းပေးအပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၁) ဦးသောင်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂) ဒေါ်နီလာလွင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့်ဌာနဆိုင်ရာများ၊ အလှူရှင်မိသားစုများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်စိုးဖေ** (IPRD)

# ရိစာလမ်းခင်းကျင်းမှု ပြီးစီး၍ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေ



**တပ်ကုန်း ဇူလိုင် ၁၂**
နေပြည်တော်တပ်ကုန်းမြို့နယ် ကျီးအင်းကျေးရွာအုပ်စု မယ်ဇလီကျင်းကျေးရွာတွင် ကျေးရွာပြည်သူများ မြို့ပေါ်နှင့်အခြားကျေးရွာများသို့ သွားလာရေးလွယ်ကူချောမွေ့စေရန် လူထုဗဟိုပြုစီမံကိန်းဒုတိယနှစ် ထောက်ပံ့ငွေဖြင့် ကျေးရွာအဝင် တောင်ပေါ်မြေသားလမ်းအဆင့် အရှည်ပေ ၂၇၀၀၊ အကျယ် ၁၂ ပေအား ရိစာလမ်းအဆင့်နှင့် ယင်းလမ်းပေါ်ရှိကန့်စွန်းရိုးချောင်းကူး ရေကျော်တံတား အလျား ၃၅ ပေ၊ အနံ ၁၈ ပေ၊ ထယ်ပင်စခန်း လယ်ရိုးကူးရေကျော်တံတား အလျားပေ ၅၀၊ အနံ ၁၈ ပေကို ဧပြီ ၂ ရက်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဇွန် ၁၈ ရက်က လုပ်ငန်းအားလုံးပြီးစီးသဖြင့် ဒေသခံများ သွားလာရေးအဆင်ပြေ ကြောင်းသိရသည်။

"ကျွန်တော်တို့ကျေးရွာက ရိစာလမ်း အဆင့်မြှင့်တင်ပြီးစီးမှုကို တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးတို့က ဇွန်လ နောက်ဆုံးပတ်က လာရောက်ကြည့်ရှုစစ်ဆေးပြီး ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒေသခံပြည်သူများ သွားလာရာတွင် ယခင်လမ်းက ညီညာပြန့်ပြူးမှုမရှိဘဲ အခက်အခဲရှိပါတယ်။ ယခု ရိစာလမ်းအဖြစ် ပြုပြင်ပြီးစီးသောကြောင့် ကျောင်းသားများနှင့် ဒေသခံပြည်သူများ ၆၀၀ ကျော် မြို့စျေးနှင့် အခြေခံပညာအထက်တန်းကျောင်းများသို့ သွားလာရေးအဆင်ပြေနေပါပြီ" ဟု မယ်ဇလီကျင်းကျေးရွာမှ ဦးထွန်းညွန့်က ပြောသည်။

ယင်းရိစာခင်းလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ မြို့နှင့် ရွာကွာဟမှု ကျဉ်းမြောင်းပြီး လူနေမှုတိုးတက်လာစေရေးအတွက် ကျောင်းဆောင်သစ်၊ လမ်း၊ မီး၊ ရေနှင့် ကဏ္ဍမျိုးစုံ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်ထောက်ပံ့ငွေကျပ် ၁၉၁၆၀၀၀၀ ဖြင့် ရိစာလမ်းအဖြစ်အဆင့်တိုးမြှင့်ခဲ့၍ ဒေသခံပြည်သူများ၏ တစ်ပိုင်တစ်နိုင် လုပ်ကိုင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသထွက်ကုန်များစီးဆင်းမှု မြန်ဆန်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့်လူမှုရေးများလည်း ယခင်ကထက် ပိုမိုဖွံ့ဖြိုးလာတော့မည်ဖြစ်သည်။

**တင်စိုးလွင်**



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီနှင့်အဖွဲ့ ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့ရှိ သီရိအဏ္ဏဝါခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ NGO၊ INGO များ၊ CSO များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဖျာပုံမြို့တွင်း လှည့်လည်ကြည့်ရှုရာ ဖျာပုံမြို့ မြစ်ကမ်းပါးရေတိုက်စားနေမှုကို မြစ်ကမ်းထိန်းနံရံအခိုင်အမာတည်ဆောက်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးစဉ်။ **သပြေထွန်း**

## ဘားအံမြို့တွင်မြစိမ်းရောင်ကျေးရွာကော်မတီများဖွဲ့စည်း

**ဘားအံ ဇူလိုင် ၁၂**
ကရင်ပြည်နယ် ဘားအံမြို့နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်း ထပ်မံတိုးချဲ့ ဆောင်ရွက်မည့် ကျေးရွာ ၁၄ ရွာတွင်ပါဝင်သော ကော့ကျိုက်(ဖအွန်) ကျေးရွာအုပ်စု ကော့ကလွေကျေးရွာတွင် မြစိမ်းရောင် ကျေးရွာကော်မတီဖွဲ့ခြင်းနှင့် ရန်ပုံငွေ လွှဲပြောင်းပေးအပ်နိုင်ရေးအတွက်ကို ဇူလိုင် ၁၀ ရက်က ကျေးလက်ဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာအား မြစိမ်းရောင်စီမံကိန်း ထပ်မံဆောင်ရွက်ပေးမည်ဖြစ်ရာ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရမည့် နည်းလမ်းများ၊ ကော်မတီဖွဲ့စည်းရေး၊ ရရှိမည့်အကျိုးကျေးဇူးများတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေရရှိစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စျေးရောင်း၊ စျေးဝယ်၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်လိုပါက အတိုးနှုန်းသက်သာစွာဖြင့် ချေးယူသုံးစွဲနိုင်ရေးနှင့် စီမံကိန်းကျေးရွာအဖြစ် ဦးစားပေးရွေးချယ်သတ်မှတ်ပေးရသည့် အချက်များကို ကရင်ပြည်နယ်ကျေးလက် ဦးစီးမှူး ဦးနေဦး၊ ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ကျေးရွာနေ ပြည်သူများနှင့်တွေ့ဆုံပြီး ရှင်းလင်းပြောကြားခဲ့ကြသည်။

ဆက်လက်၍ အဖွဲ့ဝင်ခုနစ်ဦးပါ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီကို အိမ်ထောင်စုအလိုက်မဲစနစ်ဖြင့် ရွေးချယ်ကြပြီး ရန်ပုံငွေသိန်း ၃၀၀ အား လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ကော်မတီဝင်များနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်းနှင့် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာများအား မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထူထောင်ပေးခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၄ ရွာ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်လည်း ၁၄ ရွာ ဆောင်ရွက်ပေးသွားမည်မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## ကျေးလက်နေပြည်သူများအားအသိပညာပေးဟောပြောပွဲဆောင်ရွက်

**တံတားဦး ဇူလိုင် ၁၂**
တံတားဦးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် တပယ်ကျေးရွာ အုပ်ချုပ်ရေးမှူးတို့ပူးပေါင်းပြီး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီက တပယ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးလွင်ကမြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက် လုပ်ငန်းတာဝန်များအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး တံတားဦးမြို့မရဲစခန်းစခန်းမှူး ဒုတိယရဲမှူးအောင်သိန်းကျော်က မူခင်းကျဆင်းရေးအကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းအကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မန္တလေးမြို့ အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ရဲအုပ်သက်ထွန်းဝင်းက လူမှောင်ခိုကူးခြင်းအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ကျေးရွာကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုဆန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ကျေးရွာကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးအောင်သူရနှင့် ရပ်မိရပ်ဖများ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြပြီး တက်ရောက်လာသူများက မိမိတို့သိရှိလိုသည်များကိုမေးမြန်းကြရာ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တာဝန်ရှိသူများက ကဏ္ဍအလိုက်ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ရဲတင့် (ပြန်/ဆက်)**

## နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲလုပ်ငန်းများကွင်းဆင်းဆောင်ရွက်

**လင်းခေး ဇူလိုင် ၁၂**
ရက် ၁၀၀ စီမံချက်အရ လင်းခေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အိသက်ခိုင်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီက ပြည်သူများအလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ရေးအတွက် ခရိုင်ပြည်သူ့စာကြည့်တိုက်မှ သုတရသ စာအုပ်စာပေမျိုးစုံတို့အား နယ်လှည့် ငှားရမ်းပေးခြင်းနှင့် စာအုပ်များပြန်လည်စုစည်းရယူခြင်း၊ အသစ်တစ်ဖန် လဲလှယ်ငှားပေးခြင်းလုပ်ငန်းများကို လင်းခေးမြို့နယ် နယ်မြေခံတပ်ရင်းရှိ မိသားစုများစုစည်းရာ တပ်နယ်မြေ၌ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် အဆိုပါအဖွဲ့သည် လင်းခေးမြို့နယ် ဝမ်ကွန်ကျေးရွာ အခြေခံမူလတန်းကျောင်းသို့ သွားရောက်ကာ ကျောင်းသူ၊ ကျောင်းသား လေးများအား စာဖတ်စွမ်းရည် ပြိုင်ပွဲကျင်းပပေးခဲ့သည်။ ပြိုင်ပွဲမစတင်မီ ဒေါ်အိသက်ခိုင် (ဒုတိယဦးစီးမှူး)က ကလေးများအား စာဖတ်စွမ်းရည်ပြိုင်ပွဲပြုလုပ်ပေးရခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်း ပြုလုပ်ပေးရခြင်း အကြောင်းများကို ဟောပြောပေးခဲ့ပြီး ကလေးများအား စာဖတ်စွမ်းရည်ပြိုင်ပွဲဝင်စေခဲ့သည်။ ထို့နောက် ပြိုင်ပွဲတွင် စွမ်းရည်အလိုက်ဆုရရှိခဲ့သူများကို အမှတ်တရလက်ဆောင်အဖြစ် ကျောင်းသုံးစာရေးကိရိယာပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲအပြီးတွင် ကျောင်းသားကျောင်းသူကလေးများက ခရိုင် ပြန်/ဆက်မှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားရေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများစုပေါင်းဆောင်ရွက်

**မြင်းမူ ဇူလိုင် ၁၂**
သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားရေး ကြိုတင်ကာကွယ်ရေး အသိညာပေးဆွေးနွေးခြင်း၊ လူနေအိမ်များသို့ တစ်အိမ်တက်ဆင်းသွားရောက်၍ ဖုန်း၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ လက်တွေ့လုပ်ဆောင်ပြသခြင်း၊ ရေတွင်း၊ ရေကန်များတွင် ခြင်ပေါက်ဖွားမှုမရှိစေရေး အဘိတ်ဆေးမှုန့်များ ဆေးခတ်ပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို မြင်းမူမြို့ အမှတ် (၁)နယ်မြေ အောင်ဇေယျရပ်ကွက်နှင့် အမှတ်(၂)နယ်မြေ အခြေခံပညာ မူလတန်းကျောင်းတို့တွင် ဇူလိုင် ၁၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ရာသို့ မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဒေါက်တာဒေါ်ခင်မျိုးထိုက်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၁) နယ်မြေ အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့်အဖွဲ့ဝင်များက နယ်မြေတစ်ခုလုံး လွှမ်းခြုံဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ငယ်များဖွဲ့ကာ တစ်အိမ်တက်ဆင်း လက်တွေ့ပြသလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ကြိုတင်ကာကွယ်ရေး အသိပညာပေးအဖွဲ့ငယ်များသည် အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်းသို့ရောက်ရှိကြပြီး ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ဆောင်မှုများကို လက်တွေ့လုပ်ဆောင်ပြသခဲ့ကြကြောင်း သိရသည်။ **အောင်စိုးဖေ**(IPRD)



## ဝမ်းနည်းကြေကွဲခြင်း
**သာသနာ့ ဒါယကာကြီး**
## သီရိသုဓမ္မမဏိဇောတဓရ ကေသီပန်ဦးလှမြင့်
**(အမျိုးသားစာပေဆုရှင်)**
**အသက်(၈၄)နှစ်**

ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးကြည်စိုး-ဒေါ်ငွေငွေရီတို့၏ဖခင်၊ သီရိသုဓမ္မမဏိဇောတဓရ၊ အမျိုးသားစာပေဆုရှင်၊ သာသနာ့ဒါယကာကြီး ကေသီပန်ဦးလှမြင့်သည် ၁၁-၇-၂၀၁၆(တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ**
**ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## ဝမ်းနည်းကြေကွဲခြင်း
**သာသနာ့ ဒါယကာကြီး**
## သီရိသုဓမ္မမဏိဇောတဓရ ကေသီပန်ဦးလှမြင့်
**(အမျိုးသားစာပေဆုရှင်)**
**အသက်(၈၄)နှစ်**

ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးကြည်စိုး-ဒေါ်ငွေငွေရီတို့၏ဖခင်၊ သီရိသုဓမ္မမဏိဇောတဓရ၊ အမျိုးသားစာပေဆုရှင်၊ သာသနာ့ဒါယကာကြီး ကေသီပန်ဦးလှမြင့်သည် ၁၁-၇-၂၀၁၆(တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## ဝမ်းနည်းကြေကွဲခြင်း
**သာသနာ့ ဒါယကာကြီး**
## သီရိသုဓမ္မမဏိဇောတဓရ ကေသီပန်ဦးလှမြင့်
**(အမျိုးသားစာပေဆုရှင်)**
**အသက်(၈၄)နှစ်**

ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးကြည်စိုး-ဒေါ်ငွေငွေရီတို့၏ဖခင်၊ သီရိသုဓမ္မမဏိဇောတဓရ၊ အမျိုးသားစာပေဆုရှင်၊ သာသနာ့ဒါယကာကြီး ကေသီပန်ဦးလှမြင့်သည် ၁၁-၇-၂၀၁၆(တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြည်ဝင်း-ဒေါ်အေးအေးလှိုင်**
**ဆန္ဒမွန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းမြင့်ထွန်း (၇၆)နှစ်

ရန်ကုန်အဝေးသင်တက္ကသိုလ် သမိုင်းဌာနမှ လ/ထ ကထိက Dr. ချောစုဝင်း၏ဖခင်ဖြစ်သူ ဦးဝင်းမြင့်ထွန်း (ကပ္ပတိန်-ငြိမ်း၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း) အသက် (၇၆)နှစ်သည် ၁၁-၇-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သမိုင်းဌာနမိသားစု**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

## ဦးမြင့်ဆွေ (၅၁)နှစ်
**လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့ကျောက်မျက်ရတနာ(လုံးခင်း)**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ တိုက်(၄)၊ အခန်း(၂၀၄)၊ အောင်ချမ်းသာလမ်း၊ နန္ဒင်းကုန်းရပ်ကွက်နေ (ဦးမြသန်း-ဒေါ်ခင်သန်း)တို့၏သား၊ ကိုခင်မောင်ဦး-မသန္တာဦးတို့၏ညီ၊ (ကိုခင်မောင်အေး)၊ကိုစန်းနိုင်၊ကိုစန်းလွင်၊ ကိုကျော်မင်းနိုင်၊ ကိုကျော်နိုင်ထူး-မမူမူ ခင်တို့၏အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၁၁-၇-၂၀၁၆ (တနင်္လာနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆ (တနင်္ဂနွေနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း ဒါယကာကြီး**
## ဦးသက်မြင့် (၈၂)နှစ်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ စံပြ(၃)လမ်း၊ အမှတ် (၂၇၇/B)နေ မစန်းစန်းမြင့်၊ မနွဲ့နွဲ့ဝင်း(ခ)ဂွက်ထော်၊ ကိုကြည်မြင့်(ခ)စီတုန်း၊ ကိုလှမြင့်(ကားဝယ်ရောင်း)၊ (မမြင့်မြင့်မော်)၊ (ကိုဝင်းမြင့်)၊ မစံပါယ်တို့၏ မွေးသဖခင် ဦးသက်မြင့်သည် ၁၁-၇-၂၀၁၆ရက် မွန်းလွဲ ၂း၃၅နာရီတွင် ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)**
## ဦးခင်ရီ(ခ)ဦးခလေးကြီး
**(ရာ/၁၈၁၈)**
**အသက် (၇၈)နှစ်**

ညောင်တုန်းမြို့နေ (ဦးဘခင်-ဒေါ်ခင်)တို့၏သား၊ (ဦးအေး-ဒေါ်သိန်းလှ)တို့၏သားသမက်၊ ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ (၂၁)လမ်းအရှေ့၊ အမှတ်(၅၂)နေ ဒေါ်ကြင်၏ခင်ပွန်း၊ ဦးမြင့်သိန်း(ခ) ဦးပေါက်ဖော်-ဒေါ်တင်တင်ဦး၊ ဦးအောင်မြင့်-ဒေါ်ဝေဝေအောင်၊ ဦးထွေးမြတ်သူ-ဒေါ်လှလှမော်၊ ဦးခင်ဇော်-ဒေါ်သန်းသန်းမော်တို့၏ ဖခင်ကြီးသည် ၉-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၆ ရက်တွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဒေါ်သန်းအေး (၈၄)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်လှ-ဒေါ်တင်မေ)တို့၏သမီး၊ ရန်ကုန်မြို့၊ (၂၅၇)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်နေ ဦးအုန်းဖေ၏ဇနီး၊ ဦးဝင်းနိုင်၊ ဦးအောင်နိုင်-ဒေါ်အေးအေးစံ၊ ဦးဇော်လွင်မိုး-ဒေါ်ဇင်မာအုံးတို့၏မိခင်၊ ကိုပြည့်ဖြိုးအောင်၊ မဆုမြတ်နိုး၊ မောင်ဘုန်းပြည့်ဇင်မိုးဦးတို့၏ အဘွားသည် ၁၂-၇-၂၀၁၆ရက် မွန်းလွဲ ၁၂း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၆ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျင်ဝှက်(ခ)ဦးကျော်ထွန်း
**အသက် (၆၆)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၅၇၅)၊ ပ-ထပ်နေ (ဦးလင်ကြူဟုတ်-ဒေါ်တန်ကျင်လျှံ)တို့၏သား၊ ဦးစံမြင့်-ဒေါ်အေးထိုက်၊ ဦးဝင်းလွင်-ဒေါ်ကျင်းတီ၊ (ဦးကျင်ရှောင်-ဒေါ်လှိုင်)တို့၏ ညီ/မောင်၊ ဦးကျင်းစိန်-ဒေါ်မြင့်မြင့်စီတို့၏အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၁၂-၇-၂၀၁၆ ရက် ညနေ ၃း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အာနိစ္စ**

## ဒေါ်သောင်းမြ (၉၇)နှစ်
**နာယက**
**ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်မြောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၃၄)နေ (ဦးရာမာန်-ဒေါ်ထွေးခင်)တို့၏သမီး၊ (ဗိုလ်မှူးတင်ကြီး)၏ဇနီး၊ Dr. တင်မောင်ထွန်း (ADRA) (ဘားအံ)၊ (ဦးတင်မောင်ချို)၊ Dr.တင်တင်ဦး၊ ဒေါ်ပုညနန္ဒီ(ပေါင်မြို့နယ်)၊ ဒေါက်တာတင်မောင်(မနုဿ) (UNFPA)-ဒေါ်ခင်သန်းဝင်းတို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာနှင်းရည်မွန်(ခေတ္တ-Australia)၊ မောင်ကောင်းဆက်လှိုင် (ခေတ္တ-Australia) တို့၏အဘွားသည် ၁၁-၇-၂၀၁၆ရက် ညနေ ၆း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကင် (၉၃)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း(၂၀)၊ အမှတ်(၁၀၇)၊ ပထမထပ်နေ (ဦးဝေါင်အအွန်၊ ဒေါ်အုန်ရှူငွန်)တို့၏ သမီး၊ ဦးလှဝင်း-ဒေါ်သောင်းဝင်း၊ ဦးမောင်မောင်-ဒေါ်အေးအေးမြင့်၊ ဦးကျော်ဝင်း-ဒေါ်ရီရီ၊ ဒေါ်သန်းသန်းအေး၊ ဦးနိုင်ဝင်း-ဒေါ်စန်းစန်းအေး၊ ဦးညီညီလွင်တို့၏မွေးသမိခင်၊ မြေး ၁၆ယောက်၊ မြစ်ခြောက်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၁-၇-၂၀၁၆ရက် ည ၉း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်(စိုက်/မွေး-ငြိမ်း)
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၄)ရပ်ကွက်၊ ရွှေလီလမ်း၊ အမှတ်(၁၆၀)နေ ဦးရဲမင်းခိုင်-ဒေါ်မြင့်မြင့်ငွေ (M.O.F.A)၊ (ကိုဗညားကျော်)တို့၏ဖခင်၊ မောင်အောင်ငြိမ်းမင်း၊ မောင်ထက်ဦးယံတို့၏ အဘိုး၊ ဒေါ်တင်တင်မူ(မွေး/ရေ-ငြိမ်း)၏ခင်ပွန်း ဦးအောင်ကျော်သည် ၁၀-၇-၂၀၁၆ ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၆ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရားရဟန်းကျောင်း ဒါယကာကြီး**
## ဦးတိုးလှိုင် အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နေ (ဦးပွကြီး-ဒေါ်ကြည်)တို့၏ သား၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နွယ်နီ (၁၀)လမ်း၊ အမှတ် (၅၅၃)နေ ဒေါ်မြင့်စိန် (သူနာပြုဆရာမကြီး-ငြိမ်း၊ မြောက်ဥက္ကလာပဆေးရုံကြီး)၏ခင်ပွန်း၊ ကော့မှူးမြို့နယ်၊ နတ်စင်ကုန်းကျေးရွာနေ ဒေါ်သိန်းကြွယ်၊ (ဒေါ်သိန်းညွန့်)၊ (ဦးအုပ်စိုး)တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဒေါ်သိန်းရှင်)၏အစ်ကို၊ ဦးသိန်းဝင်း-ဒေါ်စန္ဒာမြင့်၊ ဦးစိုးမိုးလှိုင် (ဒု-ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်နိုင်နိုင်ရီ၊ မချယ်ရီမြင့် (ခေတ္တ-UK)တို့၏ မွေးသဖခင်၊ မအေးမြတ်ပွင့်ဖြူ မောင်မင်းစည်သူ၊ မဆုရည်မွန်နိုင်(အထက-၂ မင်္ဂလာဒုံ)၊ မောင်ဉာဏ်လင်းထက်တို့၏အဘိုးသည် ၁၁-၇-၂၀၁၆(တနင်္လာနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း ဒါယကာကြီး**
## ဦးမောင်မောင်သော်(သုံးခွ) အသက်(၈၀)
**ကကင္ဓေ(ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အနောက်ဘက်ကမ်းနေ ဦးဘအုန်းမောင်-ဒေါ်တင်တို့၏သား၊ ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊ တိုက်(၉)၊ အခန်း(၆)နေ ဒေါ်ခင်သိန်းကြည်(ရုံးအုပ်၊ ကကင္ဓေ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးအောင်ဇော်မြင့်(H-Line KOREA Co., Ltd)-ဒေါ်အေးအေးသော်၊ ဦးမျိုးသော် (အုပ်ချုပ်မှုဒါရိုက်တာ KIN SET KANTKSL Co., Ltd)-ဒေါ်ဥမ္မာခင်၊ ဦးတင်အောင်လင်း (Ship mate Co.,Ltd S'pore)-ဒေါ်မေနွယ်ခိုင်တို့၏ချစ်လှစွာသောဖခင်၊ စုသီရိထက်(Ricky & Brother Co., Ltd)၊ သန့်ထက်ဇော်[B.E (E.P) Final (W.Y.T.U)]၊ စောခနေအောင်၊ ကိုခန့်၊ ကိုထက်၊ လှရွှေထူး၊ မေသရဖီဖွေး၊ ဖြိုးပြည့်စုံတို့၏ဘိုးဘိုးကြီးသည် ၁၀-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**
## ဒေါ်ငြိမ်းငြိမ်း(လပွတ္တာမြို့) (၇၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၂) ရပ်ကွက်၊ ဦးကြင်ဥ(၂)လမ်း၊ အမှတ်(၃၂/၉၉၇)နေ (ဦးခင်မောင်-ဒေါ်မြရင်)တို့၏သမီးကြီး၊ (ဦးတင်အောင်-ဒေါ်သန်းညွန့်)တို့၏ညီမ၊ ဦးမြင့်သွေး၊ ဒေါ်အေးအေးချို၊ (ဦးမြသိန်း)-ဒေါ်ချိုချိုသန့်၊ ဦးကိုကိုလေး၊ ဒေါ်ကြင်ကြင်သော်တို့၏အစ်မ၊ (ဦးတင်မြင့်)၏ဇနီး၊ (ဦးသန့်ဇင်မြင့်-ဒေါ်မေထားနိုင်)၊ ဦးဝင်းကျော်ကျော်မြင့်၊ ဒေါ်ဥမ္မာသန်း၊ ဦးသန့်ဇင်၊ ဒေါ်မြတ်မြတ်ငြိမ်း၊ ဦးငွေလွင်၊ ဒေါ်မိုမိုငြိမ်း၊ (ဦးမောင်မောင်ကျော်) ဒေါ်အိအိငြိမ်း၊ ဦးဇော်လင်းမြင့်၊ ဒေါ်ယဉ်နွယ်သစ်၊ ဦးငြိမ်းချမ်းမြင့်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၂-၇-၂၀၁၆ရက် နံနက် ၈း၄၂ နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၆ ရက် နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းဝင်း(၆၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ရေကျော်ရပ်၊ အမှတ်(၁၄) ဒေါနလမ်းနေ (ဦးညွန့်-ဒေါ်ထွေးစိန်)တို့၏သား၊ (ဦးအောင်ခင်-ဒေါ်စောကြည်)တို့၏သားသမက်၊ ဒေါ်အေးမြင့်၊ ဒေါ်မြင့်စိန်၊ ဦးထွန်းမြင့်တို့၏ညီ/မောင်၊ ဦးစိုးဝင်း-ဒေါ်ဝင်းတို့၏အစ်ကို၊ ဒေါ်လှအေး-ဦးဟန်သောင်း၊ ဒေါ်သိန်းဝင်း-ဦးအုန်းမြင့်၊ ဦးခင်မောင်ဦး-ဒေါ်အေးမြင့်၊ ဦးတင်မောင်ဝင်း-ဒေါ်တင်တင်တို့၏အစ်ကို၊ ဒေါ်ခင်သန်း၏ခင်ပွန်း၊ ဦးအောင်နိုင်-ဒေါ်ကေသွယ်နိုင်၊ ဦးကြည်ထွန်း-ဒေါ်ကြည်ကြည်ခိုင်၊ ဒေါ်ခင်မိုးမိုးဝင်း၊ ဦးကျော်မြင့်အောင်တို့၏ဖခင်၊ ဒေါ်လဲ့လဲ့ဝင်း၏ဦးလေး၊ မြေးလေးယောက်တို့၏အဘိုး ဦးသန်းဝင်းသည် ၁၂-၇-၂၀၁၆ရက် နံနက်၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၆ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၈-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှိုင်နေအောင် (၁၈)နှစ်
**CDC-66000**
**IMT CD 24/96 Intake**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ Junction Mawtin Tower (A) ရှစ်လွှာ၊ အခန်း(၁၀၂)နေ (ဦးတင်ရွှေ)-ဒေါ်အေးအေးမြင့်တို့၏သားကြီး၊ ဒေါ်လဲ့လဲ့မြင့်၊ ဒေါ်ကြူကြူမွှေးတို့၏မောင်၊ ဦးမင်းလှိုင်ဟိဏ်း(အနုပညာဦးစီးဌာန)၊ ဒေါ်သင်းသင်းအေး(အနုပညာဦးစီးဌာန)၊ ဒေါ်ငြိမ်းစုလှိုင် (စာတည်း၊ စာပေဗိမာန်ရုံး)တို့၏အစ်ကိုကြီး၊ ဒေါ်တင်ဇာဦး(ပြည်တွင်းရေကြောင်းဦးစီးဌာန၊ စီမံဌာနခွဲ၊ မန်နေဂျာ)၏ခင်ပွန်း၊ မဝင်းလဲ့ရွှေရည်ဦး၊ မကြယ်စင်လင်းလက်တို့၏ဖခင်၊ တူမနှစ်ယောက်တို့၏ဘကြီးသည် ၁၂-၇-၂၀၁၆(အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၆(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရားရဟန်းကျောင်း၊ ဒါယကာကြီး**
## ဦးသန်းငွေ (၇၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ရွာသစ်ကျေးရွာနေ (ဦးမောင်လွင်-ဒေါ်မြချစ်)တို့၏ ဒုတိယသား၊ (ဦးကြာ-ဒေါ်စိန်ရင်)တို့၏ သားသမက်၊ (ဦးကျော်သန်း)-ဒေါ်စိန်ရွှေတို့၏ ညီ/မောင်၊ ဦးလှရွှေ-ဒေါ်လှရီ၊ ဦးစိုးမြင့်-ဒေါ်တင်နွဲ့၊ ဦးမြင့်ထွန်း-ဒေါ်နွဲ့ရီ၊ ဦးအောင်မြင့်-ဒေါ်ကြည်ဝင်း၊ (ဦးမောင်မောင်စိုး)-ဒေါ်သန်းသန်းဦး၊ ဦးဝင်းမြင့်၊ ဒေါ်ဝါဝါဝင်း၊ ဦးဖြူထွန်း-ဒေါ်တင်တင်မော်တို့၏အစ်ကို၊ (ဦးထွန်းဆိုင်-ဒေါ်ခင်ငြိမ်း)၊ (ဦးဘမြိုင်)-ဒေါ်ခင်ကြည်၊ (ဦးမောင်စိမ်း-ဒေါ်တင်ကြည်)၊ ဒေါ်သောင်းရီ၊ (ဦးလှစိန်)-ဒေါ်အုန်းမြတို့၏ ညီ/မောင်၊ ကိုမြတ်မင်း-မအေးအေးမူ၊ ကိုကျော်မင်း(ခ) ကိုဝလေး-မစုစုသော်၊ မသင်းသင်းညို၊ မနှင်းယုဝါတို့၏ ချစ်လှစွာသော ကျွေးသဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်ဝင်း၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းငွေသည် ၁၁-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၆ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက်တွင် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ မြတောင်ညိုဈေးလမ်း၊ အမှတ်(၃၇) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်ရှင်ထွန်း(ပုလောမြို့)
**အသက်(၉၅)နှစ်**
**အသင်းဝင်အမှတ်(၅၆၉၇)**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၂)ရပ်ကွက်၊ ငုရွှေဝါ(၁)လမ်းနေ (ဦးဖေတင်)၏ဇနီး၊ ဦးကြီးမြင့်(နာယက၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)-ဒေါ်ဥမ္မာခင်တို့၏မိခင်သည် ၁၁-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**
## ဒေါ်ခင်ခင်သိန်း (ထားဝယ်)
**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်(၁၅)နေ (ဦးငွေဘော်-ဒေါ်တင်တင်)တို့၏သမီး၊ [ဦးစံမြင့် (လက်ထောက်ညွှန်မှူးအား/ကာ)]၏ဇနီး၊ ဒေါ်ရင်ရင်မြင့်၊ ဒေါ်အေးအေးမြင့်၊ (ဒေါ်ချိုချိုမြင့်)၊ (ဦးသက်တင်)၊ ဦးစိုးနိုင်၊ (ဦးစိုးခိုင်)တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၂-၇-၂၀၁၆ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးတင်လှိုင်(မြိတ်) (၉၂)နှစ်

မြိတ်မြို့၊ ကောလိပ်ကုက္ကိုစာသင်တိုက်၊ ဒုတိယနာယကဆရာတော် ဘဒ္ဒန္တစန္ဒဝံသ၏ ရဟန်းဒါယကာကြီး၊ မြိတ်မြို့၊ နောက်လယ် (၄)လမ်း၊ အမှတ်(၁၇၂)နေ (ဒေါ်လှကြွယ်)၏ ခင်ပွန်း၊ မမြင့်သန်း၊ ကိုစီမြင့်၊ ကိုအီမြင့်၊ မအေးမော်၊ ကိုဝူမော်၊ ကိုမြတ်စိန်၊ ကိုမြတ်မိုး၊ ကိုငွေရ၊ ကိုလင်းအေးတို့၏ ဖခင်ကြီး ဦးတင်လှိုင်သည် ၁၁-၇-၂၀၁၆ (တနင်္လာနေ့) ည ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး အသီးသီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်အေးမိ (ဟင်္သာတ) (၉၁)နှစ်

ရန်ကုန်မြို့နေ ဦးမြစိန်-ဒေါ်တင်မေ၊ ဦးမောင်ငွေ-ဒေါ်စိန်စိန်၊ ဦးသန်းဦး-ဒေါ်မိုးအေး၊ ဦးတင်ရှိန်-ဒေါ်ခင်ရီ၊ ဒေါ်ငွေလှိုင်တို့၏မိခင် ဒေါ်အေးမိသည် ၁၂-၇-၂၀၁၆(အင်္ဂါနေ့) နံနက် ၉း၂၅နာရီတွင် အောင်ရတနာ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအေးထွန်း(တောင်ကုတ်မြို့) (၈၂)နှစ်
**(ဦးစီး-ငြိမ်း၊ ဆည်မြောင်း)**

တောင်ကုတ်မြို့၊ ဘူတာရပ်ကွက်၊ ဦးဥတ္တမလမ်းနေ (ဦးဖိုးထောင်-ဒေါ်အုန်မေ)တို့၏ သားထွေး၊ (ဦးဘခင်-ဒေါ်သိန်းချစ်ကယ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်ချမ်းသာ(၃)လမ်း၊ အမှတ်(၄)နေ (ဒေါ်ထွေးသိန်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်သိန်း-ဒေါ်တင်ညွန့်)၊ (ဦးထွန်းရင်)-ဒေါ်သန်းရင်၊ (ဦးစံတင်-ဒေါ်သိန်းရွှေ)တို့၏ ညီ/မောင်၊ ဦးအောင်နိုင်-ဒေါ်သန်းသန်းငွေ(ရှမ်းဒေါင်းဆေးပေါ့လိပ်)၊ ဦးကျော်နိုင်-ဒေါ်မျိုးယုခိုင်၊ ဦးမင်းနိုင်-ဒေါ်အေးယုနွယ်၊ ဦးရန်နိုင်-ဒေါ်ခင်လေးယု၊ ဦးဇော်မင်းဝင်း-ဒေါ်စုစုနိုင်(ရန်ကုန်မြို့တော်ဘဏ်)၊ မထွေးထွေးနိုင်တို့၏မွေးသဖခင်၊ ဦးမောင်မောင်လွင် (A.Eချောင်းဆုံတံတား၊ မော်လမြိုင်)-ဒေါ်ဇင်မျိုးသန့်တို့၏ဦးလေး၊ မြေးကိုးယောက်တို့၏ဘိုးဘိုးကြီး ဦးအေးထွန်းသည် ၁၁-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## Captain ဝင်းမြင့်ထွန်း (၇၆)နှစ်
**Master Mariner F.G (UK)**
**M.Sc(World Maritime University, Sweden)**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း(ငြိမ်း)**
**လူမှုထူးချွန်ဒုတိယဆင့်**
**မြို့မကျောင်းသားဟောင်း**
**CDC 2334**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာလမ်း၊ ဘောက်ထော်၊ အမှတ်(၁၆)နေ (ဦးဉာဏ်ထွန်း-ဒေါ်လှကြွယ်)တို့၏သား၊ (ဦးခင်မောင်သက်- ဒေါ်မြသောင်း)တို့၏သားသမက်၊ ဒေါ်သင်းသင်းဆွေ၏ခင်ပွန်း၊ Dr.ချောစုဝင်း (လ/ထ ကထိက၊ သမိုင်းဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ကိုဖြိုးမင်းဟန် (ခေတ္တ-UK)တို့၏ဖခင်၊ Capt: သန်းလွင်ထွန်း-ဒေါ်ချိုချိုမာ၊ ဦးကြီးမြင့်ထွန်း-ဒေါ်မာလာအောင်တို့၏ညီ/အစ်ကို၊ (ဦးအောင်မျိုး ခင်)-ဒေါ်ပြုံးပြုံးဦး၊ ဦးမောင်မောင်ထွန်း(Sydney)-ဒေါ်ငွေငွေဝင်း(USA)၊ Dr.မိုးလွင်-ဒေါ်တင့်တင့်ဝေတို့၏အစ်ကို ဦးဝင်းမြင့်ထွန်းသည် ၁၁-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးပေါ်ထွန်း (၇၅)နှစ်
**ပ-ဘူမိဗေဒအရာရှိ (ငြိမ်း)**
**မြန်မာ့ရေနံထုတ်လုပ်ရေးကော်ပိုရေးရှင်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀) ရပ်ကွက်၊ (၁၂၃-ဘီ)၊ သံလွင်လမ်းနေ (ဒေါ်ရင်မေသန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုကျော်-ဒေါ်နီလာအိသွယ်၊ ဦးကျော်ဝင်းထွန်း-ဒေါ်နွယ်နီပွင့်ခိုင်တို့၏ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ မသရဖီဝတ်ရည်၊ မောင်ဆန်းမွန်၊ မောင်ထွဋ်ခေါင်၊ မောင်ပြည့်စုံထွန်းတို့၏အဘိုးသည် ၉-၇-၂၀၁၆ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Bangkok Hospital ၌ ကွယ်လွန်သွားပါသဖြင့် ဘန်ကောက်မြို့၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၆ (သောကြာနေ့) နံနက် ၉ နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်ငြိမ်းချမ်းအောင်
**အသက်(၂၇)နှစ်**
**(ဒုတိယနှစ် E.P သန်လျင်၊ G.T.C ကျောင်းသားဟောင်း)**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ အမှတ်(၃၃၃)၊ ပြည်သာယာလမ်းနေ ဦးလွန်းအောင် (ကားအဲယားကွန်း)-ဒေါ်အေးအေးကြည်တို့၏ သား၊ ပြည့်ဖြိုးအောင်၊ ပြည့်စုံအောင်တို့၏ညီ၊ လှိုင်သာယာနေ (ဦးစောဖေ)-ဒေါ်မူမူကြွယ်တို့၏တူ၊ သံတွဲမြို့၊ (၄)ရပ်ကွက်၊ ရွှေဆံတော်ဘုရားလမ်း၊ င/ကျော်တောင်နေ ဒေါ်စောကြည်၊ ဦးစောသင်းတို့၏ချစ်လှစွာသောတူ မောင်ငြိမ်းချမ်းအောင်သည် ၁၂-၇-၂၀၁၆ရက် နံနက် ၃း၃၀နာရီတွင် အောင်ဆန်းပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းအမကြီး**
## ဒေါ်ရင်ရင်(သုံးခွမြို့) (၇၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် (၁၈၅/၁၈၇)၊ မဟာဗန္ဓုလလမ်းနေ (ဦးမောင်သန်း-ဒေါ်တင်)တို့၏ သမီးကြီး၊ ဦးဘုန်းမြင့်-ဒေါ်ခင်ကြည်၊ ဦးမောင်လှ-ဒေါ်ဝင်းကြည်၊ (ဦးအောင်ဆင်)-ဒေါ်ခင်အေးအေး၊ ဒေါ်ခင်ခင် (အမက-၁၉၊ သာကေတ)တို့၏အစ်မ၊ ဦးသင်းမြတ် (B.S.M ကုမ္ပဏီ)-ဒေါ်နွဲ့နန္ဒာအောင်တို့၏ ကြီးတော်မိခင်၊ မမြတ်အိန္ဒြေမှူး၊ မြတ်သဒ္ဒါမှူး (အထက-၁၊ ဒဂုံ)တို့၏ အဘွား၊ တူ/တူမ ကိုးယောက်တို့၏ ကြီးကြီး၊ မြေး ၁၆ယောက်တို့၏ အဘွား ဒေါ်ရင်ရင်သည် ၁၂-၇-၂၀၁၆ရက် နံနက် ဝ၀း၁၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၆ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၆ (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကပ်မည်ဖြစ်ပါ၍ တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



## တိုက်ကြီး-အင်းစိန်-တိုက်ကြီး RBE ရထားတွဲဆိုင်းသစ်အား လာမည့် ဇူလိုင် ၂၁ ရက်မှ စတင်ပြေးဆွဲမည်

**တိုက်ကြီး ဇူလိုင် ၁၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရပ်နီးရပ်ဝေးနေထိုင်ကြသော ရထားစီးခရီးသည်များ အဆင်ပြေကြစေရေးအတွက် တိုက်ကြီး-အင်းစိန်-တိုက်ကြီး RBE ရထားတွဲဆိုင်းသစ်အား လာမည့် ဇူလိုင် ၂၁ ရက်မှစတင်ကာ ပြေးဆွဲတော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ယနေ့ထုတ်ပြန်ချက်အရသိရသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

## သဘာဝဘေးဒဏ်များ ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုတင်ပြင်ဆင်ကာကွယ်ရေး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မှာကြား

သတင်း၊ စာမျက်နှာ - ၃

# အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ အုပ်စုတတိယနေ့ပွဲများကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ လက်ရှိချန်ပီယံအသင်းများဖြစ်သည့် ထိုင်းဆိပ်ကမ်း အမျိုးသားအသင်းနှင့် ထိုင်ဆွန်နမ် အမျိုးသမီးအသင်းတို့ နှစ်ပွဲဆက်အနိုင်ရရှိခဲ့သည်။


အုပ်စုတတိယနေ့ အမျိုးသမီးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ထိုင်ဆွန်နမ် (ဗီယက်နမ်)က WF.C (မြန်မာ)ကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်

**စာမျက်နှာ ၉ ကော်လံ ၆ သို့**




အမျိုးသမီးပြိုင်ပွဲတွင် W F.C (မြန်မာ)နှင့် ထိုင်ဆွန်နမ်(ဗီယက်နမ်)တို့ ယှဉ်ပြိုင်နေစဉ်။

# မြန်မာ ယူ-၁၆ အသင်း စင်ကာပူကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲစတင်ရရှိ



မြန်မာ ယူ-၁၆ ကစားသမားများ ဂိုးသွင်းအပြီးအောင်ပွဲခံနေစဉ်။ ဓာတ်ပုံ-post-sport

**နေပြည်တော် ဇူလိုင် ၁၂**

အာဆီယံ ယူ-၁၆ ဘောလုံးပြိုင်ပွဲ အုပ်စု(က) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အိုလံပစ်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၆ အသင်း နိုင်ပွဲစတင်ရရှိခဲ့သည်။

**မြန်မာ ယူ-၁၆ လေးဂိုး**
**စင်ကာပူ ယူ-၁၆ တစ်ဂိုး**

အုပ်စုအဖွင့်ပွဲတွင် နာမည်ကြီးဩစတြေးလျအသင်းကို သရေကစားထားသည့် မြန်မာ ယူ-၁၆ အသင်းသည် ယခုပွဲတွင် ခြေစွမ်းပြပြီး စင်ကာပူကို ဂိုးပြတ်သွင်းကာ နိုင်ပွဲစတင်ရရှိခဲ့သည်။ မြန်မာယူ-၁၆ အသင်း

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

## ချင်းတွင်းမြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ပြီး မော်လိုက်မြို့တွင် လေးပေခန့်၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင်နှစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေများသည် နောက်နှစ်ရက်အတွင်း မော်လိုက်မြို့တွင် တစ်ပေခန့်၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် ပေဝက်ခန့်စီ ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။ အလားတူ ချင်းတွင်းမြစ်ရေသည် ကနီမြို့တွင် ၃ ပေခန့်၊ မုံရွာမြို့တွင် ပေဝက်ခန့်ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ ကျော်လွန်နိုင်သည်။ နောက်တစ်ရက်အတွင်း ကနီမြို့တွင် ပေဝက်ခန့်နှင့် နောက်နှစ်ရက်အတွင်း မုံရွာမြို့တွင် ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။ **(ကြေးမုံ)**

